# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ခိုင်မာမြဲမြံစွာရပ်တည်နိုင်**

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့ လည်းကောင်း ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၅)**


၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက် | ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၂၇ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ် (၃၂၉)


## နေပြည်တော်တပ်ကုန်းရှိ စာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်များက ဆွမ်းဆန်တော်နှင့် အလှူငွေများ လှူဒါန်း


စာမျက်နှာ-၃


## ကျော့သောင်းတွင် ကြယ်ငါးပွင့်ဟိုတယ် တည်ဆောက်မည့်ကိစ္စ အသိပေးရှင်းလင်း


စာမျက်နှာ-၄




## ကွန်ဒိုတိုက်ခန်းများ နိုင်ငံခြားသားများ ဝယ်ယူရင်းနှီးမြှုပ်နှံနိုင်တော့မည်


စာမျက်နှာ-၅




## ဒဏ်ရာဗရပွနှင့် ကမ္ဘာမြေကို လူငယ်တွေ ကယ်တင်ကြပါစို့


စာမျက်နှာ-၆


## မိုက်ပွန်ပီအို၏ မြောက်ကိုရီးယားခရီးစဉ် ရွှေ့ဆိုင်းခြင်းအပေါ် ခိုင်လုံသော အကြောင်းပြချက်ပေးသင့်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ပြောကြား


စာမျက်နှာ-၁၄


# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။**

ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

**နေပြည်တော် ဩဂုတ် ၂၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပသည့် နိုင်ငံတကာ စစ်ဘက်နည်းပညာ ဖိုရမ် (Army Forum-2018) နှင့် နိုင်ငံတကာအမျိုးသားလုံခြုံရေးဖိုရမ် (Week of National Security) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၅ ရက် ညနေပိုင်းတွင် မော်စကိုမြို့ရှိ omodedovo လေဆိပ်မှ ပြန်လည်ထွက်ခွာရာ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကိုကိုရှိန်၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ညွန့်ဆွေနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး ဒုတိယအကြီးအကဲ Dr. Sergey LIZOGUB၊ ဒုတိယစစ်သံမှူး Lieutenant Colonel Alexey N. Yumatov နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

# ရတနာပုံတံတားအောက် အများပြည်သူ အပန်းဖြေ နားနေနိုင်ရန် ဆောင်ရွက်မည်

**စစ်ကိုင်း ဩဂုတ် ၂၆**

ရတနာပုံတံတား (စစ်ကိုင်းဘက်ခြမ်း) အောက်တွင် အများပြည်သူ အပန်းဖြေနားနေနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ရတနာပုံတံတား (စစ်ကိုင်းဘက်ခြမ်း) အောက်တွင် အများပြည်သူ အပန်းဖြေနားနေနိုင်ရန် အတွက် ဩဂုတ် ၂၀ ရက်က သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြည့်ရှုမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

“တံတားကြီးအောက်မှာ နေရာက ကျယ်နေတယ်။ နေရာက အချက်အချာကျတယ်။ ကောင်းလည်း ကောင်းတယ်။ ကမ်းနားလမ်းနှင့်လည်း တစ်ဆက်တည်းဖြစ်တယ်။ အဲဒီနေရာတွေကို အများပြည်သူအကျိုးအတွက်၊


*စာမျက်နှာ ၄ ကော်လံ ၁* ❒





မြန်မာ့အလင်း

# ဆွေးနွေးညှိနှိုင်းရေးမှသည် ငြိမ်းချမ်းရေးဆီသို့ . . .

မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်မှာ လွတ်လပ်ရေးမရမီကတည်းက စခဲ့ခြင်းဖြစ်သည့်အတွက် ကမ္ဘာ့သက်တမ်းအကြာဆုံး ပြည်တွင်းစစ် စာရင်းဝင်ခဲ့ပြီ။

စစ်ဖြစ်နေသည့်ဒေသများ၌ မရှိသည့် ပြည်သူလူထုတို့သည်ပင် ပြည်တွင်းစစ်၏ ဒဏ်ကိုခံနေရသည်ဆိုလျှင် စစ်ပွဲများကြားတွင် နေလာရတာကြာပြီဖြစ်သော ပြည်သူတို့အဖို့မူ စစ်ဘေးစစ်ဒဏ်ကို မည်မျှလောက် ခံစားနေရမည်ဆိုသည်မှာ ဆိုဖွယ်ရာမရှိပြီ။

စစ်ပွဲများမှာ တရားသည့်စစ်ရှိနိုင်သလို မတရားသည့်စစ်လည်း ရှိမည်။ သို့သော်လည်း ကောင်းသည့်စစ်ဟူ၍တော့ ရှိမည်မဟုတ်ပါ။

သည်လိုစစ်ပွဲများ၊ ပဋိပက္ခများနှင့် ယှဉ်တွဲလာသည့် နိုင်ငံရေး၊ စီးပွားရေး အကျပ်အတည်းများကြား မြန်မာပြည်သူတို့မှာ စစ်ကို မုန်းတီးကြလှပြီ။ အမှန်တကယ်ပင် ငြိမ်းချမ်းလိုလှပြီ။

နိုင်ငံတိုးတက်ဖွံ့ဖြိုးရန်အတွက် ငြိမ်းချမ်းရေးက အလွန်အရေးကြီးသော ပင်မအုတ်မြစ်ကြီးတစ်ခု ဖြစ်သည်မဟုတ်ပါလား။ ပြည်တွင်းစစ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးအတွက်ရည်ရွယ်ကာ ကျင်းပနေသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံက အဆိုပါ ပြည်သူလူထု၏ လိုလားချက်၊ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်နေခြင်းပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံ ပြည်တွင်းစစ်၏ ပင်မအကြောင်းရင်းဖြစ်သည့် နိုင်ငံရေးပြဿနာများကို စစ်ရေးနည်းသက်သက်ဖြင့် ဖြေရှင်းခဲ့ကြခြင်းကို ကျော်လွှားနိုင်ကြရန်အလို့ငှာ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများကို နိုင်ငံရေးအင်အားစုများ၊ လက်နက်ကိုင်ဆောင်ထားသူများ၊ တိုင်းရင်းသားအင်အားစုများ အားလုံးပါဝင်အောင် ကြိုးစားခြင်းက အခြေခံဗျူဟာပင်ဖြစ်သည်ဟု မြင်ပါသည်။

ကွဲလွဲမှုများ သဘောထားချင်း မတိုက်ဆိုင်မှုများကြားက သဘောတူညီမှုများရရှိ လက်မှတ်ရေးထိုးနိုင်ခြင်းက ငြိမ်းချမ်းရေးအတွက် အရေးကြီးလှသော လှေကားထစ်များ ဖြစ်ပါမည်။

သည်လို သဘောတူညီမှုများ ရရှိနိုင်ခြင်းမှာ ဂုဏ်ယူစရာ၊ ဝမ်းမြောက်စရာ ဖြစ်သကဲ့သို့ နိုင်ငံရေးအင်အားစုများအကြားရှိ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှုတို့အပေါ်မှာ အခြေခံခြင်း ဖြစ်ပါသည်။

ပြီးခဲ့သော ဆွေးနွေးမှုများတွင် တိုင်းရင်းသားတို့ လိုလားသော အချက်များ စိုးရိမ်နေသည့် အချို့သောအချက်များမှာ လက်ရှိအခြေခံဥပဒေတွင် ပါဝင်နေသော်လည်း ပိုမိုသေချာခိုင်မာသည့် အသုံးအနှုန်းများ၊ စကားလုံးများကို ထည့်သွင်းနိုင်ခဲ့ခြင်းနှင့် အချို့သောအချက်များ အခြေခံဥပဒေတွင် မပါရှိသေးသော်လည်း ပြည်ထောင်စုသဘောတူညီချက်တစ်ရပ်အနေဖြင့် သဘောတူညီမှု ရခဲ့ခြင်းတို့က အရေးပါသည့် အောင်မြင်မှုဟု ထင်မြင်ပါသည်။

ကွဲလွဲမှုများ များစွာကျန်နေသေးသည်ဖြစ်စေ၊ သဘောတူညီမှုရရှိချက်များက နည်းပါးသေးသည်ဟု ယူဆလျှင်ပင်ဖြစ်စေ အပြန်အလှန်နားလည်မှုများဖြင့် ဆွေးနွေးခဲ့နိုင်ခြင်းက ကြီးမားသော အောင်မြင်မှုဖြစ်ပါသည်။ သဘောတူညီလက်မှတ်ရေးထိုးရာမှာ မပါဝင်နိုင်ကြသေးသူများ ပါဝင်လာနိုင်ရေးကို ဆက်လက်ကြိုးပမ်းကြရန်လည်း လိုအပ်မည်ဟု မြင်ပါသည်။ ယင်းအတွက် ကြိုးပမ်းနေကြသည်ဟုလည်း ယုံကြည်ပါသည်။

သဘောမတူညီမှုများ၊ ကွဲလွဲမှုများကို ဆွေးနွေးညှိနှိုင်းခြင်းဖြင့် အဖြေရှာရမည်က ခမ်းနားလေးမြတ်သော ရည်ရွယ်ချက်ဖြစ်ပါသည်။ ညီအစ်ကို မောင်နှမများကြားက ပဋိပက္ခများကို လက်နက်ကိုင်ပြီး ဖြေရှင်းနေသရွေ့ ပြေလည်မည်မဟုတ်ပါ။ ။

# မော်လူး၌ ကျေးရွာချင်းဆက်တံတားဖွင့်

မော်လူး ဩဂုတ် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူး၌ ဩဂုတ် ၂၄ ရက်က မော်လူးမြို့နှင့် စီးမော်ကျေးရွာအုပ်စုတို့ကို ဆက်သွယ်ဆောက်လုပ်ထားသည့် ကျေးရွာ ချင်းဆက် အောင်သုခချောင်းကူးတံတားဖွင့်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါတံတား၏အရှည်မှာ ၁၃၄ ပေ၊ အကျယ် ရှစ်ပေရှိသော သစ်သားတံတားဖြစ်ပြီး ငွေကျပ် သိန်း ၃၀ ခန့် ကုန်ကျကြောင်း သိရသည်။

အဆိုပါ တံတားဖွင့်ပွဲကို မော်လူးဘုရားကြီးကျောင်းတိုက်ဆရာတော် ဦးဝါယာမ၊ မော်လူးမြို့အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်၊ စီးမော်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသန်းဦး၊ မော်လူးနယ်မြေစခန်းမှူး ရဲအုပ် မင်းနိုင်၊ လူမှုကူညီရေးအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

နီတိုး(မိုးညှင်း)

# အမေရိကန်ရွေးကောက်ပွဲတွင် ရုရှားနိုင်ငံက ကြားဝင်နှောင့်ယှက်ခဲ့သည်ဟူသော စွပ်စွဲချက်အပေါ် ရုရှားသံရုံးက ပြန်လည်ဖြေရှင်း

နေပြည်တော် ဩဂုတ် ၂၆

**ဩဂုတ် ၂၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅ ပါ လာမယ့်အမေရိကန်ရွေးကောက်ပွဲမှာ ရုရှား ကြားဝင်နှောင့်ယှက်ဦးမှာလား ခေါင်းစဉ်ဖြင့် အေအက်ဖ်ပီ၏ သတင်းဖော်ပြချက်ကို ကိုးကားဖော်ပြထားသည့် ဆောင်းပါးနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးက မြန်မာ့အလင်းသတင်းစာတိုက်သို့ ဩဂုတ် ၂၄ ရက်တွင် ပြန်လည်ဖြေရှင်းသည့်စာတစ်စောင်ကို ရေးသားပေးပို့ခဲ့သည်။**

အဆိုပါ ဖြေရှင်းသည့်စာ၌ ၂၀၁၈ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် ထုတ်ဝေသည့် လာမယ့် အမေရိကန်ရွေးကောက်ပွဲမှာ ရုရှားကြားဝင်နှောင့်ယှက်ဦးမှာလား ဆိုသည့် ခေါင်းစဉ်ဖြင့် မြန်မာ့အလင်းသတင်းစာ အတွဲ (၅၇)၊ အမှတ် (၃၂၅) ၏ နိုင်ငံတကာရေးရာ စာမျက်နှာ ၁၅ တွင် အေအက်ဖ်ပီ၏ သတင်းဖော်ပြချက်ကို ကိုးကား၍ ဖော်ပြထားသည့်ဆောင်းပါးကို သတိပြုမိပါကြောင်း၊ ထိုဆောင်းပါးတွင် မိုက်ခရိုဆော့ဖ် ကုမ္ပဏီ၏ လိမ်လည်လှည့်ဖြားချက်တစ်ခုဖြစ်သည့် လာမည့် အမေရိကန် ကြားဖြတ်ရွေးကောက်ပွဲတွင် ရုရှားဟက်ကာများသည် ဝင်ရောက်နှောင့်ယှက်ရန် ကြိုးပမ်းလိမ့်မည်ဟု ထင်မြင်မိကြောင်း ပြောကြားချက်ကို ရေးသားဖော်ပြထားကြောင်း၊ အထောက်အထားတစ်စုံတစ်ခုကိုမျှ သက်သေပြနိုင်ခြင်းမရှိသည့် ထုတ်ဖော်ရေးသားချက်များအပေါ် စိတ်ရှိသည့်အတိုင်း အပြည့်အဝ ပြန်လည်ဖြေရှင်းရန်မှာလည်း မဖြစ်နိုင်ကြောင်း ပြန်လည်၍ ထုတ်ဖော်ပြောဆိုရန် လိုအပ်သည်မှာ သေချာပါကြောင်း။

ရုရှားနိုင်ငံသမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပျယ်စကော့ ပြောကြားခဲ့ပြီးသည့်အတိုင်းဆိုရလျှင် မိုက်ခရိုဆော့ဖ် ကုမ္ပဏီက မည်သည့်အကြောင်းအရာကို ပြောဆိုနေသည်၊ မည်သို့သော ဝင်ရောက်နှောင့်ယှက်ရန် ကြိုးပမ်းမှုမျိုးကို ဆိုလိုခြင်းဖြစ်သည်၊ ရုရှားဟက်ကာများဆိုသည်မှာ မည်သို့သောအရာဖြစ်သည်ကိုပင် ကျွန်ုပ်တို့ မသိကြသည့်အပြင် ကရင်မလင်နှင့် ချိတ်ဆက်ထားသည့် ရုရှားဟက်ကာများဟု ဆိုသော အကြောင်းအရာကို ပို၍ပင် မသိကြပါကြောင်း။

လက်တွေ့ကျသည့် ကိစ္စများကိုသာ အာရုံပြုရန် ကျွန်ုပ်တို့သည် ယခင်ကတည်းက အကြံပေးပြောကြားခဲ့သည်ကို အမှတ်ရစေချင်ပါကြောင်း၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ရုရှားနှင့် အမေရိကန် ပူးပေါင်းအလုပ်သမားအဖွဲ့၏ တွေ့ဆုံဆွေးနွေးမှုကို စီစဉ်ဆောင်ရွက်ရန် အကြံပေးပြောကြားခဲ့ကြောင်း၊ ရုရှားနိုင်ငံနှင့် အမေရိကန်နိုင်ငံမှ ပညာရှင်များပူးပေါင်းပါဝင်သည့် ထိုတွေ့ဆုံဆွေးနွေးပွဲမှတစ်ဆင့် ဆိုက်ဘာလုံခြုံရေးနှင့်ပတ်သက်သည့် အလားတူ ပြဿနာများကို ဆွေးနွေးအဖြေရှာနိုင်ကြောင်း ပြောကြားခဲ့ပြီးလည်း ဖြစ်ကြောင်း၊ သို့ရာတွင် အမေရိကန်တို့သည် ၎င်းတို့၏ လက်ဝယ်တွင် ရှိနေသည်ဟုထင်ရသည့် အီလက်ထရွန်နစ်စနစ်မှတစ်ဆင့် ရုရှားတို့၏ ဝင်ရောက်နှောင့်ယှက်ခြင်းနှင့်ပတ်သက်သည့် မည်သည့် အထောက်အထားကိုမျှ အမေရိကန် လုပ်ဖော်ဆောင်ဖက်များက ဖော်ပြလိုခြင်းမရှိကြောင်း တွေ့ရှိရပြီး ၎င်းတို့ဂုဏ်ငယ်မှု မရှိစေရေးအတွက် ထိုသို့ပြုမူကြောင်း ယူဆမိပါကြောင်း၊ ထိုအထောက်အထားများသည် အမှန်တကယ်မရှိခြင်းသာဖြစ်ပြီး ရှိသည်ဆိုသည်မှာလည်း မဖြစ်နိုင်ပါကြောင်း၊ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့သည် ထိုကဲ့သို့သော ကိစ္စရပ်များနှင့်ပတ်သက်၍ အမေရိကန်ဘက်နှင့် တွေ့ဆုံဆွေးနွေးရန်၊ ပညာရှင်များအကြား အပြန်အလှန် ဆွေးနွေးရန် အသင့်ရှိကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

မြန်မာ့အလင်း

# ခေတ်ပြိုင် အရှေ့တောင်အာရှစာပေဆွေးနွေးပွဲတွင် စာပေချစ်သူများဖြင့် စည်ကား

ရန်ကုန် ဩဂုတ် ၂၆



စာပေဆွေးနွေးပွဲသို့လာသော စာပေချစ်သူများအား စာရေးဆရာကြီးများက အမှတ်တရ လက်မှတ်ရေးထိုးပေးစဉ်။

စာပေကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူငယ်မျိုးဆက်သစ်များ ကမ္ဘာ့စာပေပြတင်းပေါက်တွင် ဝင်ရောက်နိုင်ရန် နိုင်ငံတော်စာပေပွဲတော်တို့ကို ကျင်းပလျက်ရှိသည့်နည်းတူ စာရေးဆရာများနှင့် စာအုပ်ထုတ်ဝေသူတို့ကလည်း နိုင်ငံတွင်းသာမက အရှေ့တောင်အာရှမှ စာပေများကိုလည်း လေ့လာမှတ်ရှုသတိပြုနိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၆ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သံဈေးငါးလွှာရှိ Yangon Book Plaza တွင် ပူလစ်ဇာဆုရစာအုပ်အပါအဝင် ဘာသာပြန်စာအုပ် သုံးအုပ်ကို စာပေဆွေးနွေးပွဲ ကျင်းပရာ စာပေချစ်မြတ်နိုးသော ပရိသတ်တို့ဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

ဘာသာပြန်စာအုပ် သုံးအုပ်မှာ ၂၀၁၆ ခုနှစ်တွင် အမေရိကန်နိုင်ငံမှ စာပေဆုအဖြစ် ပူလစ်ဇာဆု ပေးအပ်ခဲ့သော ဗီယက်နမ်နွယ်ဖွား စာရေးဆရာ Viet Thanh Nguyen ၏ The Sympathizer စာအုပ်ကို ဆရာ ရာပြည့်က "ခားရိုးကမ်း" ဟူသော ဘာသာပြန်စာအုပ်ဖြင့် လည်းကောင်း၊ ထိုင်းနိုင်ငံမှ စာရေးဆရာ Paul Adirex ၏ Until The Karma Ends (A Plot to Destroy Myanmar)စာအုပ်ကို စာရေးဆရာ ဉာဏ်သစ်က "ကံမကုန်သရွေ့" ဟူသော ဘာသာပြန်စာအုပ်ဖြင့် လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံမှ စာရေးဆရာ Eka Kunirwon ၏ Beauty Is a Wound စာအုပ်ကို ဆရာ မိုးသက်ဟန်က "အလှပဆုံးဒဏ်ရာ" ဟူသော ဘာသာပြန်စာအုပ်ကို လည်းကောင်း အသီးသီးရေးသားခဲ့ကြပြီး ဗီယက်နမ်နွယ်ဖွားရေးသားသောစာအုပ်မှာ အမေရိကန်-ဗီယက်နမ်စစ်ပွဲ၏ ဖြစ်ရပ်မှန်အကြောင်းနှင့် ထိုင်းနိုင်ငံမှ ရေးသားသော စာအုပ်မှာ မြန်မာနိုင်ငံအကြောင်း၊ အင်ဒိုနီးရှားနိုင်ငံမှရေးသားသော စာအုပ်မှာ စွဲလမ်းမှုရိုးရာနှင့် လက်တွေ့ဗေဒကွာခြားပုံကို လည်းကောင်း တက်ရောက်နားထောင်သူစာပေပရိသတ်ကို မိတ်ဆက်ပြောကြားဆွေးနွေးသည်။

အဆိုပါ ခေတ်ပြိုင်အရှေ့တောင်အာရှစာပေဆွေးနွေးပွဲတွင် ထုတ်ဝေသူတစ်ဦးဖြစ်သော ဦးမြေမှုန်လွင်က "လူငယ်တွေ စာဖတ်လာတာမြင်ရတော့ ဝမ်းသာတယ်။ အရှေ့တောင်အာရှရဲ့ ခေတ်ပြိုင်စာပေရေစီးကြောင်းကိုလည်း မျက်ခြည်မပြတ်စေချင်ဘူး။ အဲ့ဒီနိုင်ငံတွေနဲ့ ယှဉ်ပြိုင်ဖို့ဆိုရင် စာပေကဏ္ဍဘယ်လောက်ထိ ကြိုးစားရမယ်ဆိုတာ သိစေချင်တယ်၊ ဖတ်စေချင်တယ်။ အိမ်နီးချင်းနိုင်ငံတွေမှာ ဘယ်လိုစာပေနဲ့ ယဉ်ကျေးမှုတွေရှိနေတယ်ဆိုတာ သိထားမှသာ အားသာချက်ရမှာပါ" ဟု ပြောသည်။

သန်းထိုက်

ဓာတ်ပုံ -သန်းစိုး

# ပြည်ပမှတင်သွင်းသည့် စက်ဆီချောဆီများအား နမူနာရယူ၍ အရည်အသွေးဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းကိစ္စနှင့် စပ်လျဉ်းသည့် အသိပေးကြေညာချက်

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းသည် ပုဂ္ဂလိကလုပ်ငန်းရှင်/ ကုမ္ပဏီများ၏ ပြည်ပမှစက်ဆီချောဆီ တင်သွင်းခြင်းနှင့် ပတ်သက်၍ စိစစ်ခွင့်ပြုဆောင်ရွက်လျက်ရှိရာတွင် စက်ဆီချောဆီ New Brand ပထမအကြိမ်တင်သွင်းမှုကိုသာ နမူနာရယူ၍ အရည်အသွေး ဓာတ်ခွဲစမ်းသပ်စစ်ဆေးပြီး အရည်အသွေးမှန်ကန်ပါက ထုတ်ယူဖြန့်ဖြူးသုံးစွဲခွင့်ပြုခဲ့ပါသည်။

၂။ ယခုကဲ့သို့ ပြည်ပမှတင်သွင်းသည့် စက်ဆီချောဆီများနှင့် ပတ်သက်၍ တင်သွင်းသည့် စက်ဆီချောဆီတိုင်း အရည်အသွေး ကောင်းမွန်မှန်ကန်မှုရှိစေပြီး ပြည်တွင်းဈေးကွက်အတွင်း သုံးစွဲသူပြည်သူလူထု၏ ယုံကြည်မှုပိုမိုရရှိစေရေးအတွက် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁ ရက်နေ့မှစ၍ တင်သွင်းသည့်အကြိမ်တိုင်း နမူနာရယူပြီး အရည်အသွေး ဓာတ်ခွဲစမ်းသပ်စစ်ဆေးသွားမည်ဖြစ်ပါကြောင်းနှင့် အရည်အသွေးမှန်ကန်မှုရှိမှသာ ထုတ်ယူဖြန့်ဖြူး သုံးစွဲခွင့်ပြုမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း

# နေပြည်တော် တပ်ကုန်းရှိ စာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်များက ဆွမ်းဆန်တော်နှင့် အလှူငွေများ လှူဒါန်း

**နေပြည်တော် သြဂုတ် ၂၆**

နေပြည်တော်တပ်ကုန်းမြို့နယ်ရှိ ပရိယတ္တိစာသင်တိုက်များ၊ သာသနာ့နွယ်ဝင် သီလရှင် စာသင်တိုက်များသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် တပ်ကုန်းမြို့ရှိ ငွေတောင်တောရ ပရိယတ္တိစာသင်တိုက်၌ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် တပ်ကုန်းမြို့နယ် မဟာသီဟနာဒပရိယတ္တိ စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တအာစိဏ္ဏ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ နေပြည်တော်ကောင်စီဝင်များ၊ စေတနာရှင်အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းပွဲ အခမ်းအနားတွင် တက်ရောက်လာကြသူများက မဟာသီဟနာဒပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ၏ မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် အလှူရှင်များက ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား၊ ပဲ၊ ဆေးများအား မဟာသီဟနာဒပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆွမ်းပဒေသာပင် အလှူငွေများအား တပ်မတော် (ကြည်း၊ ရေ၊လေ) မိသားစုများနှင့် အလှူရှင်များက ပေးအပ်လှူဒါန်းရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

နေပြည်တော်တပ်ကုန်းမြို့နယ်ရှိ ပရိယတ္တိစာသင်တိုက်များ၊ သာသနာ့နွယ်ဝင် သီလရှင်စာသင်တိုက်များသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်း လျက်ရှိပြီး ယနေ့လှူဒါန်းမှုအစုစုမှာ အလှူငွေကျပ် ၁၀၉၆၄၀၀၀၊ ဆန် ၅၃၄ အိတ်၊ ဆီ ၁၁၆ ဒသမ ၂ ပိဿာ၊ ပဲ ၁၀၉၂ ပိဿာ၊ ဆား ၁၀၉၂ ပိဿာ၊ ငရုပ်သီးမှုန့် ၂၁၀၀ ထုပ်၊ ငါးပိထောင်းဘူး ၁၀၀၀၊ နနွင်းမှုန့် ၇၀၀ ထုပ်၊ မဆလာထုပ် ၇၀၀၊ လက်ဖက်ခြောက်ထုပ် ၃၀၊ ဆေးမျိုးစုံ ၆၃၂၀ ဘူးနှင့် လှူဖွယ်ခြင်း ၂၉ ခြင်းတို့ ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

**သတင်းစဉ်**



**တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား၊ ပဲ၊ ဆေးများအား မဟာသီဟနာဒပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။**

ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# ရေဘေးသင့်ဒေသများပြန်လည်ထူထောင်ရေးတွင် ပြည်သူများပူးပေါင်းပါဝင်လှူဒါန်း

**ရန်ကုန် သြဂုတ် ၂၆**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ လူမှုဝန်ထမ်းရုံးတွင် ကျင်းပသည့် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူငွေများပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ရေဘေးသင့်ဒဏ်ခံခဲ့ရသောဒေသများ အမြန်ဆုံး ပြန်လည်ထူထောင်နိုင်ရေးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအောက်တွင် ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့ကို ဖွဲ့စည်းထားပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရအနေဖြင့် သဘာဝဘေးကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လူမှုအဖွဲ့အစည်းများ၊ ပြည်သူများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူလူထုများ၊ လူမှုအဖွဲ့အစည်းများက ယခုလို ပူးပေါင်းဆောင်ရွက်မှုများ၊ လှူဒါန်းမှုများအတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်သူ့ထံမှ ပြည်သူ့ဆီသို့ အလေအလွင့်မရှိစေဘဲ ရေဘေးသင့်ဒဏ်ခံခဲ့ရသော ဒေသများသို့ ရောက်ရှိစေရန် အလေးပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။





ယခုအခမ်းအနားတွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က ကျပ်သိန်း ၅၀၀၊ AEON 1% Club Foundation က အမေရိကန် ဒေါ်လာ ၂၀၀၀၀၊ AEON Thana Sinsap (Thailand) Public Company Limited က အမေရိကန် ဒေါ်လာ ၁၀၀၀၀၊ AEON Orange Company Limited က အမေရိကန်ဒေါ်လာ ၂၀၀၀၊ AEON Microfinance Myanmar Company Limited က အမေရိကန်ဒေါ်လာ ၂၀၀၀၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးက အမှုဆောင်များ၊ ဘိုးဘွားများ၊ ဝန်ထမ်းများနှင့်အလှူရှင်များက ကျပ်သိန်း ၁၅၀ နှင့် ကွယ်လွန်သူဖခင်များဖြစ်ကြသော ဦးလှစောနှင့် ဦးစောသောဖိုးအား ရည်စူး၍ ဦးသန်းဋ္ဌေးမောင် - ဒေါ်အေးသွယ် မိသားစုက ငွေကျပ်သိန်း ၅၀ တို့အား ပေးအပ်လှူဒါန်းခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး **(ဝဲပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံးအတွင်း ဖွင့်လှစ်ထားသော မသန်စွမ်းသူများအတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသင်တန်း (ICT Training Center) ကျောင်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ စီမံကိန်းပထမနှစ်အတွင်း ဆောင်ရွက်ပြီးစီးမှု၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ (Public Private Partnership) အသွင်ဖြင့် ဖော်ဆောင်နိုင်ရေးနှင့် ဖောင်ဒေးရှင်းဖွဲ့စည်းရေးကိစ္စရပ်တို့အား ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဇူလိုင်လနှင့် သြဂုတ်လအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိမှုကြောင့် ပြောင်းရွှေ့ရမှုအခြေအနေနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ထောက်ပံ့မှုအခြေအနေ

**နေပြည်တော် သြဂုတ် ၂၆**

ဇူလိုင်လနှင့် သြဂုတ်လအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ပြောင်းရွှေ့ပေးခဲ့ရာ ဖွင့်လှစ်ခဲ့သော စခန်းစုစုပေါင်း ၃၉၄ ခုတွင် ၃၄၄ ခု ပိတ်သိမ်းပြီးဖြစ်သည်။

ယခုလက်ရှိအခြေအနေအရ ဖွင့်လှစ်ဆဲစခန်း စုစုပေါင်း ၅၀ တွင် အိမ်ထောင်စု ၃၅၄၅ စု၊ လူဦးရေ ၁၆၃၄၀ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေမှ ငွေကျပ်သိန်း ၃၀၀၀ နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ငွေကျပ်၄၉၇၆ ဒသမ ၀၉ သိန်း ထောက်ပံ့ပေးခဲ့ပြီး ထောက်ပံ့ရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## (၂၇) ကြိမ်မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်းစစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ၊ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် သြဂုတ် ၂၆**

(၂၇) ကြိမ်မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် (၁) ရဲဗိုလ်ချုပ် မျိုးဆွေဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး အခမ်းအနားသို့ အမှတ် (၂) လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့ကွပ်ကဲရေးမှူး ရဲမှူးချုပ်တင်ကိုကို၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်၊ စည်ပင်သာယာရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သက်လွင်၊ အမှတ်(၄)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့ ခွဲမှူး ရဲမှူးကြီး ရဲခိုင်၊ အမှတ်(၅) လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့ ခွဲမှူး ရဲမှူးကြီး မင်းဇော်ဦး၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းမင်းသိန်း၊ တိုင်းဒေသကြီးအတွင်းရှိ တပ်ဖွဲ့များမှ ရဲအရာရှိကြီးများ၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ပြိုင်ပွဲဝင်အသင်းများမှ ကြီးကြပ်သူများ၊ ပြိုင်ပွဲဝင် အားကစားသမား တပ်ဖွဲ့ဝင်များ၊ သတင်းမီဒီယာများ စုစုပေါင်း ၁၅၀ တက်ရောက်ခဲ့ကြသည်။

စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ် မျိုးဆွေဝင်း၊ အမှတ် (၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးချုပ်တင်ကိုကိုတို့က စစ်တုရင်အရုပ်ရွှေ့၍ ဖွင့်လှစ်ပေးခဲ့ပြီး တစ်ဦးချင်းအကောင်းဆုံး ဆုရရှိသူများဖြစ်သည့် အမှတ် (၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့ စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့နှင့် ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့တို့အား ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က လည်းကောင်း၊ အသင်းလိုက် ဒုတိယဆုရသည့် မှုခင်းရဲတပ်ဖွဲ့အသင်းနှင့် တတိယဆုရသည့်အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲ



မှုအဖွဲ့အသင်းတို့အား အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့ကွပ်ကဲရေးမှူး ရဲမှူးချုပ် တင်ကိုကိုကလည်းကောင်း၊ ရဲချုပ်တံခွန်စိုက်ဒိုင်းဆုကိုအသင်းလိုက် ပထမဆုရသည့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အသင်းအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် (၁) ရဲဗိုလ်ချုပ်မျိုးဆွေဝင်းက လည်းကောင်း ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ပလင်းကမ်းသာယာဆင်စခန်းနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန စိုက်ခင်းများ ကြည့်ရှုစစ်ဆေး

**ညောင်ဦး ဩဂုတ် ၂၆**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဩဂုတ် ၂၅ ရက် နံနက် ၈ နာရီတွင် ညောင်ဦးမြို့နယ် ပုလင်းကျေးရွာအနီးတွင် ဖွင့်လှစ်ထားရှိသော ပလင်းကမ်းသာယာဆင်စခန်းသို့ ရောက်ရှိစစ်ဆေးသည်။ **(ယာပုံ)**

ပလင်းကမ်းသာယာဆင်စခန်းဝင်းရှိ ရှင်းလင်းဆောင်တွင် စစ်ကိုင်းတိုင်းဒေသကြီး (ချင်းဖောင်ဖွဲ့ရေးဒေသ) လက်ထောက်အထွေထွေမန်နေဂျာ ဦးအောင်ဌေးက ပလင်းကမ်းသာယာဆင်စခန်းစတင်ဖွင့်လှစ်သည့်နေ့မှ ယခုအချိန်ထိ ဆင်စခန်းဝင်းအတွင်း အားသာချက်၊ အားနည်းချက်များအား ပရိုဂျက်တာဖြင့် ရှင်းပြသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့သစ်ထုတ်လုပ်ရေး ဒုတိယအထွေထွေမန်နေဂျာဦးသန်းစိုးဦးက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သစ်ထုတ်လုပ်မှုနှင့် သဘာဝတော တန်ဖိုးမြင့်စိုက်ပျိုးခြင်း၊ သဘာဝပန်းပွင့်တောနေရာများ၊ သစ်တိုက်ကားလမ်းကြောင်းနေရာများ၊ နေရာလပ်သောနေရာများ၊ သစ်ပုံခဲ့သည့်နေရာများနှင့် တောအမျိုးအစား ပြန်လည်ကောင်းမွန်စေရန် စိုက်ပျိုးထားရှိသည့် သစ်ပင်အမျိုးအစားများအား ပရိုဂျက်တာဖြင့် ရှင်းပြသည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး မြန်မာ့သစ်ထုတ်လုပ်ရေးဒုတိယအထွေထွေမန်နေဂျာ ဦးထွန်းထွန်းဦးက သစ်ထုတ်လုပ်မှု ပြန်လည် စိုက်ပျိုးထားမှုများနှင့် ဒီးဒုတ်ရေတံခွန်ဆင်စခန်းနှင့် ဝါးနက်အပန်းဖြေ ဆင်စခန်းတို့အား ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် နံနက် ၁၀ နာရီတွင် ညောင်ဦးမြို့နယ် လက်ထုတ်ကျေးရွာအနီးတွင် သစ်တောဦးစီးဌာနနှင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ သစ်တောလုပ်ငန်းမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Japan International Forestry Promotion and Cooperation Center-JIFPRO) တို့ ပူးပေါင်းဆောင်ရွက်စိုက်ပျိုးသည့် ဒေသခံပြည်သူများ အစုအဖွဲ့ပိုင်စိုက်ခင်းအားကြည့်ရှုစစ်ဆေးရာ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်ဇော်နိုင်က ရှင်းလင်းတင်ပြသည်။



ထို့နောက် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့သို့ မော်တော်ယာဉ်ဖြင့် ထွက်ခွာ၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ဆောင်ရွက်စိုက်ပျိုးလျက်ရှိသည့် တန့်ကြည့်တောင်တန်း စိမ်းလန်းစိုပြည်ရေးစိုက်ခင်းဧက ၁၅၀ နှင့် သဘာဝတော ထိန်းသိမ်းခြင်းလုပ်ငန်းများအား စစ်ဆေးခဲ့ကြောင်း သိရသည်။

**ကိုထိန်(ငါ့သရောက်)**



# ကော့သောင်းတွင် ကြယ်ငါးပွင့်ဟိုတယ် တည်ဆောက်မည့်ကိစ္စ အသိပေးရှင်းလင်း

**ကော့သောင်း ဩဂုတ် ၂၆**

ကော့သောင်းမြို့ ရွှေပြည်စိုးကျေးရွာအပိုင် သီရိမြိုင်ရပ်ကွက် မြို့အဝင် ဗျူးပွိုင့်တွင် ဆောက်လုပ်အကောင်အထည်ဖော်မည့် ကြယ်ငါးပွင့်အဆင့် ရွှေပြည်စိုးဟိုတယ် ဆောက်လုပ်ရေး စီမံကိန်းဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ ဒေသခံပြည်သူများသို့ အသိပေးရှင်းလင်းပွဲကို ဩဂုတ် ၂၅ ရက် မွန်းလွဲပိုင်းက သီရိမြိုင်ရပ်ကွက် အခြေခံပညာအလယ်တန်း ကျောင်း (ခွဲ) ခန်းမ၌ ပြုလုပ်ခဲ့သည်။

အသိပေးရှင်းလင်းပွဲတွင် ရွှေပြည်စိုးဟိုတယ် တည်ဆောက်ရေးစီမံကိန်း၊ ကော့သောင်းဒေသတာဝန်ခံ မန်နေဂျာ ဦးအောင်မင်းကျော်က မိတ်ဆက်အမှာစကားပြောကြားပြီး တည်ဆောက်ရေးတာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမင်းသန်းက တည်ဆောက်မည့် ရွှေပြည်စိုးဟိုတယ် စီမံကိန်း၏ တည်ဆောက်မှုဆိုင်ရာ အစီအမံများအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် အသိပေးရှင်းလင်းပွဲသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ မြို့ခံပြည်သူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ဟိုတယ်တည်ဆောက်မှုနှင့်စပ်လျဉ်း၍ မြေယာပိုင်ဆိုင်မှု၊ မြို့ပြသဘာဝအလှအပများ ပျက်စီးယိုယွင်းမှု၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ညစ်ညမ်းမှုနှင့် ဒေသခံပြည်သူများ ရရှိလာမည့် အကျိုးကျေးဇူးများနှင့်စပ်လျဉ်း၍ သိလိုသည့် မေးမြန်းချက်များအား ဟိုတယ်စီမံကိန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အဆိုပါ ကြယ်ငါးပွင့်အဆင့်ရှိ ရွှေပြည်စိုးဟိုတယ်အား ကော့သောင်းမြို့ ရွှေပြည်စိုးကျေးရွာအပိုင်၊ ကော့သောင်းမြို့အဝင် သီရိမြိုင်ရပ်ကွက် ဗျူးပွိုင့်အနီး အက်ဒမန်ပင်လယ်သို့ မျက်နှာမူရာ တောင်စောင်းပင်လယ်ကမ်းခြေတစ်လျှောက် ၄ ဒသမ ၃၉ ဧက အကျယ်မြေဧရိယာအတွင်း ဧရိယာ ၂ ဒသမ ၆ဧကအား မြို့ခံပြည်သူများ အနားယူအပန်းဖြေနိုင်မည့် အများပြည်သူဧရိယာအဖြစ် ပင်လယ်ကမ်းခြေတစ်လျှောက် ကားပါကင်၊ အားကစားလေ့ကျင့်ကိရိယာများ၊ သစ်ပင်နှင့် ပန်းအလှဥယျာဉ်များ၊ နားနေဆောင်များ ထည့်သွင်းကာ ငွေကျပ်သိန်းသုံးသောင်းခန့် အကုန် အကျခံအလှဆင်တည်ဆောက်ပေးပြီး ကျန်ရှိသည့် မြေဧရိယာ ၁ ဒသမ ၈ ဧကအတွင်း သစ်ပင်၊ ကျက်စားနေထိုင် သည့် ရေနေ၊ ကုန်းနေ သတ္တဝါ၊ ဂေဟ စနစ်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိစေဘဲ ငွေကျပ်သိန်းပေါင်း တစ်သိန်းနှစ်သောင်းကျော် အကုန်အကျခံကာ ကြယ်ငါးပွင့်အဆင့် ဟိုတယ် အဆောက်အအုံကို ကောင်းမြန်မာအောင် ကုမ္ပဏီမှ သုံးနှစ်အတွင်း အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ပြီး စီမံကိန်းပြီးစီးပါက ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းအတွက် ဟိုတယ်ဝန်ထမ်း ၈၅ ရာခိုင်နှုန်းခန့်ကို မြို့ခံများအား ခန့်ထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

❒ *ရှေ့ဖုံးမှ*

အများပြည်သူ အပန်းဖြေအနားယူလို့ရအောင် အကောင်အထည်ဖော်ဆောင်သွားမှာဖြစ်ပါတယ်။ ကလေးတွေ ဆော့ကစားနိုင်မယ့် ပစ္စည်းလေးတွေ၊ ကျန်းမာရေး လေ့ကျင့်ခန်းဆောင်ရွက်လို့ရတဲ့ ပစ္စည်းကိရိယာတွေ၊ နားနေတဲ့ ခုံလေးတွေ၊ ခြင်းခတ်လို့ရမယ့် ခြင်းကွင်းလေးတွေ အဲလိုလေးတွေ အများပြည်သူအပန်းဖြေနားနေနိုင်ဖို့ ဆောင်ရွက်သွားမယ်" ဟု စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းနိုင်က ပြောသည်။

အဆိုပါ ရတနာပုံတံတား (စစ်ကိုင်းဘက်ခြမ်း) အောက် မြေနေရာသည် လမ်းဦးစီးဌာနပိုင် မြေနေရာဖြစ်ပြီး ယင်းနေရာများကို အများပြည်သူ အပန်းဖြေနားနေနိုင်ရန် ဆောင်ရွက်နိုင်ရန် စစ်ကိုင်းခရိုင် စီမံခန့်ခွဲမှု ကော်မတီထံသို့ တင်ပြသွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

"ကျွန်တော်တို့ဌာနဘတ်ဂျက်နဲ့ လုပ်မလား၊ လမ်းဦးစီးဌာန ဘတ်ဂျက်နဲ့ လုပ်မလားဆိုတာ သက်ဆိုင်ရာ ခရိုင်ကို တင်ပြသွားရမှာပါ။ မြေနေရာပိုင်ဆိုင်မှုက လမ်းဦးစီးက ပိုင်တယ်။ လမ်းဦးစီးဌာနက စည်ပင်ကို လွှဲမယ်ဆိုလည်းပဲ စည်ပင်က ဘတ်ဂျက်တင်ပြီး ဆောင်ရွက်ပေးသွားမယ်" ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းနိုင်က ပြောသည်။

လက်ရှိ ရတနာပုံတံတား (စစ်ကိုင်းဘက်ခြမ်း) အောက်တွင် ကျူးကျော်နေထိုင်နေသူများ၊ တိရစ္ဆာန်များ မွေးမြူထားခြင်း၊ ကျူးကျော်၍ လုပ်ငန်းများ လုပ်ကိုင်နေသူများကြောင့် သန့်ရှင်းသာယာလှပမှုမရှိဘဲ ညစ်နွမ်းနေကြောင်း၊ ယင်းကျူးကျော်နေထိုင်၊ လုပ်ကိုင်သူများကိုလည်း အများပြည်သူ အပန်းဖြေနားနေနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖယ်ရှားပေးရန် အသိပေးခဲ့ကြောင်း စစ်ကိုင်းမြို့နယ်စည်ပင်သာယာရေးကော်မတီမှ သိရသည်။




**ကိုမင်း(အင်းတော်)**

# မြန်မာနိုင်ငံ သင်္ချာအသင်း နိုင်ငံတကာသင်္ချာအိုလံပစ် ပြိုင်ပွဲဝင်များနှင့် ကူညီပံ့ပိုးသူ စေတနာရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၂၆**

မြန်မာနိုင်ငံသင်္ချာအသင်း နိုင်ငံတကာ သင်္ချာအိုလံပစ် (IMO) ပြိုင်ပွဲဝင်များနှင့် ကူညီပံ့ပိုးသူ စေတနာရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက IMO သင်္ချာအိုလံပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ထူးချွန်သည့် ကျောင်းသား ကျောင်းသူများကို ရွေးချယ်ဆောင်ရွက်ပြီး သွားရောက်ယှဉ်ပြိုင်နိုင်ရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ IMO သင်္ချာပြိုင်ပွဲတွင် ပညာရေးစနစ် အရ အခြားနိုင်ငံများအနေဖြင့် ၁၂ တန်း အခြေခံပညာရေးစနစ်ဖြစ်သည့်အတွက် အသက် ၁၈ နှစ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး မြန်မာနိုင်ငံအနေဖြင့် အသက် ၁၆ နှစ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြခြင်းဖြစ်ပါ ကြောင်း၊ မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများအနေဖြင့် ၂၀၁၆ ခုနှစ်မှ စတင်၍ (၃)ကြိမ်မြောက်ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြပါကြောင်း၊ ပြီးခဲ့သည့်နှစ်များက ရရှိခဲ့သည့် အတွေ့အကြုံပေါ်တွင် မူတည်ပြီး မိမိတို့၏အားနည်းချက် အားသာချက် ပုစ္ဆာများကို စိစစ်သုံးသပ် အာရုံစိုက်ယှဉ်ပြိုင်ပါက အောင်မြင်နိုင် မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ကြုံတွေ့ခဲ့ ရသည့် ပြိုင်ပွဲအတွေ့အကြုံများပေါ်တွင် မူတည်၍ ရှေ့ဆက်လက်ကျင်းပမည့် ပြိုင်ပွဲများသို့ ဆက်လက်ယှဉ်ပြိုင်နိုင်ရန်အတွက် ကျောင်းသား ကျောင်းသူများကို ပြုစုပျိုးထောင်ပေးကြသည့် ဆရာကြီး ဆရာမကြီးများအနေဖြင့် သင်္ချာပညာရပ်များကို ဆက်လက်လေ့လာသင်ယူ သင်ကြားပေးစေလိုပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် ကိုယ်တိုင် လေ့လာသင်ယူရန်လည်း အရေးကြီးပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသား ကျောင်းသူများ၏ သင်ယူလိုသည့်စိတ်ဓာတ်နှင့် ပြင်းပြသောဆန္ဒများကို ဆက်လက်အားပေးနေမည်ဖြစ်ပြီး ဆရာ ဆရာမများ၊ မိဘ၊ အုပ်ထိန်းသူ အလှူရှင်များနှင့်ပြည်သူများအားလုံးက ညီညီညွတ်ညွတ်ဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ သင်္ချာအသင်း(ရန်ကုန်ရုံးခွဲ)ဥက္ကဋ္ဌ ဦးမြင့်သန်းက အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက (၅၉)ကြိမ်မြောက် သင်္ချာအိုလံပစ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ကြသည့် မြန်မာအသင်းကို ကူညီပံ့ပိုးခဲ့ကြသူများအား ဂုဏ်ပြုပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတကာ သင်္ချာအိုလံပစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ကျောင်းသားများအား အိုလံပစ်ဆိုင်ရာ သင်ခန်းစာများ သင်ကြားပို့ချပေးခဲ့ကြသည့် ဆရာ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတကာသင်္ချာအိုလံပစ်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ကျောင်းသားများအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ရာ ဂုဏ်ပြုခံကျောင်းသားများကိုယ်စား မောင်ကျော်ထက်လင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံသင်္ချာအသင်းမှ အတွင်းရေးမှူး ဒေါက်တာစောဝင်းမောင်က မြန်မာနိုင်ငံသင်္ချာ အိုလံပစ်အသင်း၏ ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးသက်လေပြင်း တစ်နာရီ ၃၅ မိုင်အထိ တိုက်ခတ်နိုင်

**နေပြည်တော် ဩဂုတ် ၂၆**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေ မှ ၁၂ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ကွန်ဒိုတိုက်ခန်းများ နိုင်ငံခြားသားများ ဝယ်ယူရင်းနှီးမြှုပ်နှံနိုင်တော့မည်

**ရန်ကုန် ဩဂုတ် ၂၆**

ဆောက်လုပ်ရေးလောကသားများ နှစ်ပေါင်းများစွာမျှော်လင့်နေခဲ့သော စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေ (Condominium Law -ကွန်ဒိုမီနီယံဥပဒေ)နှင့် နည်းဥပဒေများ ထွက်ပေါ်လာပြီဖြစ်၍ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံကြသည့် နိုင်ငံခြားသားများအနေဖြင့် နေထိုင်ရန်အတွက် ကွန်ဒိုတိုက်ခန်းများကို ဝယ်ယူနိုင်မည့်အခွင့်အရေးတစ်ရပ်ရရှိလာတော့မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ် ( MCEA) မှ ကြီးမှူးကျင်းပသော စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေ (Condominium Law ) အား လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ရှင်းလင်းတင်ပြပွဲနှင့် ယနေ့ဆောက်လုပ်ရေးလောကတွင် ကြုံတွေ့နေရသောစိန်ခေါ်မှုများနှင့်ပတ်သက်၍ ဆွေးနွေးပွဲ စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ပန်ပစိဖိတ်ဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က တိုးပွားလာသော လူဦးရေနှင့်အိမ်ရာများ လုံလောက်မှုရှိစေရန် တိုက်ခန်းနေပြည်သူများ ဥပဒေ၊ စည်းကမ်းနှင့်အညီ လိုက်နာကျင့်သုံးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ထမ်းဆောင်သင့်သော အခွန်အခများကိုလည်း ထမ်းဆောင်စေရန် ရည်ရွယ်ကာ ၁၉၉၂ ခုနှစ်မှစတင်ပြီး စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေပေါ်ထွက်ရေးကို တစိုက်မတ်မတ်ဆောင်ရွက်ခဲ့ကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၄ ဖြင့် ၂၉-၁-၂၀၁၆ ခုနှစ်က ထုတ်ပြန်ခဲ့ပြီး နည်းဥပဒေကိုလည်း ၇-၁-၂၀၁၇ ရက်နေ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် ၂၆၇/ ၂၀၁၇ ကို ထုတ်ပြန်ပြဋ္ဌာန်းပေးပြီးဖြစ်ကြောင်း၊ ၎င်းဥပဒေနှင့်နည်းဥပဒေတွင် ပြဋ္ဌာန်းထားသော စုပေါင်းပိုင်အဆောက်အအုံနှင့်ပတ်သက်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊ တည်ဆောက်ခွင့်မိန့်ထုတ်ပေးခြင်းစသော စီမံခန့်ခွဲရေးဆိုင်ရာကိစ္စများ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့တွင် စီမံခန့်ခွဲရေးကော်မတီများ ဖွဲ့စည်းနိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ထုံးလုပ်နည်းအရ စက်တင်ဘာလကုန်ပိုင်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ် စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီများ အမိန့်ကြော်ငြာစာထုတ်ပေးရန်မျှော်လင့်ထားပါကြောင်း၊ ယင်းစီမံခန့်ခွဲရေးကော်မတီများ ပေါ်ထွက်လာပါက ဆောက်လုပ်ရေးလုပ်ငန်းရှင်များ လိုလားနေသော စုပေါင်းပိုင်အဆောက်အအုံတည်ဆောက်ခြင်း၊ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း ပြောကြားသည်။




"ဒီဥပဒေအရ ကျွန်မတို့ မြန်မာနိုင်ငံမှာ အမှန်တကယ်လိုအပ်နေတဲ့ အဆင့်မြင့်ကွန်ဒိုမီနီယံတွေ ပေါ်ထွက်လာမှာဖြစ်ပြီး ယခုဆောက်လုပ်ထားတဲ့ ကွန်ဒိုတွေဟာလည်း တရားဝင်မှတ်ပုံတင်ခွင့်ရရှိတော့မှာဖြစ်ပါတယ်။ ဒီဥပဒေရဲ့ ထူးခြားချက်ကတော့ နိုင်ငံခြားသားကို ၄၀ ရာခိုင်နှုန်း ရောင်းချခွင့်ရရှိမှာ ဖြစ်တဲ့အတွက် နိုင်ငံတော်အတွက် နိုင်ငံခြားငွေ အမြောက်အမြား ဒီကဏ္ဍကနေရှာဖွေပေးနိုင်မှာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောသည်။

"ဒီဥပဒေနဲ့ နည်းဥပဒေ ထွက်ပေါ်လာဖို့အတွက် ငါးနှစ်နဲ့ကိုးလကြာ ကြိုးပမ်းခဲ့ရတာဖြစ်ပါတယ်။ အာဆီယံနိုင်ငံတွေထဲမှာ ကွန်ဒိုမီနီယံဥပဒေမရှိတဲ့နိုင်ငံဆိုတာ မရှိတော့ပါဘူး။ ကွန်ဒိုတွေကနေ နိုင်ငံခြားငွေဒေါ်လာကို ရှာပေးနေပြီဖြစ်ပါတယ်။ နိုင်ငံခြားသားတွေကို မက်လုံးပေးဆွဲဆောင်နိုင်တဲ့ အဆင့်မြင့်ကွန်ဒိုတွေ ဆောက်လုပ်ဖို့လိုအပ်မှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းက ပြောသည်။

အခမ်းအနားတွင် မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးသီတာက Condominium Law နှင့်ပတ်သက်၍လည်းကောင်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ် ဦးမျိုးမြင့်က Condominium Law အား လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးကြပြီး ဆရာကြီး ဒေါက်တာအောင်ထွန်းသက်က စကားဝိုင်းဆွေးနွေးပွဲတွင် အဖွင့်အမှာစကား ပြောကြားပေးကြောင်း သိရသည်။

**မြင့်မောင်စိုး၊ ဓာတ်ပုံ-ထင်ပေါ်ဝင်း**

# နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်ကလေးငယ် ၁၄၀ ကျော်ကို အခမဲ့ခွဲစိတ်ကုသပေး

**ရန်ကုန် ဩဂုတ် ၂၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကြီးမှူးပြီး ကမ္ဘောဇအုပ်စု ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM) နှင့် Smile Asia Medical Mission တို့ ပူးပေါင်း၍ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်ကလေးများအတွက် အခမဲ့ခွဲစိတ်ကုသမှု ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ရှိ အမျိုးသားသွေးလှူဘဏ်တွင် ဩဂုတ် ၂၆ ရက် နံနက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနား၌ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ ဆေးရုံအုပ်ကြီး ပါမောက္ခချုပ် ဒေါက်တာရီရီမြင့်၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံရုံးမှ Charge' d'affaires Mr. Koh Chee Chian နှင့် ကမ္ဘောဇဘဏ်မှ Head of Internal Communications & Public Affairs ဒေါ်ယုဝေမောင်တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့သည်။



နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များကို အခမဲ့ကုသပေးရခြင်းနှင့် ပတ်သက်၍ ကမ္ဘောဇဘဏ်မှ Head of Internal Communications & Public Affairs ဒေါ်ယုဝေမောင်က "ယခုပြုလုပ်တဲ့ Medical mission ဟာ private sector နဲ့ public sector မှ တာဝန်ရှိသူများအားလုံးရဲ့မေတ္တာစေတနာကိုအခြေခံပြီး နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးသူငယ်များကို ကူညီချင်တဲ့ စိတ်တစ်ခုတည်းနဲ့ တစ်ဦးနဲ့တစ်ဦး ပူးပေါင်းဆောင်ရွက်ခဲ့တဲ့အတွက် ယခုလို ငါးကြိမ်ထိတိုင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့တာ ဖြစ်ပါတယ်။ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများနှင့် ပတ်သက်လာရင် ဖောင်ဒေးရှင်း၏ ဦးဆောင်သူ ဒေါ်နန်းလိုင်းခမ်းနဲ့ အဖွဲ့ဝင်တိုင်းဟာ စေတနာအပြည့်အဝနဲ့ အမြဲတမ်း စိတ်အားထက်သန်စွာနဲ့ ဆောင်ရွက်ခဲ့ပြီးနောက် ထပ်ပြီး ဒီလို mission တွေကို မြန်မာပြည်ရဲ့ လိုအပ်တဲ့နေရာတိုင်းမှာ ဆောင်ရွက်သွားဖို့ရှိပါတယ်" ဟု ပြောသည်။

ကမ္ဘောဇဘဏ်၊ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်း၏ ဦးဆောင်မှုဖြင့် ပဉ္စမအကြိမ်မြောက် ခွဲစိတ်ကုသမှုများကို ဩဂုတ် ၂၆ ရက်မှ ၃၀ ရက်အထိ Smile Asia အဖွဲ့ဝင် အမေရိကန်၊ အင်္ဂလန်၊ ဂျပန်၊ တရုတ်၊ စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဘူတန်နိုင်ငံတို့မှ ကျွမ်းကျင်ခွဲစိတ်ဆရာဝန်ကြီးများ၊ ဆေးဘက်ပညာရှင်များနှင့်အတူ မြန်မာနိုင်ငံမှ ကျွမ်းကျင်ခွဲစိတ်ဆရာဝန်ကြီးများနှင့် ဆေးဘက်ပညာရှင်များက ပူးပေါင်း၍ စနစ်တကျစမ်းသပ်စစ်ဆေးပြီး ခွဲစိတ်ကုသမှုများဆောင်ရွက်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ကလေးငယ်ဦးရေ ၁၄၀ ကျော်၏ ဘဝများ ပြောင်းလဲသွားစေရန် ကြိုးပမ်းဆောင်ရွက်ကြမည်ဖြစ်သည်။ ယခင်ခွဲစိတ်ကုသမှုလေးကြိမ်တွင် မြန်မာနိုင်ငံတစ်ဝန်းမှ ကလေးငယ် ၃၆၂ ဦးကို အောင်မြင်စွာခွဲစိတ် ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM) သည် လူနာများ ခွဲစိတ်ကုသမှုခံယူနေစဉ် လူနာများ၏ စာရင်းများကောက်ယူခြင်း၊ လူနာနှင့် မိသားစုအတွက် အသွားအပြန် ခရီးစရိတ်များ တာဝန်ယူပံ့ပိုးခြင်း၊ လူနာများနှင့် မိသားစုဝင်များအတွက် နေထိုင်စားသောက်ရေးများ စရိတ်ငြိမ်းအခမဲ့ စီစဉ်ပေးခြင်း၊ ကုသမှုခံယူနေချိန်အတွင်း သွားရေးလာရေး အဆင်ပြေချောမွေ့စေရန် မော်တော်ယာဉ်များ စီစဉ်ပေးခြင်းနှင့် ကမ္ဘောဇအုပ်စုမှ ဝန်ထမ်းများ၊ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းအဖွဲ့ဝင်များ၊ မိတ်ဆွေသူငယ်ချင်းများက လုပ်အားဒါနပြုခြင်းတို့ကို တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် ဖောင်ဒေးရှင်း စတင်တည်ထောင်ချိန်မှစ၍ ကဏ္ဍအသီးသီးတွင် လူမျိုးဘာသာမရွေး၊ နေရာဒေသမရွေးဘဲ နိုင်ငံတော်နှင့် ပြည်သူအတွက် ယနေ့အထိ စုစုပေါင်း ကျပ်ငွေ ၁၄၄ ဘီလီယံကျော်ကို လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သူရလွင်(ECO)**

# မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာ လျှောက်ထားသည့် ဝန်ထမ်းများအား မဲနှိုက်နေရာချထား

**မန္တလေး ဩဂုတ် ၂၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ချမ်းမြသာစည်မြို့နယ်အတွင်းရှိ မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာ တိုက်ခန်းလျှောက်ထားသည့် နိုင်ငံ့ဝန်ထမ်းနှင့် အငြိမ်းစားဝန်ထမ်းများအား အုပ်စုလေးစုခွဲပြီး ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီမှစ၍ မန္တလေးမြို့ မြို့တော်ခန်းမ၌ မဲနှိုက်နေရာချထားပေးခဲ့ကြောင်း သိရသည်။

အဆိုပါတိုက်ခန်းများကို အငြိမ်းစားဝန်ထမ်းအုပ်စု၊ လက်ရှိတာဝန်ထမ်းဆောင်နေပြီး လုပ်သက် ၂၆ နှစ်နှင့်အထက် နိုင်ငံ့ဝန်ထမ်းအုပ်စု၊ လုပ်သက် ၁၁ နှစ်မှ ၂၅ နှစ်အတွင်း ဝန်ထမ်းအုပ်စုနှင့် လုပ်သက် ၁၀ နှစ်အောက် ဝန်ထမ်းအုပ်စုဟူ၍ အုပ်စုလေးစုခွဲ၍ မဲနှိုက်နေရာချထားပေးခဲ့ခြင်းဖြစ်ပြီး လက်ရှိနေရာချထားပေးမည့် အိမ်ရာတိုက်ခန်းပေါင်း ၆၇၂ ခန်းအနက် အငြိမ်းစားဝန်ထမ်းများအတွက် ၃၀ ရာခိုင်နှုန်းဖြင့် တိုက်ခန်းပေါင်း ၂၀၀ ကို လည်းကောင်း၊ လုပ်သက် ၂၆ နှစ်နှင့်အထက် နိုင်ငံ့ဝန်ထမ်းများအတွက် ၄၀ ရာခိုင်နှုန်းဖြင့် တိုက်ခန်းပေါင်း ၂၅၅ ခန်းကိုလည်းကောင်း၊ လုပ်သက် ၁၁ နှစ်မှ ၂၅နှစ်အတွင်းရှိ ဝန်ထမ်းများအတွက် ၂၀ ရာခိုင်နှုန်းဖြင့် တိုက်ခန်းပေါင်း ၁၉၂ ခန်းကိုလည်းကောင်း၊ လုပ်သက် ၁၀ နှစ်အောက် ဝန်ထမ်းများအတွက် ၁၀ ရာခိုင်နှုန်းဖြင့် တိုက်ခန်းပေါင်း ၂၅ ခန်းကို လည်းကောင်း ခွဲဝေသတ်မှတ်၍ မဲနှိုက်ရောင်းချပေးခြင်းဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောသည်။

"ကျွန်တော်တို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက တည်ဆောက်ထားတဲ့ မြရည်နန္ဒာအိမ်ရာတွေကို ပထမအသုတ်အနေနဲ့ မဲနှိုက်ပြီးတော့ နေရာချထားတာပါ။ မဲနှိုက်တဲ့စနစ်ကတော့ အောင်ဘာလေထီဖွင့်သလိုပဲ ဂဏန်းလေးခုကို စည်လေးခုထဲမှာထည့်ပြီး မွှေမယ်။ ကျောင်းသား၊ ကျောင်းသူလေးတွေက စည်တစ်ခုချင်းစီကနေ ဂဏန်းတစ်ခုစီ နှိုက်ပေးမှာဖြစ်ပါတယ်။ ရလာတဲ့ နံပါတ်လေးခုကို ပေါက်မဲအဖြစ် သတ်မှတ်ပြီး ချက်ချင်းထုတ်ပြန်ကြေညာပေးတယ်။ အကုန်လုံးကြည့်လို့ရအောင် လုပ်ထားပြီးတော့ အနီးကပ်ကြည့်လို့ရအောင် CCTV ကင်မရာတွေလည်း တပ်ဆင်ထားပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါတိုက်ခန်းအိမ်ရာများကို မြေညီထပ်တစ်ခန်းလျှင် ငွေကျပ်သိန်း ၂၆၀၊ ပထမထပ် ငွေကျပ်သိန်း ၂၄၀၊ ဒုတိယထပ် ငွေကျပ်သိန်း ၂၂၀၊ တတိယထပ် ငွေကျပ်သိန်း ၂၁၀၊ စတုတ္ထထပ် ငွေကျပ်သိန်း ၂၀၀ နှင့် ပဉ္စမထပ် ငွေကျပ်သိန်း ၁၉၀ တို့ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး အိမ်နေရာမဲပေါက်သူများမှ ပထမအရစ် ၃၀ ရာခိုင်နှုန်းသွင်း၍ ကျန်ငွေ ၇၀ ရာခိုင်နှုန်းကို ငါးနှစ်မှ ၁၅ နှစ်အထိ အရစ်ကျစနစ်ဖြင့် ထုတ်ချေးမည့် ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ် (CHID)၊ ရောဝတီဘဏ်၊ ရတနာပုံဘဏ်နှင့် မြန်မာအရှေ့တိုင်းဘဏ် (MOB) တို့ဖြင့် ချိတ်ဆက်၍ ဝယ်ယူနိုင်ရန် စီစဉ်ပေးထားကြောင်း ၎င်းက ဆက်လက်ပြောသည်။

မြရည်နန္ဒာတန်ဖိုးမျှတတိုက်ခန်းကို လုပ်သက် ၂၆ နှစ်နှင့်အထက် ဝန်ထမ်းအုပ်စုမှ မဲပေါက်သည့် ဆည်မြောင်းဦးစီးဌာနမှ ဒေါ်ဇီနိထွေးက "လုပ်သက် ၂၇ နှစ် ရှိပါပြီ။ ပင်စင်ယူခါနီးမှာ အခုလို မဲပေါက်တဲ့အတွက် ဝမ်းသာမိပေမယ့် ဈေးကနည်းနည်းများနေတယ်။ ပထမဆုံးသွင်းရမယ့် ၃၀ ရာခိုင်နှုန်းအတွက်လည်း အခက်အခဲရှိတယ်"ဟု ပြောသည်။

ယခုရောင်းချသည့် မြရည်နန္ဒာအိမ်ရာတိုက်ခန်းများကို မဲပေါက်ခြင်းမရှိသည့် လျှောက်ထားသူများကို လာမည့် ၂၀၁၉ ခုနှစ်တွင် ဒုတိယအကြိမ်ထပ်မံ နေရာချပေးသွားမည့် အိမ်ရာတိုက်ခန်းများကို မဲနှိုက်ရာတွင် လျှောက်လွှာတင်သွင်းရန်မလိုဘဲ ယခု လက်ခံရရှိထားသည့် ပြေစာဖြင့် မဲနှိုက်၍ နေရာချထားပေးမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဒဏ်ရာဗရပွနှင့် ကမ္ဘာမြေကို လူငယ်တွေ ကယ်တင်ကြပါစို့

ရဲရဲထွန်းတောက်(မွေးလုံး)

ကျွန်ုပ်တို့ မှီတင်းနေထိုင်လျက်ရှိသော ဤကမ္ဘာမြေသည် နေစကြဝဠာအတွင်းရှိ ဂြိုဟ်ငယ်တစ်လုံးသာ ဖြစ်သည်ဟု ပထဝီဝင်ပညာက ဆိုသည်။ သို့သော် အဆိုပါ ကမ္ဘာမြေပေါ်တွင် ပင်လယ်၊ သမုဒ္ဒရာ၊ မြစ်ချောင်း၊ အင်းအိုင်၊ တောင်စွယ်၊ တောင်တန်းနှင့် သစ်တောများ ဖုံးလွှမ်းလျက်ရှိနေသည်။ ထိုကမ္ဘာမြေပေါ်တွင် ကျွန်ုပ်တို့လူသားများနှင့် အခြားတိရစ္ဆာန်မျိုးစိတ်၊ မျိုးကွဲများစွာတို့သည် ရေကြည်ရာ မြက်နုရာဆိုသလို ၎င်းတို့၏ သဘာဝပတ်ဝန်းကျင်ကို အမှီပြုလျက် ရှေးနှစ်သန်းပေါင်းများစွာကတည်းကပင် ကျင်လည်ကျက်စား ပေါက်ပွားရှင်သန်လျက် ရှိခဲ့ကြပါသည်။

အနီကမ္ဘာမြေပေါ်ရှိ ရာသီဥတုသည် ယေဘုယျအားဖြင့် အချိန်ကာလယန္တရားတို့နှင့်အတူ နိယာမသဘာဝအတိုင်း ပြောင်းလဲလျက်ရှိကြသည်။ ထိုကဲ့သို့ ပြောင်းလဲမှုသံသရာတွင် ဖြစ်စဉ်အကြောင်းအမျိုးမျိုးတို့ကြောင့် ရာသီဥတုဖောက်ပြန်ပျက်ယွင်းလျက် ရှိနေကြသည်။ ထိုရာသီဥတုဖောက်ပြန်ခြင်းများနှင့်အတူ ကျွန်ုပ်တို့လူသားများနှင့် သက်ရှိသတ္တဝါတို့သည်လည်း သဘာဝဘေးဒဏ်ကို အလူးအလဲခံကြရတော့သည်။

**သဘာဝဘေးအန္တရာယ်ကျရောက်ဆဲ**

အဆိုပါ သဘာဝဘေးအန္တရာယ်များကို ကျွန်ုပ်တို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများအပြား ခါးသီးစွာ တွေ့ကြုံခံစားကြရသည်။ ဥပမာ- ငလျင်လှုပ်ခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ တောမီးလောင်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်းနှင့်အတူ အပူချိန်လွန်ကဲခြင်း စသည်တို့ဖြစ်သည်။ ကမ္ဘာမြေ၏ တစ်နေရာမဟုတ် တစ်နေရာတွင် သဘာဝဘေးဒဏ်အန္တရာယ် အသွယ်သွယ်တို့ ကျရောက်နေဆဲဖြစ်သည်။

ယနေ့ကမ္ဘာမြေပေါ်တွင် လူသား သန်း ၇၀၀၀ ကျော်တို့သည် မိမိတို့အခြေချနေထိုင်ရာ ဒေသအသီးသီးတွင် အသက်ရှင်သန်ခွင့်နှင့်အတူ လူမှုဘဝများကို တည်ဆောက်နေထိုင်လျက်ရှိကြသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်အတွင်းရှိ လူသား ၅၁ သန်းကျော်တို့လည်း အပါအဝင်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အီကွေတာရပ်ဝန်းနှင့် သမန္တေးပိုင်းဆုံရာတွင်တည်ရှိရာ မပူလွန်း မအေးလွန်း မျှတညီညွတ်သည့် ရာသီဥတုနှင့် နေချင်စဖွယ်ရပ်ဝန်းဒေသဖြစ်သည်။ မြောက်ပိုင်းစွန်းတွင် ရေခဲဖုံးတောင်တန်းများ ရှိသလို တောင်ပိုင်းဒေသများတွင်မူ ပင်လယ်ကမ်းစပ်အနားသတ်များနှင့် ရေသယံဇာတပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်။

**မြစ်ကြီးမြစ်ငယ် စီးဆင်းလျက်ရှိ**

ရခိုင်ရိုးမအပါအဝင် အနောက်ဘက်တောင်တန်းဒေသ၊ အလယ်ရိုးမနှင့် အရှေ့ဘက်ကုန်းမြင့်ဒေသများကြားတွင် နတ်မြစ်၊ မယူမြစ်၊ ကစ္ဆပနဒီမြစ်၊ ချင်းတွင်းမြစ်၊ ဧရာဝတီ၊ စစ်တောင်းနှင့် သံလွင်မြစ် စသည်ဖြင့် မြစ်ကြီးမြစ်ငယ် အသွယ်သွယ်တို့ဖြင့် မြောက်မှတောင်သို့ တငြိမ့်ငြိမ့်စီးဆင်းလျက်ရှိနေသည်။

ပင်လယ်ပိုင်း ဒီရေရောက်တောများ၊ အမြဲစိမ်းသစ်တောများ၊ ရွက်ပြတ်တောများသည် တောင်ပေါ်မြေပြန့် ကမ်းစပ်အနှံ့တို့တွင် အဖိုးတန်သဘာဝအလျောက် ပေါက်ရောက်ရှင်သန်လျက်ရှိနေသည်ကို ပန်းချီကားတစ်ချပ်သဖွယ် မြင်တွေ့နေရသည်။

မြန်မာနိုင်ငံတွင် ယခုအခါ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေရခြင်းသည် ရွှေ့ပြောင်းတောင်ယာစနစ်များ ကျင့်သုံးခဲ့မှုများကြောင့် လည်းကောင်း၊ တစ်ဖန် မြေအောက်မှ အဖိုးတန်ဓာတ်သတ္တုသယံဇာတပစ္စည်းများကို လွန်ကဲစွာ ထုတ်လုပ်ရောင်းချခဲ့မှုများကြောင့် လည်းကောင်း ယခုကဲ့သို့ ရေကြီးရေလျှံမှုများဖြစ်ပေါ်လာရခြင်းဖြစ်သည်ဟု ပြည်တွင်း ပြည်ပမှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာရှင်များက ဝေဖန်ထောက်ပြခဲ့ကြသည်။

**ရာသီဥတုဖောက်ပြန်မှု ကြိုတင်ကာကွယ်ရန်လို**

၂၀၁၅ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း၌ ရိုက်ခတ်လျက်ရှိသော ဘေးအန္တရာယ်များသည် မိုးအဆက်မပြတ် ရွာသွန်းခြင်းကြောင့် ဖြစ်ပေါ်လာသော ရေကြီးရေလျှံမှုများပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နွေရာသီ၌ လွန်ကဲစွာပူပြင်းပြီး ရေရှားပါးသည့်ဒဏ်ကို ခံစားခဲ့ရသော ပြည်သူများသည် မိုးရာသီတွင် ထိုရေအောက်သို့ အားလုံးနစ်မြုပ်သွားကြသည်။ လွန်စွာပင် စိတ်မချမ်းမြေ့ဖွယ်ရာဖြစ်စဉ်များပင်ဖြစ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုရှိသည့် ကျွန်ုပ်တို့နိုင်ငံတွင် တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၂ ခုသည် ရေပြင်ဖြစ်သွားသည်။ ထိုဒေသများရှိ ကျန်းမာကြံ့ခိုင်သော ပြည်သူများသည် ပိုင်ဆိုင်မှုပစ္စည်းများကိုစွန့်ပြီး ဘေးလွတ်ရာသို့ ရှောင်ရှားနိုင်ခဲ့ကြသော်လည်း ကျန်းမာရေးချို့တဲ့သူများ၊ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များနှင့် အိမ်မွေးတိရစ္ဆာန် ကျွဲ၊ နွား၊ ဆိတ်၊ ကြက်၊ ဝက်များမှာမူ အသက်ဆုံးရှုံးခဲ့ရသည်။ ယခုနှစ်တွင်လည်း ရာသီဥတုဖောက်ပြန်မှုများကို စောင့်ကြည့်ပြီး လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုများကို ကြိုတင်ဆောင်ရွက်ထားကြရန် လိုအပ်သည်။

> **ယနေ့ကမ္ဘာမြေသည် ရုပ်ဆိုးစွာ အကျည်းတန်နေပြီ ဖြစ်သည်။ ကမ္ဘာကြီးသည် တဖြည်းဖြည်း ပို၍ပို၍ ပူနွေးလာနေပြီ ဖြစ်သည်။ ယနေ့လူငယ်တို့သည် ဒဏ်ရာအနာတရ ဖြစ်နေသော ကမ္ဘာကြီးပေါ်တွင် အသက်ရှင်သန်ခွင့်ရရှိနိုင်ရေး ရင်ဆိုင်ရုန်းကန်နေကြရသည်။ သဘာဝဘေးအန္တရာယ်များအပြင် အမျိုးအမည်စုံသော ရောဂါတို့ကလည်း ကပ်ဘေးကြီး တစ်ခုပမာ ဝင်ရောက်နှိပ်စက်လျက် ရှိနေသည်။ ကမ္ဘာကြီးသည် ဒဏ်ရာဗရပွနှင့် နာကျင်နေသည်။ ကျွန်ုပ်တို့ကမ္ဘာကြီးကို ကယ်တင်စောင့်ရှောက်ရန် အရေးကြီးသော အချိန်ကာလသို့ ရောက်ရှိနေပြီဖြစ်**

လူသုံးကုန်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်း၊ အထွေထွေကုန်ပစ္စည်းများ ထုနှင့်ထည်နှင့် ထုတ်လုပ်နိုင်ရန် စက်မှုဇုန်ကြီးများ တည်ထောင်ပြီး စက်ရုံကြီးများကိုလည်း မြောက်မြားစွာ တည်ဆောက်လာကြသည်။ ရိက္ခာဖူလုံရေးအတွက် သီးနှံများ တိုးချဲ့စိုက်လာကြပြီး သီးနှံအထွက်ကောင်းရန်၊ အရည်အသွေးကောင်းရန်၊ ဈေးကောင်းရရန်အတွက် ကြိုးပမ်းအားထုတ်လာကြသည်။ ကျန်းမာရေးအတွက် လူသားများ ကျန်းမာရန်၊ မွေးမြူရေးတိရစ္ဆာန်များ ကျန်းမာရန်၊ ထုတ်လုပ်သည့် သားငါးများသန့်ရှင်းပြီး အန္တရာယ်ကင်းရန် စဉ်ဆက်မပြတ် စီမံလာကြသည်။ စိုက်ပျိုးရေးနှင့် ဆက်နွှယ်သော စီးပွားရေးလုပ်ငန်းများ၊ မွေးမြူရေးနှင့် ဆက်နွှယ်သော စီးပွားရေးလုပ်ငန်းများ ထူထောင်လာကြသည်။

**နှစ်စဉ် ပိုးသတ်ဆေးတန်ချိန် သုံးသန်းသုံးစွဲ**

ဤသို့ ကမ္ဘာလူမှုဘဝဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်နွှယ်ပြီး ကဏ္ဍအသီးသီး၊ လုပ်ငန်းအသီးသီးအတွက် သဘာဝကအလိုလို တောင်းဆိုလာသည့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ အိမ်သုတ်ဆေး၊ အိမ်သုံးဆေးဝါးများ ထုတ်လုပ်မှုသည်လည်း စင်ပြိုင်ပေါ်လာခဲ့သည်။ စီးပွားရေးသမားများကလည်း အကွက်မြင်လာကြပြီး တစ်နှစ်လျှင် ဓာတုဆေးမျိုးပေါင်း ၁၀၀၀ ကျော်နှင့် ဆေးစုစုပေါင်းတန်ချိန် ၁၃ သန်းအထိ လောဘတက် ထုတ်လုပ်လာကြသည်ကို တွေ့ရသည်။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ အစီရင်ခံစာအရ နှစ်စဉ်ကျန်းမာရေးနှင့် စိုက်ပျိုးရေးအတွက် ပိုးသတ်ဆေးတန်ချိန်သုံးသန်းအထိ သုံးစွဲလာကြကြောင်း ဖော်ပြထားသည်။

ကမ္ဘာတစ်လွှားမှ အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခသည်များနှင့် နေအိမ်များကို စွန့်ခွာထွက်ပြေးကြရသူများ အရေအတွက်သည် ၂၀၁၅ ခုနှစ်အကုန်တွင် ၆၅ ဒသမ ၃ သန်းအထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း ကုလသမဂ္ဂ၏ ထုတ်ပြန်ချက်အရ သိရသည်။ နေအိမ်များမှ စွန့်ခွာထွက်ပြေးကြရသူများမှာ ၇ ဒသမ ၃၄၉ ဘီလီယံရှိသော ကမ္ဘာ့လူဦးရေ၏ တစ်ရာခိုင်နှုန်းအချိုးရှိပြီး တိတိကျကျ ပြောရမည်ဆိုလျှင် ကမ္ဘာ့လူဦးရေ ၁၁၃ ဦးတွင် တစ်ဦးနှုန်းရှိနေပြီဟု ဆိုရမည်ဖြစ်သည်။

၎င်းအရေအတွက်သည် ယခုဗြိတိန် သို့မဟုတ် ပြင်သစ်နိုင်ငံ၏ လူဦးရေထက်ပိုများနေကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးအနေဖြင့် ကြိုတင်မသိရှိနိုင်သည့် အန္တရာယ်ရှိသောအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း အဆိုပါရုံးမှ ပြောကြားခဲ့သည်။ ကမ္ဘာ့ရွှေ့ပြောင်းအခြေချသူ လူဦးရေ ၆၅ ဒသမ ၃ သန်းတွင် နေအိမ်များမှ စွန့်ခွာထွက်ပြေးရသူ ဒုက္ခသည်များမှာ နှစ်မျိုးနှစ်စား တွေ့ရှိရသည်။ လူဦးရေ ၄၀ ဒသမ ၈ သန်းမှာ နိုင်ငံအတွင်းရှိနေပြီး လူဦးရေ ၂၁ ဒသမ ၃ သန်းမှာ နယ်ခြားမှထွက်ပြေးကြကာ ကစဉ့်ကလျား ဖြစ်တည်နေသည်။ ယင်းတို့အနက် အကြီးမားဆုံးဒုက္ခသည်အုပ်စုမှာ လူဦးရေ ၅ သန်းကျော်ရှိသည့် ပါလက်စတိုင်းလူမျိုးများဖြစ်ကြောင်း သိရသည်။

**နည်းစနစ်အမျိုးမျိုးသုံးကျွန်ပြု**

အဘယ်ကြောင့် ဤကဲ့သို့ နေရပ်စွန့်ခွာကြကာ အိုးပစ်အိမ်ပစ်နှင့် ကစဉ့်ကလျား ဖြစ်နေကြရပါသနည်း။ လတ်တလော ဖြစ်ပျက်နေသည့် ဒေသတွင်းစစ်ပွဲများ၊ ဒေသန္တရတိုက်ပွဲများ၊ ဘဝရပ်တည်နေထိုင်မှု အခက်အခဲများကြောင့်ဟု ဆိုရမည်ဖြစ်သည်။ လူသားများမှာ ရေကြည်ရာ၊ မြက်နုရာရှာဖွေရင်း တစ်နေရာမှတစ်နေရာ ရွှေ့ပြောင်းသွားလာသည့် အစဉ်အလာသည် သမိုင်းဦးခေတ်ကာလကတည်းက ရှိသည်ဆိုငြားလည်း မျက်မှောက်ကာလတွင် ထိုကဲ့သို့ အခြေအနေမရှိသလောက် ဖြစ်နေချေပြီ။ အစာရေစာရှာဖွေခြင်းသည် သားရဲတိရစ္ဆာန်တို့၏ အမူအကျင့်ဖြစ်သည်။ လူ့နယ်ပယ်တွင်ကား အားကြီးသူ၊ အသိဉာဏ်ပညာမြင့်မားသူ လူတစ်စုက အင်အားနည်းသူ၊ နိမ့်ကျသူများအပေါ်တွင် နည်းစနစ်အမျိုးမျိုးသုံးကာ ကျွန်ပြုမှုများ ရှိလာခဲ့သည်။

ထို့ကြောင့် ယနေ့ကမ္ဘာမြေသည် ရုပ်ဆိုးစွာ အကျည်းတန်နေပြီဖြစ်သည်။ ကမ္ဘာကြီးသည် တဖြည်းဖြည်း ပို၍ပို၍ ပူနွေးလာနေပြီဖြစ်သည်။ ယနေ့လူငယ်တို့သည် ဒဏ်ရာအနာတရဖြစ်နေသော ကမ္ဘာကြီးပေါ်တွင် အသက်ရှင်သန်ခွင့်ရရှိနိုင်ရေး ရင်ဆိုင်ရုန်းကန်နေကြရသည်။ သဘာဝဘေးအန္တရာယ်များအပြင် အမျိုးအမည်စုံသော ရောဂါတို့ကလည်း ကပ်ဘေးကြီး တစ်ခုပမာ ဝင်ရောက်နှိပ်စက်လျက်ရှိနေသည်။ ကမ္ဘာကြီးသည် ဒဏ်ရာဗရပွနှင့် နာကျင်နေသည်။ ကျွန်ုပ်တို့ကမ္ဘာကြီးကို ကယ်တင်စောင့်ရှောက်ရန် အရေးကြီးသော အချိန်ကာလသို့ ရောက်ရှိနေပြီဖြစ်သည်။

ယနေ့အနာဂတ် ကမ္ဘာမြေကြီး စိမ်းလန်းသာယာမှသာ အနာဂတ်၏ လူငယ်လူရွယ်မျိုးဆက်သစ်များကို ကျန်းမာစွာထားရစ်နိုင်မည်ဖြစ်သည်။ သို့မဟုတ်ပါက အနာဂတ်၏ လူငယ်တို့သည် ကမ္ဘာမြေပေါ်ရှိ အဆိပ်အတောက်နှင့် ရောဂါမျိုးစုံတို့၏ ဝါးမျိုခြင်းကို ခံရပေတော့မည်။ နောင်အရေး ရင်လေးဖွယ်ရာရှိသည့် အနေအထားတစ်ရပ်သို့ ကျရောက်နေပြီဖြစ်သည်။

သို့ဖြစ်၍ ကျွန်ုပ်တို့လူသားများသည် မိမိတို့၏ မျိုးဆက်သစ် လူငယ်လူရွယ်တို့ ကျန်းမာပကတိ ချမ်းသာစွာရှိစေဖို့ ကမ္ဘာမြေကြီးစိမ်းလန်းသာယာရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြပါစို့ဟူ၍ တိုက်တွန်းနှိုးဆော်ရေးသားဖော်ပြအပ်ပါသည်။ ။

## သိန်းနီမြို့နယ်၌ စိုက်ခင်းများ ပိုးမွှားကျရောက်မှု ပြည်နယ်ဝန်ကြီးများ ကွင်းဆင်းစစ်ဆေး



**သိန်းနီ ဩဂုတ် ၂၆**

လားရှိုးခရိုင် သိန်းနီမြို့နယ် မိုင်းလီကျေးရွာအုပ်စု ပန်ခမ်းကျေးရွာတွင် ငမြှောင်တောင်ပိုးကျရောက်သည့် အစေ့ထုတ်ပြောင်းစိုက်ခင်းသို့ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးနှင့် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ဦးကြိုင်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်၊ ခရိုင် စိုက်ပျိုးရေးဦးစီးမှူးများနှင့်အဖွဲ့သည် ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(ဓါပုံ)**

ပြည်နယ်ဝန်ကြီးများနှင့် အဖွဲ့က ငမြှောင်တောင်ပိုး ကျရောက်သည့် ပြောင်းစိုက်ခင်းအတွင်း တောင်သူများနှင့် တွေ့ဆုံစဉ် ပိုးသတ်ဆေးအန္တရာယ်အကြောင်းကို လက်တွေ့ပြခြင်း၊ ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်း၊ လိုအပ်သောနည်းပညာနှင့် ပိုးသတ်ဆေးများကို စိုက်ပျိုးရေးဦးစီးဌာနက ထောက်ပံ့လျက်ရှိကြောင်းနှင့် စိုက်ခင်းများအတွင်း ငမြှောင်တောင်ပိုး ဆက်လက်ပြန့်ပွားမှု မရှိစေရေးအတွက် တောင်သူများအနေဖြင့် အချိန်မီ ကာကွယ်ဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။ **မောင်ကျော်ကြီး**

## မိုးဆက်လက်ပိုနေမည်

**နေပြည်တော် ဩဂုတ် ၂၆**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ **မိုး/၉လ**

❖ *ကျောဖုံးမှ*

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**အားလုံးကို လွှမ်းခြုံနိုင်ရန် ကြိုးစား**

အခမ်းအနားတွင် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး ပြန်လည်နေရာချထားရေးဖွံ့ဖြိုးရေးစီမံကိန်း ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အဖွင့်အမှာစကား ပြောကြားရာတွင် UEHRD သည် ရည်ရွယ်ချက် သုံးခုကို အကောင်အထည်



ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ ရွေ့လျားဆေးကုသခန်းအတွင်း ကြည့်ရှုလေ့လာကြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရှင်းလင်းပြောကြားစဉ်။



UEHRD ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက် ရှင်းလင်း ပြောကြားစဉ်။



မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်ဝင်း ရှင်းလင်းပြောကြားစဉ်။



မန်နေဂျင်းဒါရိုက်တာ ဒေါက်တာမူယာညွန့် ရှင်းလင်းပြောကြားစဉ်။

ဖော်မည့် ပြည်ထောင်စုစီမံကိန်းဖြစ်ပါကြောင်း၊ လူသားချင်းစာနာထောက်ထားမှုများလည်း ပါဝင်ပါကြောင်း၊ လူသားချင်း စာနာထောက်ထားမှုသည် လိုအပ်သည့် စားနပ်ရိက္ခာ ဝေပေးရုံ ဖြည့်ဆည်းပေးရုံသာမက ပညာရေး၊ ကျန်းမာရေးကဏ္ဍ အဓိက ပါဝင်ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် ကျန်းမာရေးနှင့် ပတ်သက်၍ အားလုံးကို လွှမ်းခြုံနိုင်ရန် ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ ထို့သို့ ဆောင်ရွက်ရာတွင် Mobile Medical Clinic များ လိုအပ်လာပြီး လိုအပ်ချက်များကို ပြည်သူလူထုကလည်း သတိထားမိလာပါကြောင်း၊ လိုအပ်နေသည့် Mobile Medical Clinic နှင့် ပတ်သက်ပြီး ပြည်သူက ပြည်သူကိုပြန်ပြီး မျှဝေပေးသည့် စနစ်ပုံစံအတိုင်း နိုင်ငံသူ နိုင်ငံသားများ ပါဝင်ပြီး ဆောင်ရွက်ပေးနေကြကြောင်း Mobile Medical Clinic အနေဖြင့် အသုံးဝင်သည့် ကျန်းမာရေး စောင့်ရှောက်မှု ဖြစ်ပေါ်လာမည် ဖြစ်ပါကြောင်း။

**ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကူညီ**

ရခိုင်ပြည်နယ်တွင် မနေသော်လည်း ရခိုင်ပြည်နယ်သူ ပြည်နယ်သားများအတွက် အကျိုးရှိစေမည့် လုပ်ငန်းများကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကူညီရန် UEHRD ကို တည်ထောင်ထားခြင်းဖြစ်သည့်အတွက် UEHRD ၏ ရည်ရွယ်ချက်များလည်း အောင်မြင် ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတွင်းမှာရှိသည့် နိုင်ငံသူ နိုင်ငံသားများသာမက ပြည်ပရောက်နေသည့် နိုင်ငံသူ နိုင်ငံသားများ၏ ပါဝင်ပံ့ပိုးမှုသည် UEHRD ကို အထောက်အပံ့ပြု နေပါကြောင်း ပြောကြားသည်။

**စီးပွားရေးတိုးတက်ရန်လုပ်ဖို့လို**

ထို့နောက် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်က ရခိုင်ပြည်နယ်တွင် လွန်စွာအေးချမ်းသာယာသည့် ငပလီရှိသကဲ့သို့ လွန်စွာမြတ်နိုးစရာကောင်းသည့် မြောက်ဦးမြို့လည်း ရှိပါကြောင်း။ ရခိုင်ပြည်နယ်တွင် ပဋိပက္ခများ၊ အခက်အခဲများ ဖြစ်နေသည်ကို မကြည့်ဘဲ ရခိုင်ပြည်နယ်မှာရှိသည့် အခွင့်အလမ်းများနှင့် အလားအလာကောင်းများကိုကြည့်ရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးမှုတွင် ပါဝင်စေလိုပါကြောင်း၊ ရခိုင်ပြည်နယ်တွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ သားငါးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းများရှိပါကြောင်း၊ UEHRD ကို အကောင်အထည်ဖော်ရာတွင် ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေး၊ လူသားချင်းစာနာမှု အခြေအနေများသာမက အရေးကြီးဆုံးဖြစ်သည့် ဖွံ့ဖြိုးမှုအတွက် စီးပွားရေး တိုးတက်ရန် လုပ်ဖို့ လိုအပ်ပါကြောင်း၊ ရခိုင်ပြည်နယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသာ ရင်ဆိုင်နေရသည့် အခက်အခဲများကို ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ စီးပွားရေးတွင်လည်း ဘက်စုံဖွံ့ဖြိုးမှု လိုအပ်ပါကြောင်း၊ ရခိုင်ပြည်နယ်သည် အခြေခံကောင်းများ ရှိပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် UEHRD သို့ နည်းလမ်းမျိုးစုံဖြင့် ကူညီနိုင်ပြီး ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်း ဆောင်ရွက်စေလိုပါကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် ILBC Co. Ltd မန်နေဂျင်း ဒါရိုက်တာ ဦးတင်မောင်ဝင်းက Mobile Medical Clinic နှင့် ရူပါသိဒ္ဓိလျှပ်စစ်ကား လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး Care Well Medical Co.Ltd မန်နေဂျင်းဒါရိုက်တာ ဒေါက်တာမူယာညွန့်က Mobile Medical Clinic အကြောင်း ရှင်းလင်း ပြောကြားသည်။



Mobile Medical Clinic ရွေ့လျားဆေးကုသခန်းကို တွေ့ရစဉ်။



မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်ဝင်းက Mobile Medical Clinic နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးထံ ပေးအပ်စဉ်။

**လွှဲပြောင်းပေးအပ်**

ဆက်လက်၍ ILBC Co. Ltd မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်ဝင်းက Mobile Medical Clinic နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးထံ လွှဲပြောင်းပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက Mobile Medical Clinic နှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးထံ ပြန်လည်လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ILBC Co. Ltd မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်ဝင်းက အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) သို့ လှူဒါန်းသည့် ရူပါသိဒ္ဓိလျှပ်စစ်ကား စက်ရုံတွင်ထုတ်လုပ်သည့် လျှပ်စစ်ကားနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) Head of Supportive Group ဦးအေးလွင်ထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တက်ရောက်လာသူများက စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**လှည့်လည်ကြည့်ရှု**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် Mobile Medical Clinic (ရွေ့လျားဆေးကုသခန်း)အတွင်း ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ တပ်ဆင်ထားရှိမှုကို လှည့်လည် ကြည့်ရှုကြသည်။

ယနေ့ကျင်းပသည့် UEHRD ပြည်ထောင်စု စီမံကိန်းသို့ ရွေ့လျားဆေးကုသခန်း Mobile Medical Clinic လှူဒါန်းခြင်းနှင့်အတူ နိုင်ငံတော်၏လိုအပ်သောနေရာများတွင် အသုံးပြုရန် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) သို့ ရူပါသိဒ္ဓိလျှပ်စစ်ကား ထုတ်လုပ်ရေးစက်ရုံတွင် ထုတ်လုပ်သည့် Khitsan Vmax Series EA4 Station Wagon လျှပ်စစ်ကားကိုလည်း ILBC Co.,Ltd မှ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်း-မင်းသစ် (MNA)**
**ဓာတ်ပုံ-ရဲထွဋ်**



ရွှေတိဂုံစေတီတော် ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ အခမ်းအနား၊ ပန်းပေါင်း ၈၄၀၀၀ ပန်းစေတီလှည့်လည် ပူဇော်ပွဲကျင်းပစဉ်။

# ရွှေတိဂုံစေတီတော်တွင် ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့နှင့် ပန်းပေါင်း ၈၄၀၀၀ ပန်းစေတီလှည့်လည်ပူဇော် ဆက်ကပ်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၆**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က မြတ်ဗုဒ္ဓ၏ မမေ့အပ်ရာ နေ့ထူးနေ့မြတ် အခါတော်နေ့ အခမ်းအနားများကို စဉ်ဆက်မပြတ် ကျင်းပလျက်ရှိရာ ၁၃၈၀ ပြည့်နှစ် ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ အခမ်းအနား၊ ပန်းပေါင်း ၈၄၀၀၀ ပန်းစေတီလှည့်လည်ပူဇော်ဆက်ကပ်ပွဲနှင့် ဝါတွင်းသီလခံယူပွဲများကို ယနေ့နံနက် ၅ နာရီခွဲမှ စတင်၍ ရွှေတိဂုံစေတီတော် ရင်ပြင်တော်ပေါ်ရှိ သတ်မှတ်နေရာ အသီးသီး၌ ကျင်းပသည်။

ရှေးဦးစွာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး အသင်းအဖွဲ့များက စေတီတော်ရင်ပြင်တောင်ဘက်ရှိ ညောင်ခံတန်ဆောင်း၌ မြတ်စွာဘုရားအား ရည်မှန်း၍ စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ အမွှေးနံ့သာရည်များဖြင့် ဆက်ကပ်လှူဒါန်းကြပြီး ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းတွင် အသံမစဲ မေတ္တာပို့အောင်ပွဲနှင့် ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ အခမ်းအနားကို ကျင်းပသည်။

ထို့နောက် ရွှေတိဂုံစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်များကို ဆက်ကပ်လှူဒါန်းမည့် ပန်းပေါင်း ၈၄၀၀၀ ဖြင့် ပြုလုပ်ထားသည့် ပန်းစေတီလှည့်လည် ဆက်ကပ်လှူဒါန်းပွဲကို ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှ ရင်ပြင်တော်တစ်ပတ် လှည့်လည်ပူဇော်ပြီး စေတီတော်ရင်ပြင် တန်ဆောင်းအသီးသီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ပန်းစေတီများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များနှင့် ပရိသတ်များက ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဝါတွင်း သီလခံယူ ဆောက်တည်ကြပြီး ရင်ပြင်တော်ရောင်တော်ဖွင့် တန်ဆောင်းတွင် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရှိရသည်။

**သတင်း၊ ဓာတ်ပုံ- ဇော်မင်းလတ်**

# မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် သာသနနုဂ္ဂဟအသင်းများ စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူ

**ရန်ကုန် ဩဂုတ် ၂၆**

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနနုဂ္ဂဟအသင်း၊ ရန်ကုန်တိုင်းဒေသကြီး တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်သာသနနုဂ္ဂဟအသင်းများ စုပေါင်းဆွမ်းဆန်စိမ်း လောင်းလှူပွဲအခမ်းအနားကို ဩဂုတ် ၂၆ ရက်မွန်းလွဲ ၁ နာရီက ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး ရွှေသာလျောင်း ဂန္ဓကုဋိတိုက်အတွင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသဆရာတော်ကြီးထံမှ ညွှန့်ပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် အလှူခံယပ်တောင်များကို ဆက်ကပ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနနုဂ္ဂဟအသင်း ဗဟိုဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ၊ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေက ဆွမ်းဆန်စိမ်းလောင်းလှူရခြင်းနှင့် သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနနုဂ္ဂအသင်း ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး သာသနနုဂ္ဂဟအသင်းဥက္ကဋ္ဌ သုဓမ္မမဏိဇောတဓရ လူမှုထူးချွန် ဒေါက်တာ ရဲအောင်က လှူဒါန်းသူများ၏ စာရင်းကို ဖတ်ကြားလျှောက်ထားခဲ့သည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယဥက္ကဋ္ဌ ဆရာတော်ထံမှ ရေစက်ချအနုမောဒနာတရား နာယူခဲ့ကြပြီး အလှူရှင်များက ဆရာတော် သံဃာတော် ၁၀၈ ပါးတို့အား ဆွမ်းဆန်စိမ်း လောင်းလှူခဲ့ကြသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**



သာသနနုဂ္ဂဟအသင်းများ စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားတွင် ဆရာတော်ကြီးများထံမှ တက်ရောက်လာသူများက ဩဝါဒခံယူစဉ်။

# မြို့နယ်များတွင် ပြည်သူ့စကားဝိုင်းများကျင်းပ

**ပြည်သူများ အသိပညာဗဟုသုတ တိုးတက်လာစေရန်၊ ဌာနဆိုင်ရာများ၏ လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ ပြည်သူများသိရှိလိုသည်များကို အစိုးရဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် တိုက်ရိုက်တွေ့ဆုံမေးမြန်းပြီး ဆွေးနွေးတိုင်ပင်နိုင်ရန်၊ လူထု၏စဉ်းစားတွေးခေါ်မှု မြင့်မားလာစေရန်နှင့် အစုအဖွဲ့အတွင်း ပါဝင်ဆွေးနွေးတတ်သော အလေ့အထကောင်းများ ရရှိလာစေရန် ရည်ရွယ်ချက်များဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏စီစဉ်မှုဖြင့် မြို့နယ်အသီးသီးတွင် ကျင်းပလျက်ရှိသည်။**

## အုတ်တွင်း

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် သာဂရကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် “ကျေးလက်ဒေသဖွံ့ဖြိုးရေး ” ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးဆောင်ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းအား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးအောင်ဆန်းဦး၊ ဆည်မြောင်းဦးစီးအရာရှိ ဦးအောင်မြတ်ချို၊ စက်မှုလယ်ယာဦးစီးအရာရှိ ဦးအောင်ဆန်းနိုင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးအရာရှိ ဦးအောင်မြင့်ထွန်းတို့က မြို့နယ်အတွင်း စိုက်ပျိုးရေးကို အဓိကထားဆောင်ရွက်လျက်ရှိသည့် တောင်သူများအား မျိုးကောင်းမျိုးသန့် စပါးမျိုးများရရှိနိုင်ရေး၊ စိုက်ပျိုးမြေများ ကောင်းမွန်စွာ စိုက်ပျိုးနိုင်ရေးအတွက် မြေယာပြုပြင်ခြင်းများ ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည့် အထောက်အပံ့များ ရရှိနိုင်ရေး ၊ ကျေးလက်ဒေသလူနေမှုစနစ်မြင့်မားလာစေရေး၊ လျှပ်စစ်မီးအစားထိုးဆိုလာစနစ်ဖြင့် အသုံးပြုနိုင်စေရေး၊ ကျေးလက်ဒေသလူနေမှုဘဝလုံခြုံစွာနေထိုင်နိုင်ရေးအတွက် တရားဥပဒေစိုးမိုးနိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြကာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။

ပြည်သူ့စကားဝိုင်းသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ ၃၀၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်**

## ဒေးဒရဲ

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ဒေးဒရဲမြို့နယ် တည င်ကုန်းကျေးရွာ ပေါ်တော်မူဘုရားဝင်းအတွင်းရှိ ဦးကျော်ညွန့် တန်ဆောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော် ကိုယ်စား လှယ် ဒေါက်တာဒေါ်ခင်ညိုက ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လွှတ်တော်တွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းသဘောသဘာဝ၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူးဦးရဲအောင်က စိုက်ပျိုး



ရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးထက်ဝင်းရှိန်က ကျေးရွာများ လျှပ်စစ်မီးရရှိရေးဆောင်ရွက်နေမှု၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းအေးက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး တက်ရောက်လာကြသည့် ဒေသခံပြည်သူများက မိမိတို့ကျေးရွာတွင် လိုအပ်လျက်ရှိသည့် လုပ်ငန်းများကို ဆွေးနွေးမေးမြန်းခဲ့ရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေး ဖြေကြားခဲ့ကြသည်။

အဆိုပါ စကားဝိုင်းသို့ လွှတ်တော် ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျေးရွာများမှ ဒေသခံပြည်သူများနှင့် စိတ်ပါဝင်စားသူများ ၅၅၀ တက်ရောက် လေ့လာဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြင့်မြင့်ခိုင်(ပြန်/ဆက်)**

## ဟင်္သာတ

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်းစီစဉ် ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကိုဩဂုတ် ၂၂ ရက်က ဓမ္မိတိုက်နယ်ကျေးရွာအုပ်စု လေးဆူဓမ္မာရုံ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဟင်္သာတမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိဒေါက်တာတင်ထွဋ်ဝေ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနဦးစီးမှူး ဒေါ်ခိုင်ချိုလွင်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးမျိုးမင်းလွင်ဦး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာဖြူစင်သက်တို့က ဌာနလုပ်ငန်းများ အကြောင်းမိတ်ဆက်ရှင်းလင်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲသို့ ဓမ္မိတိုက်နယ်တွင်းမှ ဓမ္မိ၊ အင်္ဂရမ်း၊ နွယ်ခွေ၊ သစ်ဖြူကွင်း၊ ရွှာသာ၊ ကညင်ကောက်၊ ဆင်မသေ(ဓမ္မိ)၊ သဲဖြူ(ဓမ္မိ)၊ကင်မွန်းချောင်း၊ ကရင်အင်း၊ မြို့ကွင်း၊ ပြာသာ၊ ငါးဖား၊ငါးဖယ်ထူကျေးရွာအုပ်စု ၁၄ အုပ်စုမှ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြပြီး ကျေးရွာအုပ်စုအလိုက် ဒေသလိုအပ်ချက်များ တင်ပြဆွေးနွေးမေးမြန်းပြီး ဦးဆောင်ဆွေးနွေးသူများနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများက ကဏ္ဍအလိုက်ရှင်းလင်းဖြေကြားခဲ့သည်။

**ကျော်ကျော်(ပြန်/ဆက်)**

# ဗဟိုဘဏ်က ဒေါ်လာငွေကြေးလဲလှယ်နှုန်း ပေါက်ဈေးအပေါင်း၊ အနုတ်တွေနဲ့ ထိန်းချုပ်တာကနေ အခုလို အကျပ်အတည်းဖြစ်လာတော့ ထိန်းချုပ်မှုကို လွှတ်ပေးလိုက်တယ်။ ဒါကို ကျွန်တော်တို့က ကြိုဆိုတယ်

ဦးအေးလွင်

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏ လုပ်ငန်းတာဝန်များနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊ စိန်ခေါ်မှုများ စီးပွားရေးစကားဝိုင်း (အပိုင်း-၅)

### မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပြောင်းလဲမှုအတွက် အကျိုးရလဒ်၊ ရင်းနှီးမြှုပ်နှံသူများ လိုက်နာရမည့် အကြောင်းအရာ၊ လတ်တလောဖြစ်နေသည့် ဒေါ်လာငွေကြေးဈေးကွက်၊ ကမ္ဘာနှင့်မြန်မာစီးပွားရေးအခြေအနေ

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏ လုပ်ငန်းတာဝန်များနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ စိန်ခေါ်မှုများ ခေါင်းစဉ်ဖြင့် ကျင်းပသည့် စီးပွားရေး စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့သည်များကို ဆက်လက်ဖော်ပြအပ်ပါသည်။**



ဓာတ်ပုံ-ဖိုးဇော်

**“ အခု နောက်ဆုံးခွင့်ပြုလိုက်တဲ့ re-export သကြားခွင့်မပြုခင် ဒေါ်လာဈေး ဘယ်လောက်ရှိသလဲ စာရင်းကြည့်ပါ။ အခု re-export တန်ပေါင်းမြောက်မြားစွာ ပို့လိုက်တဲ့ တစ်လအကျော်မှာ ဒေါ်လာဘယ်လောက်အထိ တက်သွားလဲ။ စာရင်းဇယားက သက်သေခံပါတယ်။ တရားမဝင်တစ်ဖက်၊ တရားဝင်တစ်ဖက် ငွေကြေးလဲလှယ်မှုကို လုပ်ရတဲ့ စီးပွားရေးစနစ်သည် နှစ်ပေါင်းများစွာက လုပ်ရတဲ့စနစ်ကြောင့်လို့ ကျွန်တော်ပြောပြီးပါပြီ။ အခုအချိန်မှာတော့ တစ်စထက်တစ်စ နည်းပါးအောင်၊ တစ်စထက်တစ်စ တရားဝင်ဖြစ်အောင်လုပ်ပြီးတော့ နိုင်ငံခြားငွေ တရားဝင်ပိုမိုရရှိရေး၊ နိုင်ငံခြားငွေ တရားမဝင်မထွက်ရေးကို ထိန်းသိမ်းနိုင်ရင် လက်ရှိဒေါ်လာဈေးအတက်အကျကို ထိန်းသိမ်းနိုင်မယ်”**

(ယမန်နေ့မှအဆက်)

**မေး။ ။ လက်ရှိ မြန်မာနိုင်ငံမှာရော ကမ္ဘာ့နိုင်ငံတွေမှာပါ ဒေါ်လာဈေးနှုန်းနဲ့ ပတ်သက်ပြီးတော့ မတည်ငြိမ်မှုတွေရှိနေတယ်။ အဲဒါက မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုတွေအပေါ် ဘယ်လိုသက်ရောက်မှုတွေ ရှိလာနိုင်သလဲဆိုတာ ဆွေးနွေးပေးပါဦး။**

ဦးအေးလွင်။ ။ ဒေါ်လာဈေးက မြန်မာငွေ ၁၅၀၀ ကျော်သွားပြီ။ အသံတွေလည်း တော်တော်ကြားရပါတယ်။ ဒီကိစ္စက ကျွန်တော်တို့ မြန်မာနိုင်ငံမှာရော ကမ္ဘာမှာပါ တတိယအကြိမ် ဖြစ်တာပါ။ နှစ်ကြိမ်ဖြစ်ပြီးပါပြီ။ ဘယ်တုန်းကလည်းဆိုတော့ ၁၉၉၇ ခုနှစ် အာဆီယံ ငွေကြေးအကျပ်အတည်းကာလ တုန်းကလည်း အမေရိကန်တစ်ဒေါ်လာကို ထိုင်းငွေ ၂၅ ဘတ်ကနေ ၄၅ ဘတ်အထိ ဖြစ်သွားတယ်။ အဲဒီအချိန် ကျွန်တော့်ဆီမှာ တစ်ဒေါ်လာကျပ် ၇၀၀ ပတ်ဝန်းကျင်ကနေ ၈၀၀၊ ၉၀၀ အထိ ဖြစ်သွား တယ်။ ကျွန်တော်တို့ဆီက ကျသွားတဲ့ ငွေကြေးတန်ဖိုးက အခြား တိုင်းပြည်က ကျသွားတဲ့ ငွေကြေးတန်ဖိုးလောက် မဆိုးဘူး။ အဲဒီအချိန်မှာ ကျွန်တော်တို့ အများကြီး အထိမနာဘူး။ နောက်တစ်ခါ ၂၀၀၈ ခုနှစ်မှာ ကမ္ဘာ့ငွေကြေးအကျပ်အတည်းဖြစ်တယ်။ အဲဒီအချိန်မှာတော့ နိုင်ငံတော်ကရော၊ ပုဂ္ဂလိကရော စီးပွားရေး အရှိန်ရလာပြီ။ အဲဒီတုန်းကတော့ ထိခိုက်တာရှိတယ်။ အထူးသဖြင့် မြန်မာ့သစ်လုပ်ငန်းကနေ နိုင်ငံခြားကို ပို့မယ့်သစ်တွေ အဝယ်ရပ်သွားတယ်။ ၄၀ ရာခိုင်နှုန်း လောက်အထိကျပြီး ဝင်ငွေနည်းသွားတယ်။ အမေရိကန်ဒေါ်လာဈေးက ကျပ် ၁၂၀၀ လောက် ပြန်ဖြစ်သွားတယ်။

#### နိုင်ငံတွေအားလုံးကို ထိခိုက်

အခုကျတော့ အမေရိကန်နဲ့တရုတ်ပေါ့။ တရုတ်ကလည်း စီးပွားရေး အင်အားကြီးနိုင်ငံဖြစ်လာတယ်။ အမေရိကန်ကလည်း စူပါပါဝါပေါ့။ အဲဒီ စူပါပါဝါ နှစ်ယောက်ရဲ့ပြိုင်ဆိုင်မှုဟာ ကမ္ဘာ အရပ်ရပ်က နိုင်ငံတွေအားလုံးကို ထိခိုက်ပါတယ်။ ဘယ်သူက ပိုတောင့်တင်းသလဲ။ ဥပမာပြောရရင်-ဘယ်အိမ်က ကွန်ကရစ်လဲ၊ ဘယ်အိမ်က အုတ်ပတ်ကားလဲ၊ ပျဉ်ထောင်အိမ်လဲ၊ ဝါးထရံနဲ့လဲ ဆိုတာ နှိုင်းချင်ပါတယ်။ တရုတ်သည် ကွန်ကရစ်ပေါ့။ အင်မတန်ခိုင်မာပြီး အောင်မြင်တဲ့စီးပွားရေးလုပ်ငန်းကို ပိုင်ဆိုင်ထားတဲ့ လုပ်ငန်းရှင်ဖြစ်တဲ့အတွက် အမေရိကန်ရဲ့ impact (သက်ရောက်မှု) ကြောင့် အမေရိကန်ဒေါ်လာ ၁၀၃ ထရီလီယံ ပြည်သူထဲကို ချပေးလိုက်တယ်။ ဒါကလည်း သူ့ရဲ့ ၆ ဒသမ ၂ စွန်းစွန်း ယွမ်ငွေကို ထိန်းဖို့အတွက်ပါ။ ဒါပေမယ့် သူလည်း အခု ၇ ကျော်သွားတယ်။ သူလည်းကျသွားတယ်။ အဲဒီလိုပဲ အင်ဒိုနီးရှားနဲ့ ဗီယက်နမ်ဆိုရင် ၄၅ ရာခိုင်နှုန်းလောက် ထိသွားပါပြီ။ ထိုင်းနဲ့စင်ကာပူလည်း ကျလာတာပဲ။

ဒီနေ့ ကျွန်တော်တို့ တိုင်းပြည်အကြောင်း ပြောပါမယ်။ ကျွန်တော်တို့တိုင်းပြည်အပေါ်မှာ ကျွန်တော်ပြောခဲ့တဲ့ ဘယ်အိမ်အဆင့်မှာလဲဆိုတာ ပြည်သူတွေ ရိပ်မိပါလိမ့်မယ်။ ကျွန်တော် အရင်လူကြီးတွေကို အပြစ်တင်တာ မဟုတ်ပေမယ့် ၁၉၉၁ စီးပွားရေးပေါ်လစီစတဲ့ အချိန်ကနေ ၁၉၉၇ ခုနှစ်အထိ တော်တော်ကောင်းပါတယ်။ ကျွန်တော်တို့အပါအဝင် အားလုံးအရှိန်အဟုန်နဲ့ ပြေးတက်ကြတယ်။ ဒါပေမယ့် ၁၉၉၆-၁၉၉၇ ခုနှစ် နောက်ပိုင်းမှာ နိုင်ငံခြားငွေကို ထိန်းသိမ်းမယ်ဆိုတဲ့ ပေါ်လစီတစ်ခုပေါ်လာပြီး ပြည်ပပို့တဲ့ သူတွေအားလုံးရဲ့ပြည်ပပို့ကုန်ငွေကို ၆၀ အချိုး ၄၀ ဆိုပြီး အချိုးချိုးလိုက်တယ်။ ၆၀ သည် တိုင်းပြည်အတွက် လိုအပ်တဲ့ ပစ္စည်းပဲ တင်သွင်းရမယ်။ ၄၀ သည် တိုင်းပြည်အတွက် မရှိမဖြစ်လိုနေတဲ့ ဘိလပ်မြေ၊ သံချောင်း၊ စားအုန်းဆီ စတဲ့ အရာတွေကို တင်သွင်းရမယ်ဆိုပြီးတော့ ပေါ်လစီတစ်ခုပေါ်တဲ့ အချိန်မှာ အမေရိကန်ဒေါ်လာ ၂၇၅ လောက်ကနေ ၄၅၀ လောက် ဖြစ်သွားတယ်။ ဒါကြောင့် ဒေါ်လာကို ထိန်းပြန်ရင်လည်း မကောင်းဘူး။ မထိန်းပြန်တော့လည်း မကောင်းဘူး။ အဲဒီကနေ ၈၀ အချိုး ၂၀ ဆိုပြီး ထပ်ထိန်းတယ်။ ၆၀ အချိုး ၄၀ ကြောင့် နည်းနည်းခက်နေချိန်မှာ ၈၀ အချိုး ၂၀ ဆိုတော့ ပိုဆိုးသွားတယ်။

အဲဒီကာလမှာ ဘာပေါ်လာသလဲဆိုတော့ ပြည်ပကို (ပို့ကုန်) ကုန်တင်ပို့နေသူသည် ပြန်လည်တင်သွင်းတဲ့ (သွင်းကုန်) ကို တစ်ယောက်တည်း လုပ်နိုင်တဲ့ အရာကနေ ငွေလည်မှု နှုန်းထားကို ထိခိုက်ပြီးတော့ ပြည်ပကို တင်ပို့နေသူဟာ တင်ပို့တဲ့အလုပ်ကိုသာ လုပ်နိုင်တော့တယ်။ တင်သွင်းသူကလည်း တင်သွင်းတဲ့ အလုပ်သာ လုပ်နိုင်တော့တယ်။ အဲဒီမှာ ပို့ကုန်ပို့သူနဲ့ တင်သွင်းသူအကြားမှာ ငွေကြေးရောင်းချတဲ့ စနစ်တစ်ခု ဘဏ်တွေမှာ ပေါ်ပေါက်သွားတယ်။ ဒေါ်လာပွဲစားတွေ ပေါ်ပေါက်လာတယ်။ အဲ့ဒီကနေ ထိခိုက်လာတဲ့ အကျိုးသက်ရောက်မှုကနေ ပို့ကုန်တင်ပို့နေတဲ့ သူတွေအားလုံး ၁၀ ရာခိုင်နှုန်း ဖြတ်ပစ်ဆိုတဲ့ စနစ်တစ်ခုကို ရောက်သွားတယ်။ ဘယ်လောက်ရရ ၁၀ ရာခိုင်နှုန်း ဖြတ်ကွာဆိုတော့ ကမ္ဘာပေါ်မှာ ဘယ်စီးပွားရေးလုပ်ငန်းမဆို ၁၀ ရာခိုင်နှုန်းထက် မြတ်တာမရှိဘူး။ အဲဒီတော့ လုပ်ငန်းရှင်တွေက မြေအောက်ဈေးကစားတဲ့ပုံစံ လုပ်လာတယ်။ သစ်တစ်တန်သည် ဒေါ်လာ ၃၀၀၀ လောက်တန်ရင် ၁၅၀၀ လောက်ပဲ ပြတော့တယ်။ ပဲတစ်တန် ဒေါ်လာ ၆၀၀ ရောင်းလို့ရရင် ၄၀၀ ပဲပြတော့တယ်။ ဈေးကို ထိန်းချုပ်မှုလုပ်ပေမယ့်လည်း စာရွက်တွေပေါ်မှာပဲ ဈေးနှုန်းတွေချရေးပြီး တကယ့်အစစ်အမှန်ဈေးကို မပြောတော့ဘူး။ အဲဒါက နှစ်ပေါင်းများစွာ ကြာလာတော့ မျိုးဆက်တစ်ခုနဲ့ တစ်ခုသည် ဒါကို မှန်တယ်လို့ ထင်သွားကြတယ်။ ဒီနေ့အထိပဲ။

အဲဒီလိုဖြစ်လာတော့ ဘာတွေဆုံးရှုံးသွားလဲဆိုတော့ ထုတ်လုပ်မှု (manufacture) တွေ ကျသွားတယ်။ မြေဈေးတွေကြီးလာတယ်။ လုပ်ငန်းရှင်ကြီးတွေ အနိုင်ရသွားတယ်။ အိမ်ခြံမြေ အကျိုးဆောင်တွေ ပန်းပန်လာတဲ့ အချိန်မှာ စက်မှုလက်မှုတွေ ကျဆင်းသွားတယ်။ ဒါသည် အပြစ်သဘောပြောတာမဟုတ်ဘူး။ ရောဂါရဲ့ဇာစ်မြစ်ကို ကျွန်တော်တို့က ရှာဖို့လိုတယ်။ ရောဂါဇာစ်မြစ်သိမှ ဆရာဝန်သည် ဆေးအမှန်နဲ့ ကုသနိုင်မယ်။ ကိုယ်လုပ်တဲ့ဝေဒနာက ဘာခံစားလိုက်ရလဲဆိုတော့ ၁၉၉၀-၁၉၉၁ ခုနှစ်လောက်က တစ်ဖက်နိုင်ငံတွေက စီးပွားရေးမတိုးတက်ဘူး။ အဲဒီနောက်ပိုင်း မှ ဗီယက်နမ်စီးပွားရေး တက်လာတယ်။ ထိုင်းက တော်တော် တိုးတက်သွားတယ်။ တရုတ်က အံ့မခန်းတိုးတက်လာပြီး ကျွန်တော်တို့တိုင်းပြည်ရဲ့ ထုတ်ကုန်တွေသည် အိမ်နီးနားချင်းတိုင်းပြည်ကို သွားတဲ့အဆင့်ကနေ အိမ်နီးနားချင်းတိုင်းပြည်ကနေ ဝယ်စားရတဲ့ ၊ တင်သွင်းတဲ့ စနစ်အထိ ခံစားလိုက်ရတယ်။ ကျွန်တော်တို့ရဲ့သယ်ယူပို့ဆောင်ရေးစနစ် ဈေးကြီးလို့၊ မီးမမှန်လို့၊ ရေမမှန်လို့ မလိုလားအပ်တဲ့ တားဆီးမှုတွေသည် ကိုယ့်ရှူးကိုယ်ပတ်ပြီးတော့ ကျွန်တော်တို့ရဲ့ ထုတ်လုပ်မှုကျသွားတယ်။ တစ်ဖက်က တက်လာပြီး ဟင်းသီးဟင်းရွက်က အစ ထိုင်းကနေ ဝယ်စားရတဲ့ အဆင့်ရောက်သွားတယ်။

#### သားငါးအပါအဝင်

ဒါကြောင့် ဒီနေ့ဒေါ်လာဈေးသည် ဘယ်အပေါ်မှာမူတည်နေသလဲ။ လက်ရှိပို့နေတဲ့ လုပ်ငန်းရှင်တွေဟာ ရောင်းတဲ့အမှန်ဈေး အစိုးရကိုဖော်ပြပြီလား။ ဘီလီယံနဲ့ချီတဲ့ ဒေါ်လာတွေ စာရင်းမှာ ပျောက်နေပါတယ်။ တစ်ချိန်တုန်းက အမေရိကန် sanction (ပိတ်ပင်မှု)တွေရှိလို့ အကြောင်းကြောင်းတွေကြောင့် လုပ်ရတဲ့ ဘဏ်စနစ်ကအစ အခုဖွင့်လိုက်တဲ့အခါ ဝင်သင့်တဲ့ ပိုက်ဆံတွေ ပြန်မဝင်တဲ့အခြေအနေမှာ တွေ့နေရပါတယ်။ ဒါကိုလည်း ဖော်ထုတ်တော့ ဖော်ထုတ်နေပါတယ်။ ဖော်ထုတ်မှု အဖြေရလဒ်ကလည်း ထိထိရောက်ရောက် မရှိဘူး။ ဒေါ်လာသန်းပေါင်းများစွာ ပဲတွေပို့လိုက်တယ်။ သစ်တွေသာ ထွက်သွားတယ်။ ကျွန်တော်တို့ဆီ ပြန်မဝင်ဘူး။ နောက်တစ်ခါ ကျွန်တော်တို့ သယံဇာတဖြစ်တဲ့ ကျောက်မျက်ကအစ သားငါးအပါအဝင် ရောင်းတယ်။

#### တရားမဝင်ငွေကြေးလဲလှယ်မှု

လွန်ခဲ့တဲ့ ၁၅ နှစ်လောက်ကစပြီး ဒီနေ့အထိ မှန်ကန်တဲ့ စာရင်းဇယား၊ မှန်ကန်တဲ့ အချက်အလက်တွေပေါ်မှာ မရှိဘဲနဲ့ တင်ပြတဲ့ စာရင်းဇယားတွေအပေါ်မှာသာ master planning တွေ စီးပွားရေးပုံစံတွေ၊ တည်ဆောက်တဲ့အခါ မှန်ကန်ထိရောက်တဲ့ ရည်မှန်းချက်ကို မရောက်ဘူး။ အဲဒီတစ်ပြိုင်တည်းမှာတင် နယ်ခြားကုန်သွယ်မှုတွေမှာ တရားမဝင်ကုန်သွယ်မှုတွေက ပိုပြီးတော့များလာတယ်။ အဲဒီက ငွေကြေးတွေကလည်း ဒီကငွေကြေးတွေပါပဲ။ ဆိုလိုတာက တရားမဝင်ငွေကြေးလဲလှယ်မှုတွေ ဒီနေ့အထိရှိနေတယ်။ တရားဝင်ဖြစ်ရမယ့် နိုင်ငံခြားငွေတွေသည်လည်း စာရင်းဇယား မှန်မှန်နဲ့ မဝင်တော့ အခုရိုက်ခတ်တဲ့ ဂယက်ကြီးက ပျဉ်ထောင်အိမ်သာသာလောက် ကျွန်တော်တို့နိုင်ငံ အခြေမခိုင်လို့ ဒေါ်လာဈေးတွေ ရုတ်ခြည်းတန်းတက်သွားတယ်။ လူတွေ စိုးရိမ်မှု ဖြစ်တယ်လို့ ကျွန်တော်မြင်ပါတယ်။ ဒီအရာတွေ ကုစားဖို့အတွက် ဒီရလဒ်၊ ဒီအချက်တွေအပေါ် တွေ့ဆုံဆွေးနွေးမှုတွေ လုပ်မယ်။

ဗဟိုဘဏ်တစ်ခုတည်း တာဝန်ရှိတာမဟုတ်ပါဘူး။ သူသည်လည်း ထိုက်သင့်တဲ့ တာဝန်ရှိသလို ပို့ကုန်၊ သွင်းကုန်လုပ်ငန်း လုပ်နေတဲ့ သူတွေမှာလည်း တာဝန်ရှိတယ်။ မပေးသင့် မပေး ထိုက်တဲ့ စီးပွားရေး စနစ်တွေ၊ မလုပ်သင့် မလုပ်ထိုက်တဲ့ စီးပွားရေးစနစ်တွေကို ပြန်လည်သုံးသပ်ဖို့ လိုပါတယ်။ အထူးသဖြင့် re-export (ပို့ကုန်ကိုပြန်လည်တင်ပို့တဲ့) ကိစ္စမျိုးပါ။ သကြားတန်ပေါင်း သန်းချီပို့လိုက်တယ်။ အဲဒီငွေတွေ ဘယ်က ထွက်သွားလဲ။ ပုဂ္ဂိုလ်ရေးပြောတာ မဟုတ်ဘူး။ အခု နောက်ဆုံးခွင့်ပြုလိုက်တဲ့ re-export သကြားခွင့်မပြုခင် ဒေါ်လာဈေးဘယ်လောက်ရှိသလဲ စာရင်းကြည့်ပါ။ အခု re-export တန်ပေါင်း မြောက်မြားစွာ ပို့လိုက်တဲ့ တစ်လအကျော်မှာ ဒေါ်လာဘယ်လောက်အထိတက်သွားလဲ။ စာရင်းဇယားက သက်သေခံပါတယ်။ တရားမဝင်တစ်ဖက်၊ တရားဝင်တစ်ဖက် ငွေကြေးလဲလှယ်မှုကို လုပ်ရတဲ့ စီးပွားရေးစနစ်သည် နှစ်ပေါင်းများစွာက လုပ်ရတဲ့စနစ်ကြောင့်လို့ ကျွန်တော်ပြောပြီးပါပြီ။ အခုအချိန်မှာတော့ တစ်စထက်တစ်စ နည်းပါးအောင်၊ တစ်စထက်တစ်စ တရားဝင်ဖြစ်အောင်လုပ်ပြီးတော့ နိုင်ငံခြားငွေ တရားဝင်ပိုမိုရရှိရေး၊ နိုင်ငံခြားငွေ တရားမဝင်မထွက်ရေးကို ထိန်းသိမ်းနိုင်ရင် လက်ရှိဒေါ်လာဈေးအတက်အကျကို ထိန်းသိမ်းနိုင်မယ်လို့ ကျွန်တော်နားလည်တတ်ကျွမ်းသလောက် လက်တွေ့ဖြတ်သန်းလာရတဲ့ ဘဝကို မူတည်ပြီးတော့ ပြောတာပါ။ ကျွန်တော်စီးပွားရေးပညာရှင် မဟုတ်ပါဘူး။ ကျွန်တော်ပြောတဲ့ အချက်အလက်တွေသည် ရာနှုန်းပြည့်မှန်ချင်မှ မှန်မယ်။ ဒေါ်လာဈေးတက်ခြင်း၊ ကျခြင်းရဲ့ တစ်ဝက်မှန်ရင် မှန်မယ်။ လေးပုံတစ်ပုံ မှန်ရင်မှန်မယ်။ ကျွန်တော်မျှဝေတာသည် ဒေါ်လာဈေးတက်ခြင်း၊ ကျခြင်းဟာ လက်ရှိအစိုးရရဲ့စီမံခန့်ခွဲမှု တချို့တစ်ဝက် အားနည်းတာရှိသလို ပတ်ဝန်းကျင်နိုင်ငံကြီးတွေရဲ့တိုက်ခိုက်မှု ပါလာတဲ့အခါ အိမ်နီးနားချင်း တိုင်းပြည်တွေလည်း ခံရပါတယ်။ ဒါကို အမြန်ကုစားဖို့၊ ပွင့်ပွင့်လင်းလင်း ဆွေးနွေးတိုင်ပင်ဖို့လိုပါကြောင်း ကျွန်တော် ဆွေးနွေးပြောကြားပါတယ်။

**မေး။ ။ နိုင်ငံခြားငွေ ရောင်းဝယ်တဲ့အပေါ် ဗဟိုဘဏ်အနေနဲ့ ထိန်းချုပ်သတ်မှတ်ထားတာကို အခု ဩဂုတ် ၁၃ ရက်ပါ ရက်စွဲနဲ့ ပယ်ဖျက်ခဲ့ပါတယ်။ အဲဒီအပေါ် ဘယ်လို မြင်သလဲဆိုတာကို စကားဝိုင်းနောက်ဆုံးပိတ် ဆွေးနွေးမှုအနေနဲ့ ဆွေးနွေးပေးပါဦး။**

ဦးအေးလွင်။ ။ ကျန်ခဲ့တဲ့ ရက်ပိုင်းတုန်းက ဒေါ်လာဈေးတွေ ရုတ်ခြည်းမြင့်တက်လာတော့ ဗဟိုဘဏ်က ကြေညာချက်တစ်စောင် ထုတ်လိုက်တယ်။ ဗဟိုဘဏ်အနေနဲ့ ဈေးနှုန်းကွာခြားချက်ကို ထိန်းထားတယ်။ ပြောရရင် မူလက ၆ ကျပ်ရှိတယ်။ ကျန်ခဲ့တဲ့ အစိုးရလက်ထက်မှာ ပြောင်းလဲလိုက်တယ်။ လက်ရှိ ဒေါ်လာဈေးနှုန်း (current price) ကို လက်ခံလိုက်တယ်။ ကိုယ်ပိုင်ဘဏ်လုပ်ငန်း လုပ်ကိုင်နေသူတွေကို အသုံးပြုခွင့်ပေးလိုက်တယ်။ အဲဒီအတွက်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက ချက်ချင်းဝင်လာတယ်။ အရင်က တရားဝင်ဒေါ်လာဈေး ၆ ကျပ်၊ တရားမဝင်အပြင်မှာ ငွေကျပ် ၈၀၀၊ ၁၀၀၀ ဆိုတာက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အတားအဆီးဖြစ်တယ်။ အစိုးရက လက်ရှိပေါက်ဈေးနှုန်းအတိုင်း ဒေါ်လာဈေးကို ပြောင်းလဲတယ်လို့ ကြေညာတဲ့အခါမှာ ရင်းနှီးမြှုပ်နှံမှု တော်တော်များများက ဝင်လာကြတယ်။ ဝင်လာလို့လည်း ကောင်းတယ်။ စာရွက်ပေါ်မှာ ရှိနေတဲ့ စာရင်းဇယားတွေကလည်း မှန်ကန်တယ်။ နိုင်ငံသား ပို့ကုန်တင်ပို့နေသူတွေကလည်း ငွေလဲလှယ်နှုန်းနဲ့ စာရင်းဆွဲကြရတယ်။ အဲဒီကနေ ဗဟိုဘဏ်က ဒေါ်လာငွေကြေးလဲလှယ်နှုန်း ပေါက်ဈေးအပေါင်း၊ အနုတ်တွေနဲ့ ထိန်းချုပ်တာကနေ အခုလို အကျပ်အတည်းဖြစ်လာတော့ ထိန်းချုပ်မှုကို လွှတ်ပေးလိုက်တယ်။ ဒါကို ကျွန်တော်တို့က ကြိုဆိုတယ်။

#### ဝယ်လိုအား၊ ရောင်းလိုအား သီအိုရီ

ဗဟိုဘဏ်ကပဲ ထိန်းလို့မရဘူး။ ဒီငွေကြေးပေါ်မှာပဲ ကစားပြီး ကုန်တွေကို သွင်းတာ ထုတ်တာ လုပ်နေရတော့ ရင်းနှီးမြှုပ်နှံတဲ့ သူတွေနဲ့လည်း ဆိုင်တဲ့အတွက် ဝယ်လိုအား၊ ရောင်းလိုအား သီအိုရီအရ ဝယ်သူများရင် ဈေးကကွာရင် ကွာသွားမယ်။ ရောင်းသူများရင်လည်း ခပ်စိတ်စိတ်ဖြစ်ရင် ဖြစ်သွားမယ်။ ဒီလိုဖွင့်ပေးခြင်းဟာ လုပ်ငန်းရှင်တွေအတွက်ပိုပြီး မျှမျှတတဖြစ်လာမယ့် အပြင် ခုနကပြောတဲ့ ပျောက်နေတဲ့ ငွေကြေးတွေ၊ နောက်ကွယ်က လွှဲပြောင်းနေတဲ့ ငွေကြေးတွေ (hiding transfer)၊ တရားမဝင်လဲလှယ်နေတဲ့ငွေကြေးတွေ (illegal transfer) အားလုံးကို ဥပဒေအတိုင်းဖြစ်အောင် လုပ်လိုက်မယ်ဆိုရင် ကိန်းဂဏန်းတစ်ခု ပေါ်လာမယ်။ ဒါဆိုရင် ကျွန်တော်တို့က ဘယ်လို တည်ဆောက်ရမလဲ၊ ဘယ်လိုတားဆီးရမလဲ၊ ဘယ်လိုကာကွယ်ရမလဲ၊ ဘယ်လို အားပေးရမလဲဆိုတဲ့ စီမံချက်မျိုး ရလာမယ်။ ဗိုက်နာသလိုလို၊ ရင်ဘတ်အောင့်နေသလိုလို ဖြစ်နေမယ့်အစား ဗိုက်လား၊ ရင်ဘတ်လားသိအောင် လုပ်ချလိုက်တယ်လို့ ကျွန်တော်မြင်ပါတယ်။ ။




# ပထမအကြိမ်မြန်မာ့သိုင်းစုံညီပွဲတော် မုံရွာမြို့တွင် ကျင်းပ မြန်မာ့ရိုးရာသိုင်းပညာရှင် ၅၀ ကျော်တက်ရောက်

**မုံရွာ ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီး အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံ အားကစားရုံကြီးတွင် ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီက ပထမအကြိမ် မြန်မာ့သိုင်းစုံညီပွဲတော်ကို ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါ်မွှေးမွှေးခင်နှင့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် အတွင်းရေးမှူးတို့က အမှာစကားပြောကြားကာ မြန်မာ့သိုင်းစုံညီပွဲတော်ကို ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်၏ အခြေခံသင်ရိုးအပိုင်း ၁ မှ အခြေခံ ၆၃ မောင်း နည်းစနစ်အား လယ်ဇင်သိင်္ဂီမောင်သိုင်းအဖွဲ့က သရုပ်ပြသခဲ့ပြီး မြန်မာ့သိုင်းစုံညီပွဲတော်သို့ တက်ရောက်လာသော မြန်မာနိုင်ငံတစ်ဝန်းမှ မြန်မာ့ရိုးရာသိုင်းဆရာကြီးများက မြန်မာ့ရိုးရာသိုင်းပညာများကို ပြသခဲ့သည်။

မြန်မာ့သိုင်း စုံညီပွဲတော်သို့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း၊မြောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီးနှင့် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များမှ မြန်မာ့ရိုးရာသိုင်းပညာရှင် ၅၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**



# မြန်မာ- ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံတပ်ရင်းမှူးအဆင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၆**

မြန်မာ- ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံတပ်ရင်းမှူးအဆင့် တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၂၅ ရက် မွန်းတည့်၁၂နာရီတွင် မြန်မာနိုင်ငံဘက်အခြမ်း ဇီးပင်ချောင်း ချောင်းဝကင်းစခန်းတွင် ကျင်းပသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံသို့ ဝင်ရောက်လာသော ကျွဲများသည် ဘင်္ဂလားဒေ့ရှ် နိုင်ငံဘက်ခြမ်းမှ ဝင်ရောက်လာသည်ကို စိစစ်တွေ့ရှိရ၍ ပြန်လည်လွှဲပြောင်းပေးမှု၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်နှိမ်နင်းရေး လုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ရန်၊ နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း လှည့်ကင်းဆောင်ရွက်ရန်နှင့် အချိန်နှင့်တစ်ပြေးညီ သတင်းညှိနှိုင်းဖလှယ်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ခုနစ်ဦး၊ ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်မှ ကိုးဦးနှင့် ကျွဲပိုင်ရှင်တို့ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# "ဟီးဟီးဟားဟား" ရုပ်ရှင်ဇာတ်ကား ဩဂုတ် ၃၁ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်

**ရန်ကုန် ဩဂုတ် ၂၆**

အောင်သီရိ ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဒါရိုက်တာ ပြည်ဟိန်းသီဟ ရိုက်ကူးထားသည့် "ဟီးဟီးဟားဟား" ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်း အကြိုမိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက ရန်ကုန်မြို့သမ္မတ အဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး ဩဂုတ် ၃၁ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားတွင် မြင့်မြတ်၊ ရွှေမှုံ့ရတီ၊ တက္ကသိုလ် ဂွမ်းပုံ၊ ညောင်ညောင်၊ ငှက်ပျောကြော်၊ ဇော်ဝင်းနိုင်(မန်း)၊ ဂွမ်းပုံကြီး၊ ကေညီ၊ နေလင်း၊ ကစ်ကစ်၊ အေးအေးခိုင်၊ နှိုင်းယှဉ်မြင့်မိုရ် နှင့် အခြားသော အနုပညာရှင်များပါဝင်ပြီး ဇာတ်ကားမှာ အမြတ်ကြီးစား ဝိသမလောဘသမားများထံမှ ရွှေငွေများကို ဓားပြတိုက်ပြီး ချို့တဲ့သူတို့အား ပြန်လည်မျှဝေပေးသည့် အမျိုးသမီးဓားပြအဖွဲ့ကို စိတ်ကူးယဉ် ပုံဖော်ရိုက်ကူးထားသည့် ဟာသ ဇာတ်ကားကြီးဖြစ်ကြောင်း သိရသည်။


ဒါရိုက်တာ ပြည်ဟိန်းသီဟ


သရုပ်ဆောင် ရွှေမှုံ့ရတီ


သရုပ်ဆောင် ကေညီ


သရုပ်ဆောင် ဂွမ်းပုံကြီး

ဒါရိုက်တာ ပြည်ဟိန်းသီဟက " ရွှေမှုံ့ရတီဆိုလည်း ဒီဇာတ်ကားမှာ ထူးထူးခြားခြား ဓားပြဗိုလ်မလေးလုပ်ရတဲ့ ပုံစံမျိုးဆိုတော့ သူ့ရဲ့ဇာတ်ရုပ်နဲ့ လိုက်တယ်လို့ထင်တယ်။ ကိုမြင့်မြတ်ကလည်း ဇာတ်ရုပ်အစုံလုပ်နိုင်တဲ့သူဆိုတော့ သူနဲ့ လိုက်ဖက်တယ်ဆိုပြီး ရွေးချယ်ခဲ့တာပါ။ ဒီကားကို ၂၀၁၆ ခုနှစ်လောက်က ရိုက်ခဲ့တာပါ။ ကျေနပ်အားရမှုရှိပါတယ်။ အချိန်အများကြီး ရတဲ့အတွက်ကြောင့် အကောင်းဆုံးပြင်ဆင်ပြီးမှ ရုံတင်တာပါ။ ဟာသကားဖြစ်တဲ့အတွက် ထူးထူးခြားခြား သင်ခန်းစာ ပေးတာမျိုးတော့ မရှိပါဘူး။ ပရိသတ်တွေအနေနဲ့ လာရောက်ကြည့်ရှုတဲ့ အချိန်မှာ သောကတွေ ခဏတာ ပြေပျောက်သွားရင် ကျွန်တော်တို့အတွက် ပြည့်စုံလုံလောက်ပါပြီ"ဟု ပြောသည်။

သရုပ်ဆောင် ရွှေမှုံ့ရတီက " ဒီကားထဲမှာ ဓားပြဗိုလ်မလေးပါ။ ဒီလိုဇာတ်ရုပ်မျိုးကို တစ်ခါမှမရိုက်ဖူးသေးပါဘူး။ ဒီဇာတ်ကားက ပထမဆုံးပါ။ ဒီဇာတ်ကားလေးနဲ့ပတ်သက်ပြီး ကျေနပ်အားရမှုရှိပါတယ်။ ဒီကားမှာ မျက်နှာအမူအရာ တော်တော်များများ သုံးထားရတယ်။ အမှတ်တရတွေကတော့ အများကြီးရှိခဲ့ပါတယ်"ဟု ပြောသည်။

သရုပ်ဆောင် ကေညီက" ဒီဇာတ်ကားလေးထဲမှာဆိုရင် ကျွန်တော်က ဓားပြပါ။ ဒါပေမယ့် ရိုးရိုးဓားပြတော့ မဟုတ်ပါဘူး။ ဓားပြအခြောက်တစ်ယောက်ပါ။ ဇာတ်ရုပ်ပိုင်းက ကျွန်တော့်အတွက် လုပ်ရတာနည်းနည်းလေးဆန်းပါတယ်။ ဓားပြဆိုတော့ မာမာထန်ထန်နေပြီးတော့ ပျော့ပြီး ခြောက်နေရတာမျိုးပါ။ လုပ်ကွက်လေးတွေအပေါ် ကျေနပ်အားရပါတယ်။ ဟီးဟီးဟားဟားဆိုပြီး နာမည်ကြည့်ရုံနဲ့ ပေါ်တောတော မထင်ပါနဲ့ တကယ့်ကို ဇာတ်လမ်း၊ ဇာတ်ကွက်တိုင်းမှာ သဘာဝကျကျရယ်ရအောင် အားလုံးက ကြိုးစားထားကြတယ်။ ဒီကားလေးကို လာကြည့်ရင်းနဲ့ ဘဝအမောတွေပြေမယ်လို့ ယုံကြည်ပါတယ်" ဟု ပြောသည်။

သရုပ်ဆောင် ဂွမ်းပုံကြီးက " တခြားဇာတ်ကားတွေထဲမှာဆိုရင် ဓားပြလုပ်တဲ့သူ၊ လူဆိုးလုပ်တဲ့ဇာတ်ရုပ်တွေကို မင်းသားတွေနဲ့ ဇာတ်ပို့၊ ဇာတ်ရံတွေက သာလုပ်ကြတယ်။ ဒီကားမှာတော့ မင်းသမီးကိုယ်တိုင်က ဓားပြဗိုလ်လုပ်တယ်ဆိုတော့ တခြားဇာတ်ကားတွေနဲ့ ယှဉ်ရင် နည်းနည်းကွဲထွက်သွားတဲ့ဇာတ်ကားပါ။ ဟာသကားတော့ ဟာသကားပါပဲ။ ဒါပေမယ့် တစ်မူကွဲပြားသွားတဲ့ ဟာသကားလေး ဖြစ်ပါလိမ့်မယ်။ အားလုံး လာရောက်အားပေးကြပါ"ဟု ပြောသည်။

**သတင်း-ဇော်ကြီး**
**ဓာတ်ပုံ-ဖေဇော်**


"ဟီးဟီးဟားဟား" ရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

# (၂၆)ကြိမ်မြောက် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲ မန္တလေးမြို့၌ ကျင်းပ စက်ဘီးစီးဝါသနာရှင်ပြည်သူ ၃၀၀ ကျော် ပါဝင်ဆင်နွှဲ

**မန္တလေး ဩဂုတ် ၂၆**

စက်ဘီးစီးအားကစားနည်းကို ပြည်သူလူထုတစ်ရပ်လုံး စိတ်ပါဝင်စားလာစေရန်၊ စက်ဘီးစီးနင်းခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန် ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့က ကြီးမှူးကာ လစဉ်နောက်ဆုံးပတ်တွင် ကျင်းပလျက်ရှိရာ (၂၆)ကြိမ်မြောက် လူထုစုပေါင်း စက်ဘီးစီးနင်းပွဲကို ယနေ့ နံနက် ၅ နာရီခွဲက မန္တလေးမြို့ ကျုံးတောင်ဘက် ၂၆ လမ်းရှိ မြို့တော်စည်ပင်ရုံးရှေ့ စုရပ်နေရာ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးနိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မိုး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ဝင်းထွန်းနှင့် ဌာနဆိုင်ရာများ၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့မှ စက်ဘီးစီးကလပ်အသင်းများမှ စက်ဘီးအားကစားသမားများ၊ အား/ကာသိပ္ပံမှ စက်ဘီးစီးသမား ကျောင်းသား ကျောင်းသူများ၊ သက်ကြီး၊ သက်လတ်၊ သက်ငယ် စက်ဘီးစီး အားကစားဝါသနာရှင် ပြည်သူများ၊ ဝန်ထမ်းများနှင့် စုပေါင်းစက်ဘီးစီးနင်း ပါဝင်ဆင်နွှဲခဲ့ကြသူများသည် သတ်မှတ်စုရပ်နေရာတွင် ရောက်ရှိနေရာ ယူကြသည်။

ယနေ့ စုပေါင်းစက်ဘီးစီးနင်းပွဲတွင် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က အချက်ပြသေနတ်ပစ်ဖောက်၍ တာလွှတ်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ စက်ဘီးအားကစားသမား ဝါသနာရှင် သက်ကြီး၊ သက်လတ်၊ လူငယ် လူရွယ် ပြည်သူများ၊ ဝန်ထမ်းများ ၃၂၀ ကျော်တို့သည် စုရပ်နေရာမှ ၂၆ လမ်းအတိုင်း လမ်း ၈၀ သို့၊ ထိုမှကျုံးမြောက်ဘက် ၁၂ လမ်း၊ ထိုမှရွှေမန်းတောင်ဂေါက်ကွင်းလမ်းအတိုင်း မန္တလေးတောင်ကိုပတ်၍ ကျုံးအရှေ့ဘက် ၆၆ လမ်းအတိုင်း၊ ကျုံးတောင်ဘက် ၂၆ လမ်းတာလွှတ် စုရပ်နေရာထိ မန္တလေးတောင်ပတ်၍ ကျုံးတစ်ပတ် စက်ဘီးစီးနင်းကြပြီး ပျော်ရွှင်စွာ စုပေါင်းဆင်နွှဲ ပန်းဝင်ရောက်ရှိလာကြကာ ကိုယ်လက်လှုပ်ရှားကြံ့ခိုင်မှု လေ့ကျင့်ခန်းများ ပြုလုပ်ကြပြီး ဆင်နွှဲပါဝင်ကြသည့် စက်ဘီးစီးအားကစားမောင်မယ် ဝါသနာရှင်ပြည်သူများအား စေတနာရှင်များက



100 PLUS အားဖြည့်အချိုရည်ဘူးများ ပေးဝေခဲ့ကြသည်။

အဆိုပါ ပြည်သူလူထု စုပေါင်းစက်ဘီးစီးနင်းပွဲကို လစဉ်လ၏ နောက်ဆုံးပတ် စနေ၊ တနင်္ဂနွေနေ့တွင် ကျင်းပလျက်ရှိရာ မည်သူမဆို အကန့်အသတ်မရှိ မည်သည့်စက်ဘီးနှင့်မဆို ပါဝင်စီးနင်းဆင်နွှဲနိုင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## မန္တလေး၊ လားရှိုး၊ မူဆယ်ပြည်ထောင်စုလမ်းမကြီးရှိ ဂုတ်တွင်းလမ်းပိုင်းပြင်ဆင်ရန် ခေတ္တပိတ်မည်

**သီပေါ ဩဂုတ် ၂၆**

ရှမ်းပြည်နယ်မြောက်ပိုင်း မန္တလေး၊ လားရှိုး၊ မူဆယ်ပြည်ထောင်စုလမ်းမကြီးရှိ ကျောက်မဲ၊ နောင်ချိုဂုတ်တွင်းလမ်းပိုင်း မိုင်တိုင် အမှတ် ၈၃/၄ ကွေ့၊ အမှတ် ၇ ကုလားမကွေ့တွင် ယာဉ်များမကြာခဏ တိမ်းမှောက်မှုများ ဖြစ်ပွားနေ၍ လမ်းပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ဩဂုတ် ၂၇ ရက် မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအထိ ယာဉ်များ အသွား၊ အလာ ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ကျောက်မဲခရိုင် အမှတ် ၁၂၀ ယာဉ်ထိန်းရဲတပ်ဖွဲ့စု ဒုရဲမှူးကျော်ကျော်ထွန်းထံမှ သိရသည်။

**စိုင်း(သီပေါ)**

**❍ ကျောဖုံးမှ**

မီတာ ၅၀၀ အမျိုးသားပြိုင်ပွဲတွင် တရုတ်(တိုင်ပေ)အသင်းက ရွှေတံဆိပ်၊ တရုတ် အသင်းက ငွေတံဆိပ်၊ အိမ်ရှင် အင်ဒိုနီးရှားအသင်းက ကြေးတံဆိပ်ရခဲ့ပြီး မြန်မာအသင်းသည် ၂ မိနစ် ၂၀ ဒသမ ၄၆၇ စက္ကန့်ဖြင့် အဆင့် ၆ နေရာသာရခဲ့သည်။ မြန်မာလှေလှော်အသင်းသည် ရိုးရာလှေပြိုင်ပွဲတွင် မီတာ ၂၀၀၊ မီတာ ၅၀၀ အမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲ လေးမျိုးစလုံးတွင် ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။

မြန်မာလှေလှော်အသင်းသည် ရိုးရာလှေပြိုင်ပွဲတွင် နောက်ဆုံးပြိုင်ပွဲဖြစ်သည့် မီတာ ၁၀၀၀ အမျိုးသားပြိုင်ပွဲ ယှဉ်ပြိုင်မည်ဖြစ်ပြီး ယင်းပြိုင်ပွဲကို ဩဂုတ် ၂၇ ရက် **(ယနေ့)** ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## မူးယစ်ဆေးဝါး ဆိုးကျိုး/ပြစ်ဒဏ်အကြောင်း အသိပညာပေးဟောပြော

**နေပြည်တော် ဩဂုတ် ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများ၊ ပြစ်ဒဏ် စသည့်အကြောင်းအရာများ အသိပညာပေးဟောပြောခြင်းကို ဩဂုတ် ၂၅ ရက်က အောင်သာယာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပရာ ပတ္တာနယ်မြေရဲစခန်းမှူး ရဲအုပ် ဝင်းရွှင်နှင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဇော်လင်းထက်တို့က အသိပညာပေးဟောပြောခဲ့ပြီး အခမ်းအနားသို့ ရပ်ကွက်အုပ်ချုပ် ရေးမှူးနှင့် ဒေသခံ ၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

## ကျိုင်းတုံမြို့နယ် အခြေခံပညာ ကျောင်းပေါင်းစုံ(ကျား) ဘောလုံးပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

**ကျိုင်းတုံ ဩဂုတ် ၂၆**

ကျိုင်းတုံမြို့နယ် ပညာရေးမှူးဖလား အခြေခံပညာ ကျောင်းပေါင်းစုံ အသက် ၁၆ နှစ်အောက်နှင့် ၁၄ နှစ်အောက် ဘောလုံးပြိုင်ပွဲများဖွင့်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ကျိုင်းတုံခရိုင် ဘောလုံးကွင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့် အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းနုက ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲစည်းကမ်းများကို ဖတ်ကြားပြီး မြို့နယ်အားကစားမှူး ဦးစိုင်းချစ်အောင်က ပြိုင်ပွဲအတွက် ဘောလုံးများ လှူဒါန်းသည်။ ဆက်လက်၍ ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုပြီး မြန်မာ့ကျောင်း သီချင်းကို သံပြိုင်သီဆိုကြသည်။ ယင်းနောက် ၁၆ နှစ်အောက် အထက(ကတ်တောင်)နှင့် အထကခွဲ (ယန်းလူး)တို့ ယှဉ်ပြိုင်ကြသည်။



ပြိုင်ပွဲကို ကျိုင်းတုံမြို့နယ်အတွင်းရှိ အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းကျောင်းများမှ ၁၆ နှစ်အောက် ၁၅ သင်း၊ ၁၄ နှစ်အောက် ၂၃ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး စက်တင်ဘာလ ၂၃ ရက်တွင် ဗိုလ်လုပွဲ ကျင်းပမည်ဖြစ်သည်။ ယခုပြိုင်ပွဲမှ ကျိုင်းတုံခရိုင်ကျောင်းသား ဘောလုံးအသင်း ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

## ဖားကန့်မြို့နယ်၌ တောဆင်ရိုင်းနင်းမိ၍ တောင်ယာလုပ်ကိုင်သူနှစ်ဦး သေဆုံး

**ဖားကန့် ဩဂုတ် ၂၆**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်၌ ဩဂုတ် ၂၄ ရက်က တောင်ယာလုပ်ကိုင်သူနှစ်ဦး တောဆင်ရိုင်းနင်းမိ၍ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၄ ရက် ည ၉ နာရီခန့်က ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု လုံးခင်း-တောမော်သွားလမ်း၏ မြောက်ဘက် သုံးမိုင်ခန့်အကွာတွင် တောင်ယာလုပ်ကိုင်နေသူနှစ်ဦးဖြစ်သည့် ဦးယိန်ခေါသက်(၅၀ နှစ်)နှင့် ဦးဝဒူးတန်ဂွမ်း(၅၅ နှစ်)တို့ သည် တဲအတွင်းအိပ်ပျော်နေစဉ် တောဆင်ရိုင်းသုံးကောင်က တောင်ယာတဲကို ဝင်ရောက်ဖျက်ဆီးခဲ့၍ တောဆင်ရိုင်းနင်းမိကာ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဩဂုတ် ၂၅ ရက် နံနက် ၁၁ နာရီခွဲတွင် သေဆုံးသူနှစ်ဦး၏ရုပ်အလောင်းကို သင်္ဂဟလူမှုကူညီရေးအသင်းက မော်တော်ယာဉ်ဖြင့် သွားရောက်သယ်ဆောင်ကာ လုံးခင်းနယ်မြေရဲစခန်းမှ တာဝန်ရှိသူများက သေမှုသေခင်းဖွင့်ခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ဖားကန့်မြို့နယ်၌ နေအိမ်အတွင်း ဒသမတန်းကျောင်းသူတစ်ဦး အသတ်ခံရ

**ဖားကန့် ဩဂုတ် ၂၆**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်၌ ဩဂုတ် ၂၅ ရက် မွန်းတည့် ၁၂ နာရီခန့်က နေအိမ်အတွင်းဝင်ရောက်ကာ ဆယ်တန်းကျောင်းသူတစ်ဦးအား သတ်ဖြတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ငြိမ်းချမ်းသာယာ အပိုင်း ၁၀ ရှိ နေအိမ်ခြံဝင်းအတွင်း၌ မိန်းကလေးတစ်ဦး လဲကျသေဆုံးနေကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးက ဖုန်းဆက်အကြောင်းကြားခဲ့၍ လုံးခင်းနယ်မြေရဲစခန်းမှူး ဒုတိယရဲမှူး စိန်မြင့်ထွန်းနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုရာ သေဆုံးသူမှာ ဒသမတန်းကျောင်းသူ (အောင်ပန်းခင်းဘော်ဒါဆောင်နေ) မသဲနုအောင်(၁၆ နှစ်) ဖြစ်ပြီး ခန္ဓာကိုယ်တွင် ထိုးသွင်းဒဏ်ရာနှင့် ပြတ်ရှဒဏ်ရာများဖြင့် လဲကျသေဆုံးနေသည်ကို တွေ့ရှိရကြောင်း သိရသည်။

ဒေါ်မိမိထွေး(သေဆုံးသူ၏မိခင်)၏ ပြောပြချက်အရ ဩဂုတ် ၂၅ ရက် နံနက် ၁၁ နာရီခွဲက မောင်ဝမ်းကွဲ၏ဇနီးအား ဆေးခန်းသို့ပို့ဆောင်ရန် နေအိမ်မှကားဖြင့် ထွက်ခွာစဉ် သမီးဖြစ်သူသည် နေအိမ်၌တစ်ဦးတည်း ကျန်ရှိခဲ့ကြောင်း၊ မွန်းလွဲ ၂ နာရီခွဲက ဆေးခန်းမှ နေအိမ်သို့ ပြန်လည်ရောက်ရှိချိန်တွင် မသဲနုအောင်မှာ နေအိမ်ခြံဝင်းအတွင်း ဒဏ်ရာများဖြင့် လဲကျသေဆုံးနေသည်ကို တွေ့ရှိရကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ လုံးခင်းနယ်မြေရဲစခန်းတွင် မသဲနုအောင် သေဆုံးမှုအပေါ် သေမှုသေခင်းရေးဖွင့်ပြီး လူသတ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## မလှိုင်မြို့နယ်၌ ရေတွင်းအတွင်း အမှိုက်များဆယ်ယူရာ လူတစ်ဦးသေဆုံး

**မလှိုင် ဩဂုတ် ၂၆**

မလှိုင်မြို့နယ် ကမ္ဘားဖြူကျေးရွာအုပ်စု ထန်းပင်ကောက်ကျေးရွာ၌ အများသုံးသောက်ရေတွင်းဟောင်းကို ဩဂုတ် ၂၅ ရက်က စုပေါင်း၍ အမှိုက်များဆယ်ယူရာ မွန်းလွဲ ၂ နာရီခွဲခန့်တွင် လူတစ်ဦး ပြုတ်ကျသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထန်းပင်ကောက်ကျေးရွာ အနောက်ဘက် မိတ္ထီလာ-မြင်းခြံသွားကားလမ်းဘေးအနီးရှိ ရေတွင်းဟောင်းကို ဩဂုတ် ၂၅ ရက် နံနက် ၇ နာရီမှစတင်၍ စုပေါင်းဆယ်ယူခဲ့ပြီး မွန်းလွဲ ၂နာရီခွဲတွင် ရေတွင်းဟောင်းရှိ အမှိုက်များကို ဆယ်ယူရန် ထန်းပင်ကောက်ကျေးရွာနေ ကျော်သက် (၂၃ နှစ်) ရေရောင်းလုပ်ငန်း လုပ်ကိုင်သူသည် ၂၈ ပေခန့်ရှိ ထန်းတက်လှေကားဖြင့် ရေတွင်းသို့ဆင်းစဉ် ပြုတ်ကျခဲ့သည်။ ယင်းသို့ ပြုတ်ကျခဲ့သဖြင့် ကိုမြင့်စိုး၊ အောင်ကိုကိုနှင့် အောင်ဇော်ဦးတို့က ဆင်း၍ ဆယ်ယူရာ အသက်ရှူကျပ်၍ မဆယ်ယူနိုင်သဖြင့် ရေတွင်းပေါ် ပြန်တက်ခဲ့ရသည်။

ယင်းနောက် မလှိုင်မြို့နယ် မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ဆင်း၍ဆယ်ယူရာ ကျော်သက်မှာ ပြုတ်ကျဒဏ်ရာများဖြင့် ရေတွင်းအတွင်း သေဆုံးနေကြောင်း တွေ့ရှိရပြီး ဆယ်ယူရရှိခဲ့သည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ဆေးနိုင်ရန် မလှိုင်မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်ထားကြောင်း သိရသည်။

**အောင်ငွေး(မလှိုင်)**

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ဘူးသီးတောင်မြို့၌ ငွေကျပ် ၄၃၅၈၂ ဒသမ ၅ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



**နေပြည်တော် ဩဂုတ် ၂၆**

ဘူးသီးတောင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၅ ရက် ညနေ ၆ နာရီခွဲက ဘူးသီးတောင်မြို့ အမှတ်(၅)ရပ်ကွက် မြို့ဝင်/မြို့ထွက် စစ်ဆေးရေးဂိတ်တွင် အောင်မျိုးလွင် မောင်းနှင်ပြီး ကျော်စိုးဦး (ခ) ခင်မောင်ဝင်း လိုက်ပါလာသည့် VOXY ယာဉ် ရောက်ရှိလာ၍ ရှာဖွေရာ ပီနံအိတ် ရှစ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၅၂၇၅၀ သိမ်းဆည်းရမိခဲ့သဖြင့် အောင်မျိုးလွင် (၃၇ နှစ်)နှင့် ကျော်စိုးဦး(ခ)ခင်မောင်ဝင်း (၄၁နှစ်) တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၂၇-၈-၂၀၁၈ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၉း၁၅ - BBC Click
- ၁၀း၅၀ - လုံမမှတ်စု
- ၁၁း၁၅ - ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
- ၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြားလူငယ် အစီအစဉ်
- ၁၃း၄၅ - **“ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်နှင့် စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်” (MICC-I- နေပြည်တော်)**

**ညပိုင်း**

- ၁၆း၃၅ - အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၁၇း၂၀ -“ ရခိုင်ပြည်နယ်ပြန်လည် ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ” (၇၂)
- ၁၈း၃၅ - ဥပဒေရေးရာအဖြာဖြာ “ ဒဏ်”
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ “ မဟာကာလီ ”(အပိုင်း-၃၇)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - “ စီးပွားရေးစကားဝိုင်း” (အလုပ်အကိုင်အခွင့်အလမ်းနှင့် ကုန်ထုတ်စွမ်းအားတိုးတက်မှု) (ပထမပိုင်း)

# ဖန်းမောက်မြို့နယ်၌ မူးယစ်ဆေးဝါးနှင့် တူမီးသေနတ်နှစ်လက် ဖမ်းမိ

ဖန်းမောက် ဩဂုတ် ၂၆

**စစ်ကိုင်းတိုင်းဒေသကြီး ဖန်းမောက်မြို့နယ် သောင်ကြီးကျေးရွာအနီး တောင်ချောင်းနေရာမှ မူးယစ်ဆေးဝါးနှင့်အတူ ရဲတင်းတစ်လက်၊ တရားမဝင် တူမီးသေနတ်နှစ်လက်နှင့် မူးယစ်ဆေးသုံးစွဲသူနှစ်ဦးကို ဖမ်းမိခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းရွှေနှင့် မြို့မရဲစခန်းမှ နယ်ထိန်း ဒုတိယရဲအုပ် စိုးဝင်ထွန်း ပူးပေါင်းအဖွဲ့တို့သည် ဩဂုတ် ၂၅ ရက် ည ၇ နာရီ မိနစ် ၂၀ ခန့်တွင် ဖန်းမောက်မြို့နယ် သောင်ကြီးကျေးရွာ အရှေ့ဘက် တောင်ချောင်းအနီး ဦးမန်ရှင်း၏တဲကို သတင်းအရ ဝင်ရောက်ရှာဖွေရာ ဦးမန်ရှင်းနှင့်အတူ အောင်တုတ်ကိုပါ တွေ့ရှိရပြီး အောင်တုတ်က ဖမ်းဆီးရေးအဖွဲ့ဝင် ဒုတပ်ကြပ် မြတ်သူအောင်ကို ရဲတင်းဖြင့် ခုတ်မည်ပြုစဉ် မြတ်သူအောင်က ၎င်းကိုင်ထားသော သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရာ အောင်တုတ်တွင်(ဒဏ်ရာမစိုးရိမ်ရ) ရရှိခဲ့သည်။

ယင်းနောက် တဲအတွင်း ဆက်လက်ရှာဖွေခဲ့ရာ ဘိန်းဖြူ ၂ ဒသမ ၄ ဂရမ်နှင့် မူးယစ်ဆေးဝါးအသုံးပြုရာတွင် သုံးစွဲသော ဆက်စပ်ပစ္စည်းများ၊ ရဲတင်းတစ်လက်၊ တရားမဝင် တူမီးသေနတ်နှစ်လက်နှင့် ဓားတစ်ချောင်းတို့ကို ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် မူးယစ်ဆေးဝါး လက်ဝယ်ထားရှိပြီး တရားမဝင် တူမီးသေနတ်ကိုင်ဆောင်သူ မန်ရှင်း သီလကျေးရွာ အင်းတော်မြို့နယ်နေသူနှင့် အောင်တုတ် ပိန္နဲပင်ကျေးရွာ ဖန်းမောက်မြို့နယ်နေသူတို့ကို မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ရွှေကျင်မြို့နယ်၌ သစ်ပင်ပိ၍ မိသားစုဝင်သုံးဦး သေဆုံး

**ရွှေကျင် ဩဂုတ် ၂၆**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ဘောကထာကျေးရွာ၌ ဩဂုတ် ၂၆ ရက် နံနက် ၄ နာရီခွဲခန့်က လေပြင်းများ တိုက်ခတ်မှုကြောင့် မိသားစု ခုနစ်ဦး နေထိုင်သော နေအိမ်ပေါ်သို့ သစ်ပင်ပြိုလဲခဲ့ရာ မိသားစုဝင်သုံးဦး သစ်ပင်ပိမိကာ သေဆုံး၍ သုံးဦး ဒဏ်ရာများရရှိပြီး မွေးမြူထားသော ဝက်နှစ်ကောင် သေဆုံးသွားခဲ့ကြောင်း သိရသည်။



အခင်းဖြစ်ပွားသည့် ကျေးရွာသို့ ရွှေကျင်မြို့မရဲစခန်းမှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ အမြစ်တစ်ခြမ်း ဆွေးမြည့်နေသော လုံးပတ် ၁၈ ပေ၊ အမြင့် ၈၅ ပေခန့်ရှိ ညောင်ပင်ကြီးမှာ ၄×၄ ပင်၊ သက်ကယ်မိုး၊ ပျဉ်ခင်း၊ ထရံကာ နေအိမ်ပေါ်သို့ လဲကျပိမိခဲ့ခြင်းဖြစ်ပြီး ဦးသန့်ဇင် (၃၆နှစ်)၊ ဇနီးဖြစ်သူ မလှလှရွေး (၃၄ နှစ်)၊ သမီး မမြတ်သဇင် (၁၀ နှစ်) နှင့် ဝက်နှစ်ကောင်မှာ သစ်ပင်ပိမိပြီး ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ရသည်။ ထို့အပြင် မိသားစုဝင်များဖြစ်သော မောင်ကောင်းမြတ်စံ (၁ နှစ်)ခွဲ၊ မောင်ပိုင်ဇင်အောင် (၁၁ နှစ်)၊ မောင်ပိုင်ဇင်စိုး (၄ နှစ်)တို့မှာ (စိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့ပြီး မောင်ပိုင်ဇင်ဦး(၄ နှစ်)မှာ ဒဏ်ရာ ရရှိခဲ့ခြင်းမရှိကြောင်းသိရ၍ ရဲတပ်ဖွဲ့မှ ဖြစ်စဉ်နှင့်ပတ်သက်၍ ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ဒလမြို့နယ်၌ မြစ်အတွင်း ရေဆင်းကူးရာမှ လူသေဆုံးမှုဖြစ်

**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် ကမာကဆစ် ကူးတို့သမ္ဗန်ဆိပ်အနီး၌ ဩဂုတ် ၂၅ ရက် ညနေ ၃ နာရီခွဲခန့်က ရန်ကုန်မြစ်အတွင်း သူငယ်ချင်းသုံးဦး ရေဆင်းကူးရာမှ တစ်ဦးရေနစ်၍ သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကမာကဆစ်ရပ်ကွက်ရှိ ကူးတို့သမ္ဗန်ဆိပ်အနီး ရန်ကုန်မြစ်အတွင်း၌ မောင်မျိုးမင်း(ခ)ချယ်ရီ (၂၆နှစ်) စိုက်ပျိုးရေးစိမ်းလန်း ဦးခင်လှတန်းလျား ကမာကဆစ်ရပ်ကွက်နေသူနှင့် သူငယ်ချင်းများဖြစ်သော အောင်ပိုင်ဦး (ခ) ပန်ပန်၊ မျိုးမင်း (ခ) ဝိုင်းလေး တို့နှင့်အတူ ရေဆင်းကူးစဉ် မောင်မျိုးမင်း (ခ) ချယ်ရီမှာ ရန်ကုန်မြစ်၏ ရေအနက် ၁၂ ပေခန့်ရှိသည့်နေရာသို့ သွားရောက်ရေကူးရာမှ ရေနစ်၍ သေဆုံးခြင်း ဖြစ်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဒလမြို့နယ်ရဲစခန်းမှ ရဲအုပ် သက်နိုင်အေးနှင့် အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ ပြင်ပဒဏ်ရာများမရှိခြင်း၊ ရေနစ်သေဆုံးခြင်းသာဖြစ်ခြင်းကြောင့် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ပြီး မောင်မျိုးမင်း (ခ)ချယ်ရီ သေဆုံးခြင်းမှာ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# ကြံခင်းမြို့၌ မူးယစ်ဆေးဝါး သုံးစွဲရောင်းချသူများ ဖမ်းဆီးရမိ

**ကြံခင်း ဩဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ မြို့မရပ်ကွက် မင်းသီရိ (၂) နဝဒေးလမ်းနေ ငြိမ်းချမ်းအောင်၏နေအိမ်သို့ သတင်းအရ ကြံခင်းမြို့မရဲစခန်းမှူး ဒုတိယရဲမှူး ခင်ဇော်ဦးနှင့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းခန်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၈ ပြားနှင့် ဆေးသုံးစွဲသည့် ဆက်စပ်ပစ္စည်းများကို ရှာဖွေတွေ့ရှိခဲ့သည်။

နေအိမ်အတွင်း၌ ငြိမ်းချမ်းအောင်နှင့်အတူ အောင်ထက်ပိုင်၊ နေလင်းအောင်၊ စိုးမင်းသူ(ခ) စိုးကြီးတို့သုံးဦးကိုလည်း တွေ့ရှိရပြီး ၎င်းတို့နှင့်အတူ ငွေစက္ကူရောရာ ၁၂၇ သိန်း၊ YGN 6K/---- Honda Airwave ဆလွန်းကားတစ်စီးတို့ကိုပါ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အိမ်ရှင် ငြိမ်းချမ်းအောင်(၂၃ နှစ်)၊ အောင်ထက်ပိုင် (၂၀ နှစ်)၊ နေလင်းအောင် (၂၆ နှစ်)နှင့် စိုးမင်းသူ(ခ) စိုးကြီး (၄၃ နှစ်)တို့ကို ကြံခင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ငွေးမင်း**

# သစ်အချောထည်နှင့် ကျွန်း၊ ပိတောက်ဓားရွေများ ဖမ်းမိ

**နေပြည်တော် ဩဂုတ် ၂၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၂၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၄၇ စီး၊ သွင်းကုန် ၆၆၀ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၃ စီး၊ သွင်းကုန် ၄၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃ ဒသမ ၂၀၆ သန်းခန့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၂၇၅ သန်းခန့် စုစုပေါင်း တားဆီးမှု ရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇ ဒသမ ၄၈၁ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၂၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် Mitsubishi Canter (6W) နှစ်စီးနှင့် Toyota Syna (6W) တစ်စီးတို့ကို စစ်ဆေးရာ ယာဉ်များပေါ်တွင် သစ်နှင့် သစ်အချောထည်ပစ္စည်း ၁ ဒသမ ၅၆၇၈ တန်၊ ကျွန်းဓားရွေ/ပိတောက်ဓားရွေ ၃ ဒသမ ၈၃၇၆ တန်နှင့် အဆိုပါပစ္စည်းသယ်ဆောင်သည့်ယာဉ် သုံးစီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃ ဒသမ ၂၀၆ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သပိတ်ကျင်း၊ ကလော၊ လားရှိုးနှင့် မဘိမ်းမြို့နယ်များမှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၆**

မူးယစ်တပ်ဖွဲ့စု(၁၆) ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၅ ရက် မွန်းလွဲ ၁ နာရီက သပိတ်ကျင်းမြို့နယ် ကျောက်ဖြူကျေးရွာအုပ်စု တောင်လယ် ကျေးရွာ သစ်ခွဲပင်သစ်ဆိပ် တွင်းငယ်-မိုးမိတ်သွားကားလမ်းတွင် ဆန်းဝင်း(ခ) ကျော်ဆန်းဝင်း မောင်းနှင်လာသည့် ဆိုင်ကယ် ရောက်ရှိလာ၍ ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း။

အလားတူ ယင်းနေ့ နံနက် ၁၀ နာရီက မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် နန့်ပန်တက်ကျေးရွာတံတားအနီး၊ ကလော-သာစည်သွား ကားလမ်းတွင် မောင်ဇော်နှင့် ဇော်မင်းဆန်းတို့ အတူမောင်းနှင်လာသည့် ဆိုင်ကယ်နှစ်စီးကို ရှာဖွေရာ မောင်ဇော်၏ဆိုင်ကယ်မှ ဘိန်းစိမ်း ၁၀ ဒသမ ၄ ကီလို၊ ဇော်မင်းဆန်း၏ ဆိုင်ကယ်မှ ဘိန်းစိမ်း ၃၂ ဒသမ ၆၆ ဂရမ်နှင့် ဖုန်းနှစ်လုံး တို့ကို လည်းကောင်း။ ထို့အတူ ဩဂုတ် ၂၄ ရက် ည ၁၁ နာရီက လားရှိုးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ အမှတ်(၇)ရပ်ကွက် အမှတ် (၁၆)နယ်မြေ ကချင်ကုန်းနေ အိုက်ဟန်၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ ဆပ်ပြာခွက် ၁၁ ခွက် (အလေးချိန် ၁၁၀ ဂရမ်)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ တို့ကို လည်းကောင်း၊ အလားတူ ဩဂုတ် ၂၅ ရက် မွန်းတည့် ၁၂ နာရီက လားရှိုးမြို့နယ် နမ့်ပေါင်ကျေးရွာအုပ်စု အမှတ်(၄)ရပ်ကွက်နေ သိန်းဟန်(ခ)နန်တော၏ နေအိမ်ကို ရှာဖွေရာ သိန်းဟန်(ခ)နန်တောနှင့်အတူ စိုင်းမောင်(ခ) စိုင်းစံလီ၊ ထွန်းကျော်၊ ပန်းစိန်(ခ)ဦးပညာတို့ကို တွေ့ရှိရပြီး စိုင်းမောင်ထံမှ ၉ မမ ပစ္စတို တစ်လက်၊ ယင်းကျည် ၁၇ တောင့်၊ ယင်းကျည်အိမ် တစ်ခုနှင့် ၎င်း၏လွယ်အိတ်အတွင်းမှ ဘိန်းဖြူ ၂ ဒသမ ၃ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၇၀ တို့ကို လည်းကောင်း။

ဩဂုတ် ၂၁ ရက် ညနေ ၆ နာရီက တပ်မတော်မှ မဘိမ်းမြို့နယ် လဝါကျေးရွာအုပ်စု ဒေသအခေါ် ကျောက်လုံးကြီးတောတွင် တွေ့ရှိသည့်တဲကို ဝင်ရောက်စစ်ဆေးရာ တဲအတွင်း၌ လီသား ကိုတွေ့ရှိပြီး ၎င်း၏ကျောပိုးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၆၀၀၊ ဘိန်းဖြူ ဆပ်ပြာခွက် သုံးခွက်(အလေးချိန် ၃၀ ဂရမ်)တို့ကို လည်းကောင်း၊ အလားတူ ဩဂုတ် ၂၂ ရက် ညနေ ၆ နာရီခွဲက ကျောက်လုံးကြီးတောတွင် ထပ်မံတွေ့ရှိသောတဲကိုစစ်ဆေးရာ တဲအတွင်း၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၆၀၀ နှင့် တဲအနီးချုံပုတ်အတွင်းမှ ဆိုင်ကယ်တစ်စီးနှင့် တူမီးသေနတ်နှစ်လက်တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စကားနိုင်လုရာမှ စကားများရန်ဖြစ်ပြီး လူသတ်မှုဖြစ်

**တောင်တွင်းကြီး ဩဂုတ် ၂၆** - တောင်တွင်းကြီးမြို့နယ်၌ ဩဂုတ် ၂၅ ရက်က ဝါးခုတ်သွားသူအချင်းချင်း စကားနိုင်လုရာမှ ဓားခုတ်မှုဖြစ်ပွားခဲ့၍ လူတစ်ဦးသေဆုံးခဲ့ကြောင်း ဆတ်သွားနယ်မြေရဲစခန်းမှ သိရသည်။ ဖြစ်စဉ်မှာ တောင်တွင်းကြီးမြို့နယ် သပြေပင်ကျေးရွာနေ ကိုထွန်း (၃၆ နှစ်)သည် ဩဂုတ် ၂၅ ရက် နံနက် ၇ နာရီက တစ်ရွာတည်းနေ အစ်ကိုအရင်းဖြစ်သူ ကိုဇော်လွင် (၄၀ နှစ်)၊ ယောက်ဖဖြစ်သူ ကိုလင်း (၂၇ နှစ်)နှင့် ကိုသက်တို့ လေးဦးသည် ဝံအော်ကြီးကျေးရွာအထက်သို့တက်ပြီး ဝါးခုတ်ကြရာ ညနေ ၄ နာရီခန့် ဝါးခုတ်ပြီးပြန်လာကြစဉ် ဝံအော်ကြီးကျေးရွာအနီးအရောက် ကိုထွန်းမှာ အပေါ့သွားနေသဖြင့် နောက်တွင်ကျန်နေခဲ့ပြီး ကိုဇော်လွင်၊ ကိုလင်းနှင့် ကိုသက်တို့သုံးဦးသည် ရှေ့မှသွားနှင့်ကြကြောင်း၊ ခဏအကြာ ကိုလင်းမှာ ကိုဇော်လွင်နှင့် စကားနိုင်လုရာမှ စကားများရန်ဖြစ်ပြီး ဓားဖြင့်ခုတ်ခဲ့၍ ကိုဇော်လွင်မှာ ရရှိဒဏ်ရာများဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သည်။ ဓားဖြင့်ခုတ်သူ ကိုလင်းအား ဆတ်သွားနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# အီရန်အင်အားပြင်းငလျင် သေဆုံးသူ နှစ်ဦးရှိပြီး ၂၀၀ ထက်မနည်း ဒဏ်ရာရရှိ

**တီဟီရန် ဩဂုတ် ၂၆**

အီရတ်နယ်စပ်အနီး အီရန်အနောက်ဘက်၌ ပြင်းအား ၆ ဒသမ ၀ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခု ယနေ့ လှုပ်ခဲ့ရာ နှစ်ဦးသေဆုံးခဲ့ပြီး ၂၀၀ ထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာအရာရှိများက ပြောခဲ့သည်။

ငလျင်သည် ကာမန်ရှပြည်နယ် ဂျာဗန်ရုမြို့ အနောက်တောင်ပိုင်း ၂၆ ကီလိုမီတာ (၁၆ မိုင်)အကွာ၌ လှုပ်ခဲ့ကြောင်း အမေရိကန် ဘူမိဗေဒတိုင်းတာဆန်းစစ်ရေးအဖွဲ့က ပြောခဲ့သည်။ အင်အားပြင်းငလျင်လှုပ်ခဲ့သည့် ယင်းနေရာအနီးတွင် ယမန်နှစ်က အင်အားအလွန်ပြင်းထန်သည့် ငလျင်လှုပ်ခဲ့ရာ လူရာပေါင်းများစွာ သေဆုံးခဲ့ကြောင်း သိရသည်။

ကာမန်ရှဆေးသိပ္ပံတက္ကသိုလ် အရေးပေါ်ဌာနအကြီးအကဲဖြစ်သူ ဆက်ဘ်ရှာရီဒရီက အိုင်အာအင်န်အေသတင်းအေဂျင်စီသို့ ငလျင်လှုပ်မှုကြောင့် နှစ်ဦးသေဆုံးခဲ့ပြီး ၂၄၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြောခဲ့သည်။ ဒဏ်ရာရရှိသူများအနက် ခြောက်ဦးမှာ စိုးရိမ်ရသောအခြေအနေတွင်ရှိကြောင်း သိရသည်။

သေဆုံးသူနှစ်ဦးမှာ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးနှင့် နှလုံးရောဂါခံစားနေရသည့် အသက် ၇၀ အရွယ်လူကြီးတစ်ဦးတို့ဖြစ်ကြောင်း ရှာရီဒရီက ပြောခဲ့သည်။ ငလျင်လှုပ်မှုကြောင့် ကျေးရွာပေါင်း ၇၀ကို လှုပ်စစ်မီးများ ဖြတ်တောက်ခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောခဲ့သည်။ ငလျင်လှုပ်ပြီးနောက် ငလျင်ငယ်ပေါင်း ၂၁ ကြိမ် ထပ်မံလှုပ်ခဲ့ကြောင်း ပြည်နယ်လခြမ်းနီခေါင်းဆောင်ဖြစ်သူ မိုဟာမက်ရီဇာက ပြောခဲ့သည်။



ငလျင်လှုပ်မှုကြောင့် ကျေးရွာများတွင် အခြေခံအဆောက်အအုံများပျက်စီးခဲ့သောကြောင့် သောက်သုံးရေနှင့်ပတ်သက်ပြီး ပြဿနာများဖြစ်ပွားနိုင်ကြောင်း၊ သို့သော်လည်း ငလျင်လှုပ်ခတ်ရာနေရာများသို့ အစားအစာနှင့် ယာယီတဲများ ထောက်ပံ့ပေးရန် မလိုအပ်သေးကြောင်း ၎င်းကဆက်လက်ပြောခဲ့သည်။ ဘေးဒုက္ခကယ်ဆယ်ရေးဌာနကို တည်ဆောက်ထားရှိပြီး ဆေးရုံများနှင့် ကယ်ဆယ်ရေးအဖွဲ့များကိုလည်း တပ်လှန့်ထားကြောင်း သိရသည်။

သို့သော်လည်း အခြေအနေများကိုကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ခဲ့ပြီဖြစ်ကြောင်း အိမ်နီးချင်းနိုင်ငံများသို့ အကူအညီတောင်းခံရန် မလိုအပ်သေးကြောင်း ပြည်နယ်ဘေးဒုက္ခကယ်ဆယ်ရေးဌာနညွှန်ကြားရေးမှူးက ပြောခဲ့သည်။

အီရန်နိုင်ငံသည် ငလျင်ကြောတွင်တည်ရှိနေသောကြောင့် ငလျင်လှုပ်မှုဒဏ်ကို မကြာခဏခံနေရကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# အမေရိကန် နိုင်ငံရေးကြယ်ပွင့် ဂျွန်မက်ကိန်း အသက် ၈၁ နှစ်တွင် ဦးနှောက်ကင်ဆာဖြင့်ကွယ်လွန်

**ဝါရှင်တန် ဩဂုတ် ၂၆**

အမေရိကန်နိုင်ငံရေးတွင် အင်အားကြီးသည့် ကြယ်ပွင့်တစ်ပွင့်အနေဖြင့်သာမက အထက်လွှတ်တော်နှင့် ရီပတ်ဘလစ်ကန်ပါတီ၏ အဓိကမဏ္ဍိုင်ကြီးတစ်ရပ်အနေဖြင့် တင်စားခဲ့သည့် အမေရိကန် ဥပဒေပြုအထက်လွှတ်တော် အမတ်တစ်ဦးဖြစ်သည့် ဂျွန်မက်ကိန်းသည် ဩဂုတ် ၂၅ ရက်က ဦးနှောက်ကင်ဆာရောဂါဖြင့် ကွယ်လွန်သွားခဲ့ကြောင်း သတင်းရရှိသည်။

၎င်းကွယ်လွန်ချိန်တွင် ၎င်း၏ အသက်မှာ ၈၁ နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။ ဂျွန်ဆစ်ဒနီမက်ကိန်းသည် ဩဂုတ် ၂၅ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၂၈ မိနစ်တွင် ကွယ်လွန်ခဲ့ကြောင်းနှင့် ၎င်းကွယ်လွန်ချိန်တွင် ၎င်း၏ မိသားစုနှင့်အတူရှိနေခဲ့ကြောင်း ၎င်း၏ ရုံးမှထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြခဲ့သည်။

၎င်း "ကွယ်လွန်ချိန်ထိ အမေရိကန် ပြည်ထောင်စုအတွက် သစ္စာရှိစွာဖြင့် နှစ်ပေါင်း ၆၀ ကြာအောင် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ကြောင်း သိရသည်။

ဂျွန်မက်ကိန်းသည် ၎င်း၏ အပေါင်းအသင်း နိုင်ငံရေးသမားများနှင့် သဘောမတူညီမှုများ အများအပြားဖြစ်ခဲ့သော်လည်း ရီပတ်ဘလစ်ကန် ပါတီ၏ အားထားရသူတစ်ဦးအဖြစ် မေးခွန်းထုတ်စရာမရှိခဲ့ဘဲ ၎င်းကွယ်လွန်သွားချိန်တွင် အထူးဝမ်းနည်းကြေကွဲခြင်းသဝဏ်လွှာများ ပေးပို့ခဲ့ကြကြောင်း သိရသည်။

၎င်း၏သမီးဖြစ်သူ မီဂန်မက်ကိန်းက ဖော်ပြချက်တစ်ခုတွင် "ကျွန်မအနေနဲ့ ကျွန်မအဖေရဲ့ နောက်ဆုံးခရီးမှာ အတူရှိနေခဲ့သလို ကျွန်မမွေးဖွားလာတော့လည်း ကျွန်မအဖေဟာ ကျွန်မနဲ့ အတူရှိနေခဲ့တယ်"ဟု ပြောခဲ့သည်။

အရာအားလုံးအတွက် ဖခင်ကို ကျေးဇူးတင်ကြောင်းနှင့် ယခု ဖခင် ကွယ်လွန်သွားချိန်မှာလည်း မိမိဘဝ သက်တမ်းတစ်လျှောက် ဖခင် မျှော်လင့်သလို နေထိုင်သွားမှာဖြစ်ကြောင်းလည်း မီဂန်မက်ကိန်းက ဆက်လက်ပြောခဲ့သည်။

မက်ကိန်း၏ဇနီးဖြစ်သူ စင်ဒီမက်ကိန်းကလည်း လွန်စွာ ကြေကွဲရပါကြောင်း၊ ယခုလို အံ့အားသင့်စရာကောင်းသူ တစ်ယောက်နှင့် ၃၈ နှစ်ကြာ နေထိုင်ဖြတ်သန်း ခဲ့ရသည့်အတွက် မိမိ အလွန်ကံကောင်းပါကြောင်း၊ သူသည် သူ့ဘဝကို သူ့ပုံစံအတိုင်း ဖြတ်သန်းခဲ့ပါကြောင်း၊ သူ၏နောက်ဆုံးအချိန်မှာ သူချစ်သည့်သူများ သူ့ဘေးမှာ ဝိုင်းဝိုင်းလည်နေပါကြောင်း၊ သူသဘောအကျဆုံးနေရာမှာ သူသေဆုံးခဲ့ခြင်းဖြစ်ကြောင်း ပြောခဲ့သည်။



မက်ကိန်း နိုင်ငံရေးလောကသို့ ခြေချခဲ့သည့် ၃၆ နှစ်တာအတွင်း ၎င်းသည် အမေရိကန်နိုင်ငံ၏ လေးစားအားထားရဆုံး၊ နိုင်ငံရေးလောကကို လွှမ်းမိုးမှုအရှိဆုံးနှင့် ၎င်း၏ နိုင်ငံရေးမိတ်ဆွေများကို အမေရိကန်နိုင်ငံအတွက် ကောင်းအောင် လမ်းပြပေးခဲ့သူတစ်ဦးဖြစ်ခဲ့သည်။ ထို့အပြင် ၎င်းသည် ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူဝင်မှုကြီးကြပ်ရေး၊ ဘဏ္ဍာရေးဆိုင်ရာနှင့် အီရတ်စစ်ပွဲဆိုင်ရာ ကောင်းမွန်သည့် ရည်မှန်းချက်များအတွက် တိုက်ပွဲဝင်ခြင်းတို့ကိုလည်း ပြုလုပ်ခဲ့သည်။

ထို့အပြင် ဂျွန်မက်ကိန်းသည် နိုင်ငံရေးတွင် ဩဇာကြီးသူတစ်ဦးလည်း ဖြစ်သည်။ **အေအက်ဖ်ပီ**

# မိုက်ပွန်ပီအို၏ မြောက်ကိုရီးယားခရီးစဉ် ရွှေ့ဆိုင်းခြင်းအပေါ် ခိုင်လုံသောအကြောင်းပြချက်ပေးသင့်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ပြောကြား

**တိုကျို ဩဂုတ် ၂၆**

ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုက အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို၏ မြောက်ကိုရီးယားခရီးစဉ် ရွှေ့ဆိုင်းခြင်းနှင့်ပတ်သက်ပြီး ခိုင်လုံသောအကြောင်းပြချက် သို့မဟုတ် အကျိုးသင့်၊ အကြောင်းသင့်ရှင်းပြရန် တိုက်တွန်းပြောကြားလိုက်ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံကို နျူကလီးယားလုံးဝကင်းစင်သော နိုင်ငံဖြစ်ရေးသည် ဂျပန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့ နီးကပ်စွာ လက်တွဲလုပ်ဆောင်ရန် အရေးလည်း ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးက အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုကို ဖုန်းဖြင့် ပြောကြားခဲ့ကြောင်း လော့စ်အိန်ဂျလိစ်ရှိ သတင်းထောက်များကို ပြောကြားခဲ့သည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီးက မြောက်ကိုရီးယားခရီးစဉ် မည်သည့်အတွက်ကြောင့် ရွှေ့ဆိုင်းလိုက်ရကြောင်းကိုရှင်းပြပေးရန် ပြောကြားကြောင်း ၎င်းက ပြောသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ၎င်းနှင့်ပွန်ပီအိုတို့သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်းနှင့် ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးအတွက်လည်း ကြိုးစားဆောင်ရွက်နေကြောင်း ပြောခဲ့သည်။

ထို့အပြင် ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ၎င်းနှင့် ပွန်ပီအိုတို့သည် မြောက်ကိုရီးယားသို့ တရားမဝင် ရေကြောင်းပို့ဆောင်မှုများကို တားဆီးဖို့အရေး အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဆက်လက်ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**




# ဖင်လန်နိုင်ငံတွင် မိုးပျံတံတားပေါ်မှ ဘတ်စ်ကားပြုတ်ကျရာ လေးဦးထက်မနည်း သေဆုံး

**ဟယ်ဆင်ကီ ဩဂုတ် ၂၆**

ဖင်လန်နိုင်ငံအရှေ့ပိုင်း ကူအိုပီရိုမြို့တွင် မကြာသေးမီက ရထားလမ်းကျော်မိုးပျံတံတားတစ်စင်းပေါ်မှ ဘတ်စ်ကားတစ်စီးပြုတ်ကျခဲ့ရာလေးဦးထက်မနည်း သေဆုံးခဲ့ကြောင်း နိုင်ငံပိုင်ရုပ်သံလိုင်းဖြစ်သည့် ဝိုင်အယ်လ်အီးက ထုတ်လွှင့်ခဲ့သည်။ အဆိုပါမတော်တဆမှုတွင် အခြားလူ ခြောက်ဦး အပြင်းအထန်ဒဏ်ရာရရှိခဲ့ကြောင်း၊ အဆိုပါဘတ်စ်ကားပေါ်တွင် လူပေါင်း ၂၀ လိုက်ပါလာခဲ့ကြောင်း သိရသည်။

အဆိုပါ ဘတ်စ်ကားသည် အမျိုးသားအဝေးပြေးလမ်းမ အမှတ် ၅ မှတစ်ဆင့် တောင်ပိုင်းသို့ အမြန်နှုန်းဖြင့် မောင်းနှင်လာစဉ် တံတားပေါ်အရောက်တွင် ယခုကဲ့သို့ မတော်တဆဖြစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါတံတားသည် အဝေးပြေးလမ်းနှင့် ရထားလမ်းနှစ်ခုစလုံးကို ကန့်လန့်ဖြတ်ထားကြောင်း သိရသည်။

ပြုတ်ကျလာသော ဘတ်စ်ကားသည် ရထားနှင့် တိုက်မိခဲ့ခြင်းမရှိသော်လည်း မီးပွိုင့်တွင် စောင့်ဆိုင်းနေသည့် ကားများစွာ ပျက်စီးခဲ့ကြောင်း သိရသည်။ အဆိုပါဘတ်စ်ကားတွင် ဘရိတ်စနစ်ချွတ်ယွင်းခဲ့ခြင်းဖြစ်ကြောင်း ဝိုင်အယ်လ်အီးသတင်းတွင်ဖော်ပြခဲ့သည်။

ယခုအခါတွင် ကူအိုပီရိုနှင့် ဆူအိုနန်ဂျူကီမြို့အကြားရှိ ရထားပြေးဆွဲမှုကို ခဏတာရပ်ဆိုင်းခဲ့ပြီး ရထားလမ်းများကို ပြန်လည်ပြင်ဆင်နေကြောင်း သိရသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### သောက်သုံးရေမသန့်ရှင်းမှုကြောင့် လူပေါင်း ၅၀၀ ထက်မနည်း ဆေးရုံရောက်

**ဘဂ္ဂဒက် ဩဂုတ် ၂၆** အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာပြည်နယ်တွင် လတ်တလောရက်ပိုင်းအတွင်း သောက်သုံးရေမသန့်ရှင်းမှုကြောင့် လူပေါင်း ၅၀၀ ထက်မနည်း ဆေးရုံတွင် ဆေးဝါးကုသမှု ခံယူခဲ့ရကြောင်း မကြာသေးမီက အီရတ်ကျန်းမာရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ပြောခဲ့သည်။

သောက်သုံးရေမသန့်ရှင်းမှုကြောင့် ဒေသတွင်းရှိ ပြည်သူများ ဝမ်းပျက်ဝမ်းလျှောခြင်းနှင့် ဗိုက်အောင့်သည့် လက္ခဏာများ ဖြစ်ပွားခဲ့ကြောင်း၊ သက်ဆိုင်ရာဌာနများအနေဖြင့် သတ်မှတ်စံနှုန်းနှင့် မကိုက်သည့် သောက်သုံးရေသန့်စက်ရုံများ ပိတ်သိမ်းစေခဲ့ကြောင်း၊ ပြည်သူလူထုအား ရေကိုကျိုချက်၍ သောက်ရန် နှိုးဆော်တိုက်တွန်းခဲ့ကြောင်း ဘာဆရာပြည်နယ် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လက်ရှိတွင် အခြေအနေပိုမိုဆိုးရွားမှုမရှိစေရန် သက်ဆိုင်ရာ ပညာရှင်များက အခင်းဖြစ်ပွားရာဒေသတွင် ကူးစက်ပြန့်ပွားမှု ရောဂါဖြစ်ပွားခြင်း ရှိ၊ မရှိကို သွားရောက်စစ်ဆေးခဲ့ကြကြောင်း၊ ယခုအချိန်အထိ ရောဂါကူးစက်ပျံ့နှံ့ခြင်း မရှိသေးကြောင်း သိရသည်။

၂၀၁၈ ခုနှစ် ဧပြီလတွင်လည်း အီရတ်နိုင်ငံမြောက်ပိုင်းတွင် အလားတူကိစ္စရပ်ဖြစ်ပွားခဲ့သဖြင့် လူပေါင်း ၆၀၀ ကျော် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

### ယီမင်လေကြောင်း တိုက်ခိုက်မှုများကို ကုလသမဂ္ဂရှုတ်ချ

**ဆာနား ဩဂုတ် ၂၆** ယီမင်နိုင်ငံတွင်ဖြစ်ပွားခဲ့သည့် နောက်ဆုံးလေကြောင်းတိုက်ခိုက်မှုကြောင့် ကလေးငယ် ၂၆ ဦး သေဆုံးခဲ့ပြီးနောက် နိုင်ငံအတွင်းရှိ ရန်စောင်တိုက်ခိုက်နေသော ပဋိပက္ခများအားလုံး အဆုံးသတ်ရန် ကုလသမဂ္ဂအဖွဲ့ကြီးက တိုက်တွန်းလိုက်ကြောင်း သိရသည်။

တိုက်ခိုက်မှုဖြစ်ပွားနေသော ဒေသများမှ ထွက်ပြေးလာသူများအား တင်ဆောင်လာသော ယာဉ်ကို ဩဂုတ် ၂၅ ရက်က ဆော်ဒီဦးဆောင်သည့် မဟာမိတ်အဖွဲ့များက ဟိုဒေးဒါးဆိပ်ကမ်းမြို့အနီး လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ရာ ကလေးငယ် ၂၂ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ သူပုန်တို့၏ ခြေကုပ်နယ်မြေတစ်ခုဖြစ်သည့် ဟိုဒေးဒါကို ပြန်လည်ရရှိရေး ဆော်ဒီဦးဆောင်သော မဟာမိတ်တပ်များ၏ ထိုးစစ်ဆင် တိုက်ခိုက်မှုများအတွင်း သေဆုံးခဲ့သူအများစုမှာ ကလေးငယ်များဖြစ်ကြောင်း သိရသည်။

နှစ်နှစ်ကျော်ကြာ ငြိမ်းချမ်းရေး ပျက်ပြားခဲ့ပြီးနောက် ယခုတစ်ဖန် ငြိမ်းချမ်းရေးဆွေးနွေးမှုကို လာမည့်လတွင် ပြန်လည်ပြုလုပ်မည်ဟု ကုလသမဂ္ဂက မျှော်လင့်လျက်ရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ပြည်တွင်းစစ် သုံးနှစ်ကျော်လာတဲ့ ယီမင်နိုင်ငံရဲ့ လတ်တလောအခြေအနေ

**ထွန်းသစ်စ**

**ဆော်ဒီဦးဆောင်တဲ့မဟာမိတ်တပ်ဖွဲ့ဟာ ၂၀၁၅ ခုနှစ်မှစကာ ယီမင်မှာ စစ်ဆင်ရေးဆင်နွှဲလာတာ သုံးနှစ်ကျော်ကာလထဲကို ဝင်ရောက်လာခဲ့ပြီ ဖြစ်ပါတယ်။ သူတို့ဟာ ယီမင်မြို့တော်နဲ့ ပြည်နယ်အတော်များများကို ထိန်းချုပ်ထားတဲ့ သူပုန်တွေကို ပြန်လည်တိုက်ထုတ်တဲ့နေရာမှာ အစိုးရကိုကူညီနေတဲ့အဖွဲ့လည်း ဖြစ်ပါတယ်။**




ယီမင်စစ်ပွဲသုံးနှစ်ကျော်ကြာလာခဲ့တာနဲ့အမျှ လူပေါင်း တစ်သိန်းနီးပါး သေဆုံးခဲ့ရပါတယ်။ သေဆုံးသူအများစုမှာ အရပ်သားတွေဖြစ်ကြပါတယ်။ ထို့အတူ ဒဏ်ရာရသူပေါင်း ၅၅၀၀၀ မက ရှိခဲ့တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောခဲ့ပါတယ်။

လူပေါင်း ၂၂၀၀ ကျော်ဟာ ကာလဝမ်းရောဂါကြောင့် သေဆုံးခဲ့ပြီး ယီမင်နိုင်ငံရဲ့ အချို့ဒေသတွေဟာ ဆိုရင် ငတ်မွတ်တဲ့ ဘေးကြီးတောင် ဆိုက်ကပ်နေပါတယ်။ ယီမင်ပဋိပက္ခဟာ ကုလသမဂ္ဂပြောပြောနေတဲ့ ကမ္ဘာ့အဆိုးရွားဆုံး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဘေးဒုက္ခတစ်ခုဖြစ်ပါတယ်။

**မဟာမိတ်အဖွဲ့လေကြောင်းတိုက်ခိုက်မှု**

ယီမင်မြို့တော် ဆာနားနဲ့ ယီမင်ရဲ့ ဒေသအတော်များများဟာ ရှီးယိုက်ဟူသီသူပုန်တွေရဲ့လက်တွင်း သက်ဆင်းပြီး ခြောက်လအကြာမှာ ဆော်ဒီဦးဆောင်တဲ့မဟာမိတ်အဖွဲ့ဟာ ၂၀၁၅ ခုနှစ် မတ်လမှစကာ ရှီးယိုက်ဟူသီသူပုန်တွေကို လေကြောင်းတိုက်ခိုက်မှုတွေ လုပ်ခဲ့ပါတယ်။

မဟာမိတ်တပ်ဖွဲ့ဟာ ယီမင်သမ္မတ အဘီဒရာ ဘိုမန်ဆောဟာဒီကို ကာကွယ်ပေးပြီး သူ့ကို နိုင်ငံတကာအသိအမှတ်ပြု အစိုးရတစ်ရပ်ဖြစ်ပေါ်စေဖို့ ဆောင်ရွက်ပေးချင်တဲ့ ဆန္ဒရှိပါတယ်။

မဟာမိတ်တပ်ဖွဲ့တွေ ယီမင်ကို စတင်အခြေချ ဝင်ရောက်လာတဲ့ အချိန်ကတည်းက ပထမဆုံးအကြိမ် အောင်မြင်မှုအဖြစ် အစိုးရတပ်ဖွဲ့တွေဟာ ယီမင်နိုင်ငံရဲ့တောင်ပိုင်းပြည်နယ် အေဒင်ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီ ဖြစ်တယ်လို့ ဇူလိုင်လမှာ ဟာဒီက ကြေညာခဲ့ပါတယ်။

ယီမင်နိုင်ငံရဲ့မြို့တော် ဆာနားကို ဆုံးရှုံးနေတဲ့အခြေအနေမှာရှိသေးတဲ့ အတွက် အေဒင်ကိုပဲ ယီမင်နိုင်ငံရဲ့ အုပ်ချုပ်ရေးမြို့တော်အဖြစ် သတ်မှတ်ခဲ့ပါတယ်။

၂၀၁၅ ခုနှစ် ဩဂုတ်လလယ်လောက်မှာ အစိုးရဩဇာခံတပ်ဖွဲ့တွေဟာ တောင်ပိုင်းပြည်နယ် ငါးခုကို ပြန်လည်ရယူနိုင်ခဲ့ပါတယ်။

အောက်တိုဘာလမှာ အစိုးရတပ်ဖွဲ့တွေဟာ ကမ္ဘာ့အစည်ကားဆုံး သင်္ဘောလမ်းကြောင်းတစ်ခု ဖြစ်သလို မဟာဗျူဟာအကျဆုံးဖြစ်တဲ့ ဘာ့အယ်လ်မန်ဒပ် ရေလက်ကြားကို သိမ်းယူနိုင်ခဲ့ပါတယ်။

**သမ္မတဟောင်းကိုသတ်လိုက်ပြီ**

၂၀၁၇ ခုနှစ်မှာ သူပုန်အုပ်စုအတွင်း အကွဲအပြဲတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒီလိုအကွဲအပြဲဖြစ်ပေါ်ခဲ့တဲ့ ရလဒ်က နောက်ဆုံးမှာ ဟာဒီရဲ့ နောင်တော် ယခင်ယီမင်သမ္မတ အလီအဗ္ဗဒူလာ ဆာလေကို လုပ်ကြံသတ်ဖြတ်တဲ့အထိ ဖြစ်ပွားခဲ့ပါတယ်။ သမ္မတဟောင်း အလီ အဗ္ဗဒူလာဆာလေကို ဒီဇင်ဘာလမှာ ဟူသီသူပုန်တွေက လုပ်ကြံသတ်ဖြတ်ခဲ့ကြတာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ သူပုန်တွေဟာ မြို့တော်ကို ပိုမိုစိုးမိုးအုပ်ချုပ်လာခဲ့ကြပါတယ်။

**ပိုမိုတန်ခိုးထွားလာတဲ့ ဟူသီသူပုန်များ**

မြို့တော်အပါအဝင် နိုင်ငံမြောက်ပိုင်းနေရာအတော်များများကို ထိန်းချုပ်နိုင်ဖို့ ဟူသီသူပုန်တွေက နှစ်ပေါင်းအတော်ကြာအောင် လုပ်ဆောင်လျက်ရှိပါတယ်။ ဆော်ဒီအာရေဗျ မဟာမိတ်ညွန့်ပေါင်းအဖွဲ့ဟာ ဟူသီတို့ကို နှိမ်နင်းဖို့ ကြိုးစားပေမယ့်လည်း အလုံးစုံတော့ မအောင်မြင်သေးပါဘူး။ အခုဆိုရင် ဟူသီသူပုန်တွေဟာ ယီမင်မှာ ပိုမိုအင်အားကြီးလာကြပါတယ်။

ဟူသီသူပုန်တွေဟာ ယီမင်နိုင်ငံရဲ့ မြို့တော်ကို အမိအရ ဖမ်းဆုပ်ထားပြီး အင်အားချဲ့ထွင်ဖို့ကြိုးစားလျက်ရှိပါတယ်။ အဲဒီအချိန်မှာပဲ အစိုးရတပ်ဖွဲ့တွေအတွင်းမှာ သဘောထားမတိုက်ဆိုင်မှုတွေဖြစ်ပေါ်လာခဲ့ပြီး ၂၀၁၈ခုနှစ် ဇန်နဝါရီလမှာပဲ တောင်ပိုင်းခွဲထွက်ရေးသမားတွေနဲ့ ဟာဒီအစိုးရ သစ္စာခံတပ်တွေအကြား ပြင်းထန်တဲ့ပဋိပက္ခတွေပေါ်ပေါက်လာခဲ့ပါတယ်။

**လက်နက်ထောက်ပံ့ပေးတယ်လို့ စွပ်စွဲ**

၂၀၁၇ခုနှစ် နိုဝင်ဘာလမှစပြီး သူပုန်တွေဟာ အိမ်နီးချင်း ဆော်ဒီအာရေဗျမှာ ဒုံးကျည်တိုက်ခိုက်မှုတွေကို အရှိန်အဟုန်ပြင်းပြင်း ဆောင်ရွက်လျက်ရှိပါတယ်။ ဆော်ဒီအာရေဗျဟာ သူ့ရဲ့မဟာရန်သူတော်ကြီးဖြစ်တဲ့ အီရန်ဟာ သူပုန်တွေကိုလက်နက်တွေ ထောက်ပံ့ပေးနေတယ်ဆိုပြီး စွပ်စွဲခဲ့ပါတယ်။ သို့သော်လည်း အဲဒီစွပ်စွဲချက်ကို အီရန်က ငြင်းဆိုခဲ့ပါတယ်။

၂၀၁၈ ခုနှစ် မတ်လတစ်လတည်းမှာပဲ ရီယာ့ဒ်မှ ဒုံးကျည်သုံးစင်းအပါအဝင် စုစုပေါင်း ဒုံးကျည် ခုနစ်စင်း တိုက်ခိုက်ခံခဲ့ရပါတယ်။ ဇွန် ၉ ရက်မှာ ဆော်ဒီနိုင်ငံရဲ့ တောင်ပိုင်း ဂျီဆန်ဒေသမှာ သူပုန်တွေရဲ့ဒုံးကျည်ကြောင့် အရပ်သား သုံးဦး သေဆုံးခဲ့ပါတယ်။

အာရပ်စော်ဘွားများပြည်ထောင်စုပါဝင်တဲ့ ညွန့်ပေါင်းမဟာမိတ်အဖွဲ့က သူပုန်တွေဟာ စုစုပေါင်း ဒုံးကျည် ၁၆၅ စင်းကို ပစ်ခတ်ခဲ့ကြတယ်လို့ဆိုပါတယ်။

> “ယီမင်စစ်ပွဲ သုံးနှစ်ကျော်ကြာလာခဲ့တာနဲ့အမျှ လူပေါင်း တစ်သိန်းနီးပါး သေဆုံးခဲ့ရပါတယ်။ သေဆုံးသူအများစုမှာ အရပ်သားတွေဖြစ်ကြပါတယ်။ ထို့အတူ ဒဏ်ရာရသူပေါင်း ၅၅၀၀၀ မက ရှိခဲ့တယ်လို့ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးကပြော”

**ဆိပ်ကမ်းမြို့ကို ချီတက်တိုက်ခိုက်**

ဟူသီသူပုန်တွေကို တိုက်ခိုက်ရင်း ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှာ အစိုးရတပ်ဖွဲ့တွေဟာ ရန်သူ့ခံစစ်ကို ထိုးဖောက်ဝင်ရောက်ပြီး ဆိပ်ကမ်းမြို့တော် ဟိုဒေးဒါကို ပြန်လည်သိမ်းပိုက် အောင်မြင်ခဲ့ပါတယ်။

ဟိုဒေးဒါဆိပ်ကမ်းမြို့ဟာ အစားအစာနဲ့ အကူအညီတွေအများဆုံး ဝင်ရောက်ရာ ဆိပ်ကမ်းမြို့လေးဖြစ်ပါတယ်။ အဲဒီမြို့လေးဟာ သူပုန်တွေလက်ထဲကို ၂၀၁၄ ခုနှစ်ကတည်းက ကျရောက်ခဲ့တာဖြစ်ပါတယ်။ သူပုန်တွေအနေနဲ့ ယီမင်နိုင်ငံရဲ့ မြို့တော် ဆာနားကိုသိမ်းပိုက်ပြီး သိပ်မကြာခင်မှာပဲ ဟိုဒေးဒါဆိပ်ကမ်းမြို့ဟာ အလွယ်တကူနဲ့ ရန်သူ့လက်တွင်းသို့ သက်ဆင်းခဲ့တာဖြစ်ပါတယ်။

အစိုးရတပ်ဖွဲ့ဟာ ၎င်းရဲ့ ထိုးစစ်ကို အရှိန်မြှင့်လိုက်ပြီး ဧပြီလမှာပဲ သူပုန်ဘက်က ဒုတိယတိုင်းမှူး အဆင့်ရှိ ကွပ်ကဲရေးမှူးတစ်ဦးဖြစ်သူ ဆာလေအယ်လ်ဆမ်မက်ဟာ ညွန့်ပေါင်းမဟာမိတ်အဖွဲ့ရဲ့ လေကြောင်းဗုံးကြဲ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ပါတယ်။

ဇွန်လ ၁၃ ရက်နေ့ကလည်း ဆော်ဒီနဲ့ အီမီရိတ်တပ်ဖွဲ့တွေနောက်ခံအင်အားပြုထားတဲ့ အစိုးရတပ်ဖွဲ့ဟာ ဟိုဒေးဒါဆိပ်ကမ်းမြို့ကို ထိုးစစ်ဆင်ခဲ့ကြပါတယ်။ ဇွန် ၂၀ ရက်ကလည်း အစိုးရတပ်ဖွဲ့ဟာ တောင်ဘက်ဆင်ခြေဖုံးရှိ ဟိုဒေးဒါဆိပ်ကမ်းမြို့လေဆိပ်ကို ထိန်းချုပ်နိုင်ခဲ့ပြီ ဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

**သေဆုံးသူအများစုမှာ ပြည်သူတွေဖြစ်**

စစ်ပွဲမှာ သေဆုံးသူ အများစုကတော့ ပြည်သူတွေဖြစ်ပါတယ်။ ပြည်သူတွေထဲကမှ ကလေးငယ်တွေဟာ စစ်ပွဲရဲ့ဒဏ်ကို ကြီးကြီးမားမား ပေးဆပ်နေရတဲ့သူတွေဖြစ်ပါတယ်။ ၁၃၁ ဦး သေဆုံးခဲ့တဲ့ ၂၀၁၅ ခုနှစ် စက်တင်ဘာလက မိုခါမြို့ မင်္ဂလာခန်းမတစ်ခုကို တိုက်ခိုက်ခဲ့တဲ့ ညွန့်ပေါင်းမဟာမိတ်တပ်ဖွဲ့ရဲ့ ထိုးစစ်ဆင်မှုအပါအဝင် ၎င်းတို့ရဲ့ထိုးစစ်ဆင် တိုက်ခိုက်မှုတိုင်းမှာ အရပ်သားသေဆုံးမှုတွေ အများကြီးဖြစ်ခဲ့ပါတယ်။ ညွန့်ပေါင်းမဟာမိတ်တပ်တွေကတော့ သူတို့မှာ တာဝန်မရှိကြောင်း ငြင်းဆိုခဲ့ပါတယ်။

၂၀၁၆ ခုနှစ် အောက်တိုဘာလကလည်း ဆာနားရှိ ဈာပနတစ်ခုကို ညွန့်ပေါင်း မဟာမိတ်တပ်ဖွဲ့တွေက လေကြောင်း တိုက်ခိုက်မှုပြုလုပ်ခဲ့ရာ လူပေါင်း ၁၄၀ ခန့် သေဆုံးခဲ့ပါတယ်။ အမှားအယွင်းပေါင်း များစွာရှိတဲ့ ညွန့်ပေါင်း မဟာမိတ်တပ်ဖွဲ့တွေဟာ တချို့ စွပ်စွဲချက်တွေကို ဝန်ခံခဲ့ပြီး သူပုန်တွေဟာ အရပ်သားတွေကို လူသားဒိုင်းတွေအဖြစ် အသုံးပြုခဲ့ကြတယ်လို့ ပြန်လည် ပြောဆိုစွပ်စွဲခဲ့ပါတယ်။

ဇူလိုင်လကလည်း အာရပ်စော်ဘွားများပြည်ထောင်စုက ကမကထပြုထားတဲ့ ယီမင်အကျဉ်းထောင်တွေမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေ အတော်များများ ဖြစ်ပေါ်နေပြီး ယင်းက စစ်ရာဇဝတ်မှုတွေ မြင့်တက်စေနိုင်တဲ့ အကြောင်းရင်းဖြစ်တယ်လို့ ပြောဆိုမှုကို အဘူဒါဘီကတော့ ငြင်းဆိုလိုက်ပါတယ်။ ဩဂုတ် ၉ ရက်ကလည်း သူပုန်ထိန်းချုပ်ရာ ယီမင်မြောက်ပိုင်း၌ ဘတ်စ်ကားတစ်ခုပေါ် ဖြစ်ပွားခဲ့တဲ့ တိုက်ခိုက်မှုမှာ ကလေးငယ် ၄၀ အပါအဝင် စုစုပေါင်း ၅၁ ဦး သေဆုံးခဲ့တယ်လို့ လခြမ်းနီအဖွဲ့က ပြောခဲ့ပါတယ်။

ဩဂုတ် ၂၃ ရက်ကလည်း သူပုန်ထိန်းချုပ်ရာ ဟိုဒေးဒါ တောင်ပိုင်း အယ်လ်ဒူရာဟီမီပြည်နယ်မှာ ဖြစ်ပွားနေတဲ့ တိုက်ခိုက်မှုတွေမှာ ပြေးရင်းလွှားရင်း အနည်းဆုံး ကလေးငယ် ၂၂ ဦးအပြင် အမျိုးသမီး လေးဦးလည်း မဟာမိတ်တွေရဲ့ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့တယ်လို့ ကုလသမဂ္ဂအဖွဲ့က ပြောခဲ့ပါတယ်။ တစ်နေ့တည်း၊ တစ်နေရာတည်းမှာပဲ နောက်ထပ် မဟာမိတ်အဖွဲ့ရဲ့ လေကြောင်းတိုက်ခိုက်မှု တစ်ခုကြောင့် ကလေးငယ်လေးဦး ထပ်မံသေဆုံးခဲ့တယ်လို့ သိရပါတယ်။

နိဂုံးချုပ်ဆိုရမယ်ဆိုရင် ယီမင်ပြည်တွင်းစစ်ဟာ အချိန်ကာလကြာညောင်းလာသော်လည်း ပြီးဆုံးမယ့်သဘောမတွေ့ရသေးဘဲ ဆက်လက်ပြီးတော့ ဖြစ်နေဦးမယ့် သဘောဆောင်လျက်ရှိပါတယ်။ အစိုးရတပ်ဖွဲ့ဟာ နိုင်ငံရဲ့ နေရာအတော်များများကို သိမ်းပိုက်ဖို့ ကျန်နေသေးသလို သူပုန်တပ်ဖွဲ့တွေကလည်း လွယ်လွယ်နဲ့ ဆုတ်ခွာပေးမှာ မဟုတ်ပါဘူး။ ဒီအခြေအနေတွေဟာ ပြည်သူတွေကို စစ်ပွဲဒဏ်ခံစားရဦးမယ့်သဘောကို ပြဆိုလျက်ရှိတယ်ဆိုတာ တင်ပြလိုက်ပါတယ်။ ။

**ကိုးကား-အေအက်ဖ်ပီ**

# နမ့်တဘက်ချောင်း ရေပေးဝေရေးစီမံကိန်း ဒီဇိုင်းရေးဆွဲရေးလုပ်ငန်းရှင်းလင်းပွဲသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို တက်ရောက်

**လွိုင်ကော် ဩဂုတ် ၂၆**
ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်း ရေလုံလောက်စွာဖြန့်ဝေပေးနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ပထမခြောက်လတွင် ဆောင်ရွက်သည့် နမ့်တဘက်ချောင်း ရေပေးဝေရေးစီမံကိန်း ဒီဇိုင်းရေးဆွဲရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ဩဂုတ် ၂၄ရက်က ကယားပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ဖရူဆိုမြို့ဗဟန်းလော့၊ နမ့်တဘက် ရေပေးဝေရေးစီမံကိန်းများကိုအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိပြီး ဖြစ်ကြောင်း၊ နမ့်တဘက်ချောင်း ရေပေးဝေရေးစီမံကိန်းသည် ခရီးမိုင်ကွာဝေးခြင်း၊ တောင်ကုန်း တောင်တန်းများ ထူထပ်ခြင်းကြောင့် အခက်အခဲများရှိမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွက် အရေးပါသည့်လုပ်ငန်းဖြစ်ရာ အလေးထားဆောင်ရွက်ပေးရန် စသည်ဖြင့် မှာကြားခဲ့သည်။

ဆက်လက်၍ Royal Country Development Co., Ltd. မှ မန်နေဂျင်း ဒါရိုက်တာ ဦးသန်းဦးက ဒီဇိုင်းရေးဆွဲခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြပြီး နမ့်တဘက်ချောင်း ရေပေးဝေရေးစီမံကိန်းဒီဇိုင်းရေးဆွဲခြင်းလုပ်ငန်း၏ Animation Vedio Click အား ပြသခြင်းများ ဆောင်ရွက်ခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က စီမံကိန်းဆောင်ရွက်မည့်နေရာများတွင် ရေရှည်အတွက် အရှုပ်အရှင်းကင်းရန် ဘာသာရေး၊ သာသနာရေးနှင့် ကင်းသည့် မြေယာများကိုသာ ရွေးချယ်သွားရန်၊ ရေအရင်းအမြစ်မရှိဘဲ အမှန်တကယ်လိုအပ်သည့် နေရာများကို ရေပေးဝေနိုင်ရေး ဆောင်ရွက်စေလိုကြောင်း၊ သက်ဆိုင်ရာဌာနများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများအနေဖြင့် အမှန်တကယ် ရေလိုအပ်သည့်နေရာများသို့ ရေရရှိနိုင်ရေး ပေါင်းစပ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သုံးစွဲသင့်သည့် ပမာဏကို သုံးစွဲသွားရန်၊ အကျိုးအမြတ်ပြန်လည်ရရှိရေးနှင့် ပတ်သက်ပြီး ဘတ်ဂျက်များစွာ အကုန်အကျခံဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ရေမီတာဖြင့် စနစ်တကျ ကောက်ခံသွားရန်၊ စီမံကိန်းများ ရေးဆွဲထားရန် ပြောကြားသည်။

**စိုင်းဉာဏ်လင်းထွန်း**



# ပဲခူးတိုင်းဒေသကြီး ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကျင်းပ



**ပဲခူး ဩဂုတ် ၂၆**
မိမိတို့၏မိသားစုများနှင့် မျိုးနွယ်များကို မှတ်မိစေရန်စည်းလုံးခြင်းနှင့် လူမျိုးအချင်းချင်း နွေးထွေးစွာ ပေါင်းစည်းညီညွတ်စေရန် ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားရိုးရာချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို ယမန်နေ့က ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဆရာတော်ဉူးကုသလက ဩဝါဒစကားမိန့်ကြားပြီး တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားသည် ကရင်တိုင်းရင်းသားများဘေးဒုက္ခအပေါင်းမှ ကင်းဝေးနိုင်အောင် ပြုလုပ်သောပွဲဖြစ်ပြီး တိုင်းရင်းသားအချင်းချင်းရင်းနှီး ချစ်ခင်မှုရရှိခြင်း၊ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်း၊ မိမိတို့ ရိုးရာဓလေ့ထုံးစံများကို ပိုမိုသိရှိစေနိုင်ခြင်း၊ တိုင်းရင်းသားများစုစည်းညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိခြင်း စသောအကျိုးရလဒ်များ ရရှိနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ကရင်တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီး နော်ပွယ်စေးက ချည်ဖြူဖွဲ့မင်္ဂလာပွဲကို တစ်နှစ်တစ်ခါမိသားစုများပြန်လည်ဆုံတွေ့နိုင်စေရန် တစ်နှစ်တစ်ကြိမ်ကျင်းပပြီး အခြားသော မင်္ဂလာအခမ်းအနားများတွင်လည်း လက်ချည်မင်္ဂလာပြုလုပ်ကြကြောင်းပြောကြားပြီး တိုင်းဒေသကြီး ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာကြည်စိုးက ချည်ဖြူဖွဲ့မင်္ဂလာပွဲဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘုရားကြီး၊ သရက်ကုန်းကျေးရွာမှ အဘိုးအဘွားများက ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား ဆုတောင်းမေတ္တာများ ပို့သပေးကာ ပြည်ထောင်စုဝန်ကြီး နှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအမျိုးသားဒီမိုကရေစီအဖွဲ့ဥက္ကဋ္ဌနှင့် ပါတီဝင်များ၊ ကရင်တိုင်းရင်းသားများနှင့် တာဝန်ရှိသူများအား ကရင်ရိုးရာလက်ရစ်ချည်ဖွဲ့ပေးခြင်းကို ဆောင်ရွက်ပေးကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် မြစ်ကြီးနား၌ လူထုနှင့်တွေ့ဆုံ

မြစ်ကြီးနား ဩဂုတ် ၂၆
**ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် လူထုတွေ့ဆုံပွဲအခမ်းအနားကို မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ယမန်နေ့က ကျင်းပခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ပြည်နယ်အစိုးရအဖွဲ့၏ နှစ်နှစ်တာကာလအတွင်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။**

ယင်းသို့ပြောကြားရာတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးတို့ကို ဦးစားပေးဆောင်ရွက်နေမှုများ၊ ပြည်နယ်အတွင်း မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအတွက် အစိုးရအဖွဲ့အနေဖြင့် အစီအမံများ ချမှတ်ဆောင်ရွက်နေမှုများကို ပြည်သူများအားလုံးက ပူးပေါင်းပါဝင် သတင်းပေးကြရန်လိုကြောင်း၊ နှစ်နှစ်တာကာလအတွင်း ကျေးရွာပေါင်း ၈၀၀ နီးပါးခန့် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ပြည်နယ်အနှံ့ မီးလင်းရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်နေသည်ကို အသိပေးလိုကြောင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်မှုအခြေအနေများ၊ ပြည်နယ်သူ ပြည်နယ်သားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နယ်စပ်ကုန်သွယ်ရေးစခန်းများ အဆင့်မြှင့်တင်သွားမည့် အခြေအနေများ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရေး စီမံဆောင်ရွက်နေမှုများ၊ လယ်ယာမြေများနှင့် ပတ်သက်၍ တိုင်ကြားစာများကို စိစစ်ဆောင်ရွက်ပြီး ပြန်လည်လွှဲအပ်နိုင်ရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

အစိုးရအဖွဲ့အနေဖြင့် တိုင်းရင်းသား အချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်းကောင်း၊ ပြည်နယ်ဘက်စုံဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင်လည်းကောင်း မိမိတို့အစိုးရတစ်ရပ်တည်းသာမက ပြည်သူအားလုံးက ပူးပေါင်းပါဝင် ကြိုးစားပေးကြရန် ပြောကြားခဲ့သည်။

ယင်းနောက် အခမ်းအနားတက်ရောက်လာကြသည့် မြို့မိ မြို့ဖများ၊နိုင်ငံရေးပါတီဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များ၊ ဌာနဆိုင်ရာများ ဝန်ထမ်းများအား ပြုပြင်တည့်မတ်ပေးရေး၊ တစ်သျှူးငှက်ပျောကိစ္စ၊ လမ်း၊ တံတားလိုအပ်ချက်များ၊ မီးလင်းရေး၊ လယ်ယာမြေကိစ္စရပ်များ၊ မြစ်ဆုံကိစ္စနှင့် နန်ကျင်စီးပွားရေးဇုန်ကိစ္စရပ်များ၊ စည်းကမ်းမဲ့မော်တော်ယာဉ်များကိစ္စ၊ ရေထိန်းနံရံများ ဆောင်ရွက်ပေးရေး၊ မြေဂရန်များလျင်မြန်စွာ ရရှိရေးစသည်တို့နှင့် စပ်လျဉ်း၍ မေးမြန်းကြရာ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်တို့က ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်း ဖြေကြားကြပြီး ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကို ဖြည့်စွက်ရှင်းလင်းခဲ့သည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**







# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ ဆုချီးမြှင့်ပွဲတက်ရောက်

**ဘိုကလေး ဩဂုတ် ၂၆**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်တွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ၊ ထူးချွန်အောင်သင်ကြားပေးသော ဆရာ ဆရာမများနှင့် အောင်ချက်အကောင်းဆုံးကျောင်းများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့က ဘိုကလေးမြို့နယ် မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က အမှာစကားပြောကြားပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ မြို့နယ်အတွင်းရှိ ဆုရရှိသူ ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ငါးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၅ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၅၀ နှင့် တစ်ဘာသာဂုဏ်ထူးရှင် ၂၅၃ ဦးတို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြသည်။

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၏ အောင်ချက်ရာခိုင်နှုန်းသည် ၃၀ ဒသမ ၀၂ ရာခိုင်နှုန်းရှိခဲ့ပြီး ဂုဏ်ထူးရရှိသူဦးရေ စုစုပေါင်း ၃၃၅ ဦးရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ကို မြန်မာရုပ်ရှင် နှစ် ၁၀၀ ပြည့်အမီ ဖွင့်လှစ်ပြသနိုင်ရန် စီစဉ်နေ

**ရန်ကုန် ဩဂုတ် ၂၆**

မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ကို မြန်မာရုပ်ရှင် နှစ် ၁၀၀ ပြည့်အမီ ဖွင့်လှစ်ပြသနိုင်ရန် စီစဉ်လျက်ရှိကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ (၁) ဦးအေးကြူလေးက ပြောကြားသည်။

"ရုပ်ရှင်သမိုင်းပြတိုက်ကို ရုပ်ရှင်နှစ် ၁၀၀ အမီ ကျွန်တော်တို့က လုပ်တာပါ။ ပစ္စည်းတွေက ရှိပြီးသားဆိုတော့ အများဆုံး တစ်နှစ်လောက်တော့ လုပ်ရမယ်။ ၂၀၁၉ ခုနှစ်လောက်တော့ ပြီးနိုင်တယ်" ဟု ၎င်းက ပြောသည်။



ရုပ်ရှင်သမိုင်းပြတိုက်တွင် ထည့်သွင်းပြသမည့် ပြခန်း ခြောက်ခန်းကို ရုပ်ရှင်အနုပညာရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များက မိမိအပိုင်းအလိုက် တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ပြခန်းများမှာ ငွေရတုပြခန်း၊ ရွှေရတုပြခန်း၊ စိန်ရတုပြခန်း၊ ရုပ်ရှင် နှစ် ၁၀၀ ပြည့် အကြိုပြခန်း၊ စက်မှုပြခန်းနှင့် ရုပ်ရှင်ထူးချွန်ဆုပြခန်းတို့ဖြစ်ကြောင်း သိရသည်။

ပြခန်းများတွင် မြန်မာ့ရုပ်ရှင်ခေတ်ဦး ၁၉၂၀ ပြည့်နှစ်က ရိုက်ကူးခဲ့သော ကင်မရာများကို ထည့်သွင်းပြသမည်ဖြစ်ကြောင်း၊ ၁၉၂၀-၁၉၄၅ ခုနှစ်ကာလမှာ ငွေရတုကာလဖြစ်သော်လည်း ၁၉၄၇ ခုနှစ်မှသာ စက်မှုပြပွဲနှင့်အတူ မြန်မာ့ရုပ်ရှင်ငွေရတုကို ရွှေတိဂုံစေတီအနောက်ဘက်တွင် ကျင်းပခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တက်ရောက်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း (ကမာရွတ်)**

**ဓာတ်ပုံ- ထိန်လင်း**

# ကျိုက်ဝိုင်းဘုရား ဝတ္တကမြေပေါ်မှ စားသောက်ဆိုင်နှင့်ပတ်သက်၍ အလှည့်ကျဂေါပကအဖွဲ့က စက်တင်ဘာလ ပထမပတ်၌ စာနယ်ဇင်းရှင်းလင်းပွဲ ပြုလုပ်မည်ဟုသိရ

**ရန်ကုန် ဩဂုတ် ၂၆**

ရှေးဟောင်းသမိုင်းဝင် အပရာဇိတ ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်ဘုရား ဝတ္တကနယ်မြေ၌ အဆောက်အအုံဆောက်လုပ်ခွင့် တောင်းခံခြင်းကို ခွင့်မပြုနိုင်ကြောင်း ကန့်ကွက်ချက်အား မြို့တော်စည်ပင်သို့ စာပေးပို့ထားကြောင်း ဂေါပကအဖွဲ့ဝင်များထံမှ သိရသည်။

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ၃ ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း အမှတ် ၄၁-၄၃ ရှိ အဆောက်အအုံအား ဆောက်လုပ်ခွင့်ကို ရန်ကုန်မြို့တော်စည်ပင်သို့ လျှောက်ထားခဲ့ပြီး ဩဂုတ် ၁၉ ရက်က ကြေးမုံသတင်းစာတွင် ဆောက်လုပ်လျှောက်ထားမှုကို ကန့်ကွက်လိုလျှင် ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ရန်ကုန်မြို့တော်စည်ပင်က ကြေညာထည့်သွင်းထား၍ ဘုရားဂေါပကအဖွဲ့မှ သိရှိကာ ကန့်ကွက်ခဲ့ခြင်း ဖြစ်သည်။

"ကျွန်တော်တို့ဂေါပကအဖွဲ့က ဩဂုတ်လ ၂၂ ရက်နေ့က အရေးပေါ်အစည်းအဝေးခေါ်ပြီး ဒီကိစ္စကို ဆုံးဖြတ်ကြတာရှိပါတယ်။ မနေ့ကပဲ မြို့တော်စည်ပင်ကို ကန့်ကွက်ကြောင်း ဂေါပကအဖွဲ့ဝင်တွေအားလုံး လက်မှတ်ရေးထိုးပြီးတော့ စာနဲ့တင်ပြထားပြီးပါပြီ။ ဒါဟာ ဘုရားဝတ္တကမြေပါ။ ဘယ်သူ့ကိုမှ ဆောက်လုပ်ခွင့်ပေးမထားပါဘူး" ဟု ဘုရားဂေါပကအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးသန်းလွင်က ပြောသည်။

အဆိုပါ အငြင်းပွားမှု ဖြစ်ပွားနေသော မြေနေရာတွင် Froggy Fish အမည်ဖြင့် အဆင့်မြင့် တရုတ်အစားအစာ စားသောက်ဆိုင် စမ်းသပ်ဖွင့်လှစ်ထားရှိနေပြီး ယင်းမြေနေရာကို ဦးရှောက်ဆန်း ဆိုသူထံမှ တစ်လလျှင် ငွေကျပ် ၅၆ သိန်းဖြင့် ငှားရမ်းထားခြင်းဖြစ်ကြောင်း စားသောက်ဆိုင်မန်နေဂျာ ဒေါ်ဖြူဖြူဝင်းထံမှ သိရသည်။

"ကျွန်မတို့လက်ထဲမှာ အခုရှိတာက ဂေါပကအဖွဲ့က ဒီအဆောက်အအုံဆောက်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဇူလိုင်လ ၂၄ ရက်က ဒီအဆောက်အအုံနဲ့ပတ်သက်လို့ ကန့်ကွက်ထားခြင်း မရှိပါဘူးဆိုတဲ့စာကို ကျွန်မတို့ သိမ်းထားပါတယ်။ ဂေါပကအဖွဲ့မှာလည်း တခြားအခက်အခဲလေးတွေ ရှိနိုင်ပါတယ်။ အပြစ်မတင်လိုပါဘူး။ ကျွန်မတို့ကလည်း မကန့်ကွက်ပါဘူးဆိုတဲ့စာ ရှိနေတော့ အခုဆောက်လုပ်ထားတဲ့ အဆောက်အအုံနဲ့ ပတ်သက်လို့ ရပ်တည်နိုင်လိမ့်မယ်လို့ပဲ ယူဆပါတယ်။ လုပ်ထုံးလုပ်နည်းတွေနဲ့အညီပဲ စည်ပင်ကို တင်ပြထားတာပါ။ အခုတော့ ကန့်ကွက်ကြော်ငြာအဆင့်ရောက်မှ ပြဿနာဖြစ်နေတယ်။ ဒီလိုဖြစ်တာကလည်း ဦးရှောက်ဆန်းဆိုတဲ့ အမည်ကြောင့်ပါ။ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အမြင်အရ ဒီဦးရှောက်ဆန်းဆိုတာ တရုတ်ပြည် ရွှေလီကလာတဲ့ ဦးရှောက်စန်း မဟုတ်ပါဘူး။ အခုဦးရှောက်ဆန်းက မရမ်းကုန်း မင်းဓမ္မလမ်းမှာနေတဲ့ ရိုးသားစွာ လုပ်ကိုင်စားသောက်နေတဲ့ ဦးရှောက်ဆန်းပါ။ ဒီအပေါ်မှာ ကွဲလွဲချက်တွေရှိပြီးတော့ တခြားကိစ္စတွေများ ပါနေသလားဆိုတာတော့ သိပ်နားမလည်ပါဘူး။ နောက်တစ်ခုက ဒေါ်မိုးမိုးစုကြည်က ဒီမြေကိုပဲ ကျွန်မတို့ အရင်ဂေါပကဆီမှာ ဆေးခန်းဖွင့်ဖို့ တောင်းခဲ့ဖူးတယ်၊ မရခဲ့ဘူး။ အခုကျတော့ ဘယ်လိုကြောင့် အဆောက်အအုံကြီး ဆောက်နေတာ ခွင့်ပြုလာသလဲဖြစ်လာပြီး ပြည်သူတစ်ဦးအနေနဲ့ သူက မဲဆန္ဒနယ်မြေ လွှတ်တော်ကိုယ်စားလှယ်ကနေ တစ်ဆင့် ကန့်ကွက်တာ ဖြစ်လာတာပါ။ ဒီလိုကွဲလွဲမှုတွေကြောင့် ပဋိပက္ခဖြစ်လာသလားလို့ ယူဆရပါတယ်။ ကျွန်မတို့လုပ်ငန်းရှင် ဦးလှရွှေအနေနဲ့က ဒီလောက်လုပ်ထားပြီးမှ လုပ်ငန်းရပ်ထားရတာ နစ်နာပါတယ်။ အားလုံးအဆင်ပြေသွားစေချင်ပါတယ်" ဟု အဆိုပါ စားသောက်ဆိုင်မှ မန်နေဂျာ ဒေါ်ဖြူဖြူဝင်းက ပြောသည်။

ကျိုက်ဝိုင်းဘုရား ဝတ္တကမြေနေရာသည် ၄၃ ဧကကျော် ကျယ်ဝန်းပြီး ယင်းအထဲတွင် အငြင်းပွားမှု ဖြစ်ပွားနေသည့် မြေနေရာလည်း ပါဝင်ကြောင်း၊ နေစရာ အခက်အခဲဖြစ်နေသူ မိသားစု ၂၀၀ ကျော်ကို ကျိုက်ဝိုင်းဘုရားဝတ္တကနယ်မြေအတွင်းမှာ နေထိုင်ခွင့်ပြုထားခဲ့သော်လည်း ပြန်လည်ရောင်းချခွင့်ကို ပိတ်ပင်ထားကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

သို့သော် စတင်နေထိုင်သူများက အဆင့်ဆင့်လက်ဆင့်ကမ်းရောင်းချနေမှုများကြောင့် ယခုအခါတွင် အိမ်ခြေပေါင်း ၃၅၆ လုံးရှိနေပြီဖြစ်ကြောင်း၊ ရောင်းချနေမှုများကြောင့် ယခုလို အငြင်းပွားမှုအခြေအနေ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အငြင်းပွားမှုနှင့် ပတ်သက်၍ စက်တင်ဘာ ၄ ရက်တွင် သတင်းစာရှင်းလင်းပွဲကို အလှည့်ကျ ဂေါပကအဖွဲ့ဝင်များက ကျိုက်ဝိုင်းဘုရားရင်ပြင် ဓမ္မာရုံ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း အလှည့်ကျ ဂေါပကအဖွဲ့ဝင်တစ်ဦးထံမှ သိရသည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)**

## အမြင်အာရုံ ချို့ယွင်းသော်လည်း ဂုဏ်ထူးများဖြင့် အောင်မြင်

**ရန်ကုန် ဩဂုတ် ၂၆**

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ကြသော မသန်စွမ်း ကျောင်းသား ကျောင်းသူများအား မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်က ကြီးမှူး၍ ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ကျင်းပသည်။

"အခုလို တက္ကသိုလ်ဝင်တန်းအောင် မသန်စွမ်း ကျောင်းသား ကျောင်းသူတွေကို ဂုဏ်ပြုရတဲ့ ရည်ရွယ်ချက်ကတော့ မသန်စွမ်းလူငယ်တွေ စိတ်အားမငယ်ဖို့၊ တကယ်ကြိုးစားမယ်ဆိုရင် ဂုဏ်ထူးတွေနဲ့တောင် အောင်နိုင်တယ်ဆိုတာ သိစေဖို့ ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးသိန်းလွင်က ပြောသည်။

အဆိုပါဂုဏ်ပြုပွဲတွင် အမြင်အာရုံချို့ယွင်းသူ ကျောင်းသား ကျောင်းသူ ၁၆ ဦး၊ ကိုယ်အင်္ဂါချို့ယွင်းသူ ၁၄ ဦး၊ အကြားအာရုံချို့ယွင်းသူ တစ်ဦးနှင့် ဉာဏ်ရည်ချို့ယွင်းသူ တစ်ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၂ ဦးတို့မှာ ၂၀၁၇-၂၀၁၈ တက္ကသိုလ်ဝင်တန်းကို အောင်မြင်ခဲ့ကြသဖြင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်တို့ကို ချီးမြှင့်ပေးသည်။



၎င်းတို့တွင် သုံးဘာသာဂုဏ်ထူးရှင် လေးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် လေးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ငါးဦးရှိပြီး ကျန်ကျောင်းသား ကျောင်းသူများမှာ ရိုးရိုးဖြင့် အောင်မြင်ခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ မဝေဇာခိုင်၊ မောင်ရဲထက်နိုင်၊ မောင်ထင်လင်းအောင်၊ မောင်ဗျာယေရမိ တို့သည် သမိုင်း၊ ပထဝီ၊ ဘောဂဗေဒ ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်မှ တာဝန်ရှိသူများ၊ အလှူရှင်များ၊ တက္ကသိုလ်တန်းအောင် မသန်စွမ်း ကျောင်းသား ကျောင်းသူများ၊ ၎င်းတို့၏ မိဘဆွေမျိုးများနှင့် မီဒီယာများ တက်ရောက်ကြသည်။

**သတင်းနှင့် ဓာတ်ပုံ- မြင့်မောင်စိုး**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၆-၈-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၆၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၃၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၅၉၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၃၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၄၀/၉၇၀ ကျပ် | ၉၈၀/၁၀၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၅၀/၉၈၀ ကျပ် | ၁၀၀၅/၁၀၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၉၁၀/၉၄၀ ကျပ် | ၉၇၅/၁၀၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၆၀/၉၈၅ ကျပ် | ၁၀၃၀/၁၀၅၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၉၉ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၃၀ · ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၉၁ · ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၁၉ · ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၄၅ · ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၈၇ · ၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၇ · ၉၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၃၈၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၃ · ၅၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၄ · ၈၁ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၅ · ၆၁၈ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# ၂၀၁၈- ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

*(ယမန်နေ့မှ အဆက်)*

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| | (ဏ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၆၀၀၁ ကျပ်မှ ကျပ် ၂၉၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၆၇၀၃ ကျပ် |
| | (တ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၉၀၀၁ ကျပ်နှင့် အထက် အဆင့်ဖြစ်လျှင် | တစ်လီတာတန်ဖိုး၏ ၆၀% |
| ၉ | ဘီယာအမျိုးမျိုး။ | | ၆၀ % |
| ၁၀ | (က) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ကျပ် ၇၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၈၁ ကျပ် |
| | (ခ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၅၁ ကျပ်မှ ကျပ် ၁၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၄၄ ကျပ် |
| | (ဂ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၅၀၁ ကျပ်မှ ကျပ် ၂၂၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၀၆ ကျပ် |
| | (ဃ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၂၅၁ ကျပ်မှ ကျပ် ၃၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၆၉ ကျပ် |
| | (င) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ်မှ ကျပ် ၃၇၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၇၃၂ ကျပ် |
| | (စ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၇၅၁ ကျပ်မှ ကျပ် ၄၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၈၉၄ ကျပ် |
| | (ဆ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၄၅၀၁ ကျပ်မှ ကျပ် ၆၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၁၃၈ ကျပ် |
| | (ဇ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၆၀၀၁ ကျပ်မှ ကျပ် ၇၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၄၆၃ ကျပ် |
| | (ဈ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၅၀၁ ကျပ်မှ ကျပ် ၉၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၇၈၈ ကျပ် |
| | (ည) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၉၀၀၁ ကျပ်မှ ကျပ် ၁၀၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၁၁၃ ကျပ် |
| | (ဋ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၅၀၁ ကျပ်မှ ကျပ် ၁၃၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၆၀၀ ကျပ် |
| | (ဌ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၃၅၀၁ ကျပ်မှ ကျပ် ၁၆၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၂၅၀ ကျပ် |
| | (ဍ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၆၅၀၁ ကျပ်မှ ကျပ် ၁၉၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၉၀၀ ကျပ် |
| | (ဎ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၉၅၀၁ ကျပ်မှ ကျပ် ၂၂၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၅၅၀ ကျပ် |
| | (ဏ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၂၅၀၁ ကျပ်မှ ကျပ် ၂၆၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၂၅၄ ကျပ် |
| | (တ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၆၀၀၁ ကျပ် နှင့်အထက် အဆင့်ဖြစ်လျှင် | တစ်လီတာတန်ဖိုး၏ ၅၀ % |
| ၁၁ | သစ်လုံး၊ သစ်ခွဲသားများ။ | | ၅% |
| ၁၂ | ကျောက်စိမ်း အရိုင်းထည်များ။ | | ၁၅ % |
| ၁၃ | စိန်နှင့်မြမှအပ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များ။ | | ၁၀ % |
| ၁၄ | စိန်နှင့် မြမှအပ ကျောက်စိမ်း၊ပတ္တမြား၊ နီလာနှင့်အခြားအဖိုးတန် ကျောက်မျက်ရတနာအချောထည်များ၊ စိန်နှင့် မြ မှအပ လက်ဝတ်ရတနာတွင် စွဲကပ်ထားသည့်ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာအချောထည်များ။ | | ၅ % |
| ၁၅ | (က) Double Cab 4 Door Pickup မှ အပ ၁၅၀၁ CC မှ ၂၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၁၀ % |
| | (ခ) Double Cab 4 Door Pickup မှ အပ ၂၀၀၁ CC မှ ၄၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon)ကားများ၊ ကူပေး (Coupe) ကားများ။ | | ၃၀ % |
| | (ဂ) Double Cab 4 Door Pickup မှ အပ ၄၀၀၁ CC နှင့် အထက်ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၅၀ % |
| ၁၆ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | | ၅ % |
| ၁၇ | သဘာဝဓာတ်ငွေ့။ | | ၈ % |

(ခ) အောက်ပါအထူးကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချသူသည် ယင်းရောင်းရငွေအပေါ် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည်။ ဖော်ပြပါ အထူးကုန်စည်များမှတစ်ပါး ကျန်အထူးကုန်စည်များကို ပြည်ပသို့ တင်ပို့ခြင်းအတွက် အထူးကုန်စည်ခွန် မကျသင့်စေရ။ အခွန်ကျသင့်သည့် အထူးကုန်စည်ကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်အထူးကုန်စည်ခွန်မှ ကုန်စည်ကို ဝယ်ယူစဉ်၊ တင်သွင်းစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် အထူးကုန်စည်ခွန်ကို သတ်မှတ်ချက်များနှင့်အညီ ခုနှိမ်ရမည် -

| စဉ် | ကုန်စည်အမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁ | သဘာဝဓာတ်ငွေ့။ | ၈% |
| ၂ | သစ်လုံး၊ သစ်ခွဲသားများ။ | ၁၀% |
| ၃ | ကျောက်စိမ်း အရိုင်းထည်များ။ | ၁၅ % |
| ၄ | စိန် နှင့် မြ မှအပ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များ။ | ၁၀ % |
| ၅ | စိန် နှင့် မြ မှအပ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာအချောထည်များ၊ စိန် နှင့် မြ မှအပ လက်ဝတ်ရတနာတွင် စွဲကပ်ထားသည့် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အချောထည်များ။ | ၅ % |

၁၂။ အထူးကုန်စည်ခွန်ဥပဒေအရ အခွန်ကျသင့်သည့် အထူးကုန်စည်များအနက် သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိက ကဏ္ဍများက ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ် ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း သိန်း ၂၀၀ တိတိထက်မပိုလျှင် အထူးကုန်စည်ခွန် စည်းကြပ်ခြင်းမပြုရ။

၁၃။ ဤဥပဒေ၏ အခန်း (၅) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဤဥပဒေ၏ ပုဒ်မ ၁၊ ပုဒ်မခွဲ (ဂ) ပါ စကားရပ်များမှအပ အထူးကုန်စည်ခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၆)
## ကုန်သွယ်လုပ်ငန်းခွန်

၁၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည်-

**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယားများ**

(က) အောက်ဖော်ပြပါ ကုန်စည်တစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ -

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ။ |
| ၂ | ဂျုံစေ့၊ဂျုံဖွဲနု၊ ဂျုံဖွဲကြမ်း။ |
| ၃ | ပြောင်းအမျိုးမျိုးနှင့် ပြောင်းမှုန့်အမျိုးမျိုး။ |
| ၄ | ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ။ |
| ၅ | မြေပဲတောင့်၊ မြေပဲဆန်။ |
| ၆ | နှမ်း၊ ပန်းနှမ်း။ |
| ၇ | နေကြာစေ့၊ ဝါစေ့။ |
| ၈ | ဆီအုန်း။ |
| ၉ | ဝါအမျိုးမျိုး။ |
| ၁၀ | ဂုန်လျှော်နှင့် အခြားလျှော်များ။ |
| ၁၁ | ကြက်သွန်ဖြူ၊ ကြက်သွန်နီ။ |
| ၁၂ | အာလူး။ |
| ၁၃ | ဟင်းခတ်အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ်မဆလာ။ |
| ၁၄ | သစ်သီးစိမ်းအမျိုးမျိုး။ |
| ၁၅ | ဟင်းသီးဟင်းရွက်များ။ |
| ၁၆ | ကြံ၊ သကြား၊ ထန်းလျက်၊ ကြံသကာ။ |

*(ဆက်လက်ဖော်ပြပါမည်)*

# ကျွန်တော်နဲ့ မန္တလေး



## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

**ကျွန်တော် မန္တလေးမြို့ကို မကြာခဏ ရောက်ခဲ့ပါတယ်။ အစည်းအဝေးတွေ၊ ဟောပြောပွဲတွေ၊ သင်တန်းတွေ အမြဲလုပ်ခဲ့တာ။ ဒီတစ်ခေါက်တော့ အလွန်အရေးကြီးတဲ့ ပွဲကြီးတစ်ခုကို လုပ်ဖြစ်ခဲ့တယ်။ ကမကထလုပ်သူက နယူးစတားလိုက်ကုမ္ပဏီအုပ်စုရဲ့ ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်း။ သူ့ကုမ္ပဏီဟာ မန္တလေးမြို့ရဲ့ ထူးခြားလှတဲ့ မင်္ဂလာမန္တလေးစီမံကိန်းကို အကောင်အထည်ဖော်ခဲ့တာ။ မင်္ဂလာ မန္တလေးရောက်ရင် စင်ကာပူမြို့ကို ရောက်နေသလိုပဲ။ ဈေးဆိုင်တွေက လူတွေလမ်းလျှောက်လို့ရအောင် စီစဉ်ထားတော့ အဆင်ပြေလှတယ်။**

စနေ၊ တနင်္ဂနွေနဲ့ ရုံးပိတ်ရက်မှာ အဆိုတော်တွေ၊ အနုပညာရှင်တွေက အခမဲ့ဖြေဖျော်ပေးကြတယ်။ စားသောက်ဆိုင်တွေ၊ လူသုံးကုန်ပစ္စည်းရောင်းချတဲ့ဆိုင်တွေ၊ သင်တန်းကျောင်းတွေနဲ့အပြည့်။ Shopping Centre ကလည်း ထည်ထည်ဝါဝါ။ နှစ်မကုန်မီ ကြယ်(၆)ပွင့်ဟိုတယ်ကို ဖွင့်ဖို့ စီစဉ်ထားတယ်။ လူနေအိမ်ကွန်ဒိုတွေ၊ လုံးချင်းအိမ်တွေကလည်း သာယာလှတဲ့ပန်းခြံအထဲမှာ။ အခုလို စီမံချက်လုပ်နိုင်တာကို ကျွန်တော်က အားပေးတယ်။ ဖြစ်စေချင်လှတယ်။ မင်္ဂလာမူဆယ်ဆိုပြီး မူဆယ်မြို့မှာလည်း တည်ထောင်ထားတယ်။ ကျွန်တော်ကတော့ မင်္ဂလာ စစ်တွေ၊ မင်္ဂလာ ရန်ကုန်၊ မင်္ဂလာ ဘားအံ၊ မင်္ဂလာ ထားဝယ်ဆိုပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်မြို့တွေမှာ ရှိစေချင်တာ။ သာမန်စီမံချက်မျိုးမဟုတ်ဘဲ လူနေမှုအဆင့်အတန်းကို မြှင့်တင်တာဖြစ်တယ်။

### မန္တလေးအစည်းအဝေးခန်းမဆောင်

ဒီတစ်ခေါက်ရောက်တာက နယူးစတားလိုက်ကုမ္ပဏီအုပ်စု တည်ဆောက်ပြီးတဲ့ Mandalay Convention Centre (MCC) မန္တလေးအစည်းအဝေးခန်းမဆောင်ဖွင့်ပွဲအခမ်းအနား။ ဒီခန်းမကြီးဟာလည်း ခမ်းနားလှတဲ့ အဆောက်အအုံ၊ အဆောင်တွေ၊ ခန်းမတွေကလည်း မျိုးစုံ။ ရုပ်ရှင်ရုံပုံစံခန်းမတွေရှိသလို အစည်းအဝေးတွေ၊ ဆွေးနွေးပွဲတွေ လုပ်နိုင်အောင်လည်း စီစဉ်ထားတာ။ မင်္ဂလာဆောင်တွေ၊ ညှော်ခံပွဲတွေလည်း လုပ်နိုင်တယ်။ ဒီအဆောက်အအုံကြီးကို မန္တလေးတိုင်းဒေသကြီး အစိုးရရဲ့ဦးဆောင်မှုနဲ့ လုပ်ခဲ့တာဖြစ်တယ်။ မကြာမီက အောက်စ်ဖို့ဒ်ဆရာတော်ရဲ့ တရားပွဲကို ကျင်းပခဲ့တယ်။ အမှန်တော့ ဒီခန်းမမျိုးကို နေပြည်တော်မှာပဲ မြင်ရတာ။ ရန်ကုန်မှာ ရှိစေချင်လိုက်တာ။ ဒါကိုပြောရတာက တစ်ကိုယ်ကောင်းဆန်ဆန်တွေးတာပါ။ ဒီခန်းမမျိုးမှာ ဟောပြောပွဲတွေ လုပ်ရရင် ဘယ်လောက်ကောင်းမလဲ။

ကျွန်တော့်ရဲ့ဆန္ဒပြည့်ခဲ့ပါတယ်။ ခန်းမကြီးရဲ့ တရားဝင်ဖွင့်ပွဲကို လုပ်ဖို့အစီအစဉ်မှာ ဟောပြောပွဲတစ်ရပ်လုပ်ပေးဖို့ အကြောင်းကြားလာပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နဲ့ နေပြည်တော်မှာဆုံတော့ ပွဲကိုသူတက်မယ်လို့ ကတိပေးခဲ့တယ်။ ဒါကြောင့် ကျွန်တော်က "ကျွန်တော်တို့ လိုချင်တဲ့အနာဂတ်" ဆိုတဲ့ ခေါင်းစဉ်နဲ့ ဟောပြောပွဲနဲ့ ဆွေးနွေးပွဲတစ်ရပ်လုပ်ဖို့ စီစဉ်ခဲ့တယ်။ ဒီခေါင်းစဉ်နဲ့ ပတ်သက်တဲ့ အချက်အလက်တွေကိုလည်း စုစည်းခဲ့တယ်။ သုတေသနတွေ လုပ်ခဲ့တယ်။ လေ့လာမှုတွေကို ဟောပြောပွဲမှာ အသုံးချဖို့ ပြင်ဆင်ခဲ့တယ်။ မန္တလေးကို မနက်စောစော လေယာဉ်နဲ့ ခရီးထွက်တယ်။

အခုဆိုရင် မြန်မာလေကြောင်းက ဂျက်လေယာဉ်အကြီးတွေ သုံးနေတာမို့ တစ်နာရီပဲကြာတယ်။ လေဆိပ်ကနေ အခမ်းအနားကျင်းပမယ့် ခန်းမကြီးကို မော်တော်ယာဉ်နဲ့ ထွက်ခဲ့တယ်။ ခန်းမကိုရောက်တော့ မော်တော်ဆိုင်ကယ်တွေ၊ မော်တော်ယာဉ်တွေက အမြောက်အမြား ရောက်နှင့်နေတာတွေ့တယ်။ ပွဲမစမီ ကြိုတင်ရောက်နေကြတာ။ ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းနဲ့ ညှော်ခံတဲ့ နံနက်စာကို စားဖြစ်တယ်။ ပရိသတ်တွေအားလုံးကို လက်ဖက်ရည်၊ ကော်ဖီ၊ မုန့်နဲ့ ညှော်ခံတယ်။ မကြာမီ ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နဲ့ အစိုးရအဖွဲ့ဝင်တွေ ရောက်လာကြတယ်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဖြစ်သူ ဦးမြတ်သူနဲ့ ကျွန်တော်က ရင်းနှီးတယ်။ စီးပွားရေးတက္ကသိုလ် ခြေလျင်တောင်တက်အသင်းမှာ ကျွန်တော်က ဥက္ကဋ္ဌ၊ သူက အတွင်းရေးမှူး။ အဲဒီတုန်းက တက္ကသိုလ်များ လမ်းလျှောက်ပြိုင်ပွဲမှာ သူက ချန်ပီယံ။ သူ့ဇနီးကလည်း တပည့်။

ညွှန်ချုပ်တာဝန်ယူပြီးတော့ ၂၀၁၅ နောက်ပိုင်းမှာ ဝန်ကြီးဖြစ်လာသူ။ ကိုယ်ရဲ့ တပည့်တွေ အခုလို တာဝန်တွေယူနေကြတာ မြင်ရတော့ ကျေနပ်တယ်။ စီးပွားရေးတက္ကသိုလ်ထွက်တွေ နေရာရနေကြတယ်၊ တာဝန်တွေ ယူနေကြတယ်၊ ကိုယ်တတ်တဲ့ပညာနဲ့ တိုင်းပြည်အကျိုး ဆောင်ရွက်နေကြတယ်။ ဂုဏ်ယူမိတယ်။

အခမ်းအနားမှာ ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကားပြောတယ်။ သူ့ရဲ့ မျှော်လင့်ချက်တွေ၊ တမ်းတချက်တွေ တင်ပြခဲ့တယ်။ နိုင်ငံရေးခေါင်းဆောင်မှု ပေးနေသူ တစ်ဦးရဲ့ အမြင်၊ အယူအဆတွေကြားရလို့ လေးစားမိတယ်။ ဆရာက အုပ်ချုပ်ရေး တာဝန်ယူရုံမက နိုင်ငံရေးတာဝန်ကိုလည်း ယူထားသူ။ အပြောနည်းပြီး အလုပ်များများလုပ်တဲ့သူ။ ပြတ်သားတဲ့အမြင် အယူအဆတွေအပြည့်နဲ့ နိုင်ငံရေးသမား ပီသတယ်။ အပြောအဆိုကောင်းတယ်။ ပရိသတ်တွေရဲ့ အာရုံကို ထိန်းနိုင်တာ တွေ့ရတယ်။

### ကျွန်တော်တို့လိုချင်တဲ့ အနာဂတ်

ဝန်ကြီးချုပ် အဖွင့်မိန့်ခွန်းပြောပြီးချိန် ကျွန်တော်က "မန္တလေး-ကျွန်တော်တို့လိုချင်တဲ့ အနာဂတ်" ခေါင်းစဉ်နဲ့ ဟောပြောခဲ့ပါတယ်။ တင်ပြချက်ကို နှစ်ပိုင်းခွဲခဲ့ပါတယ်။ ပထမပိုင်းမှာတော့ သီအိုရီအခြေခံကို တင်ပြခဲ့တယ်။ ကျွန်တော်မကြာခဏ တင်ပြခဲ့သလို စီးပွားရေးပညာနဲ့ ပတ်သက်လာရင် လက်တွေ့ဟာ အရေးပါသလို လက်တွေ့ကို ဖန်တီးတဲ့ အတွေးအခေါ် အယူအဆ အတွေးအခေါ်ဟာလည်း အရေးပါလှတယ်။ ဒေသတစ်ခုရဲ့ ဖွံ့ဖြိုးမှုဟာ ဒီဒေသရဲ့ အရည်အသွေး (Quality of Place) အပေါ်အခြေခံတာကြောင့် သီအိုရီအသစ် ဖော်ထုတ်လာခဲ့တယ်။ ဒါကြောင့်လည်း ပရိသတ်တွေ အသိရအောင် ဒီအယူအဆကို တင်ပြခဲ့တယ်။ အခြေခံဘာသာရပ်ကတော့ ပထဝီ၊ ဘောဂဗေဒပညာပဲဖြစ်တယ်။ စီးပွားရေးနဲ့ ပထဝီဘာသာရပ်ဟာ ဆက်စပ်နေတာ။ ဒါကြောင့်လည်း စီးပွားရေးတက္ကသိုလ်မှာ ပထဝီဘာသာရပ်ကို သင်ကြားနေတာ။ ကျွန်တော်ကတော့ စီးပွားရေးသမိုင်းကိုလည်း သင်စေချင်တယ်။ သမိုင်းနဲ့ စီးပွားရေး၊ စီးပွားရေးနဲ့ သမိုင်း ခွဲခြားဖို့ မဖြစ်နိုင်ဘူး။

### စီးပွားရေးနဲ့ သမိုင်းပညာ

ဆရာကြီးဒေါက်တာသန်းထွန်းဟာ စီးပွားရေးနဲ့ သမိုင်းပညာဆက်စပ်ဆက်နွှယ်မှုကို တင်ပြရေးသားခဲ့တယ်။ ကျွန်တော်ကိုယ်တိုင် ဘွဲ့လွန်ပါရဂူသုတေသန ဆောင်ရွက်စဉ် စီးပွားရေးသမိုင်းပညာကို အထူးပြုခဲ့တယ်။ ဘာသာရပ်နှစ်ရပ်ကို ဆက်စပ်ပြီး လေ့လာခွင့်ရခဲ့တာ။ တစ်သက်လုံးစီးပွားရေးပညာကို အထူးပြုခဲ့ပြီး သမိုင်းပညာကိုလည်း ဆည်းပူးနိုင်ခဲ့တာမို့ အတွေးအခေါ် အယူအဆတွေကို ပြင်ဆင်ခဲ့ရတယ်။

ဒုတိယပိုင်းမှာတော့ မန္တလေးမြို့နဲ့ မန္တလေးတိုင်းဒေသကြီးဟာ နိုင်ငံရဲ့အလယ်ဗဟိုမှာ တည်ရှိနေတာမို့ မြေပုံထဲကိုကြည့်ရင်း နိုင်ငံရဲ့အသည်းနှလုံးအဖြစ် တင်စားနိုင်တာကို ဖော်ပြခဲ့တယ်။ တည်နေရာရဲ့အခွင့်အလမ်း အကျိုးရှိစွာ အသုံးချနိုင်ဖို့လိုအပ်ကြောင်း တင်ပြခဲ့တယ်။ မန္တလေးတိုင်းဒေသကြီးဟာ အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ တရုတ်ပြည်နဲ့ အိန္ဒိယပြည်တို့ရဲ့ စီးပွားရေးမူဝါဒတွေအတွက် ပဓာနကျတဲ့ဒေသဖြစ်တယ်။ တရုတ်ပြည်ရဲ့သမ္မတကြီးက ပိုးလမ်းမကြီးအစီအစဉ်ကို ဖော်ထုတ်ခဲ့သလို အိန္ဒိယနိုင်ငံရဲ့ ဝန်ကြီးချုပ်ဟာလည်း အရှေ့ကိုကြည့်မယ့် စီးပွားရေးမူဝါဒအသစ်ကို ချမှတ်ခဲ့တယ်။ ဒီမူဝါဒနှစ်ခုစလုံးဟာ အရှေ့တောင်အာရှနိုင်ငံတွေနဲ့ ဆက်ဆံရေးပိုမိုကောင်းမွန်ဖို့ ရည်ရွယ်တာဖြစ်တယ်။ အခုလိုဆောင်ရွက်ရာမှာ မြန်မာနိုင်ငံဟာ သော့ချက်ဖြစ်တယ်။ ဒါကြောင့် ဒီအခွင့်အရေးကို ရယူဖို့လိုအပ်တယ်။ မန္တလေးနဲ့ မန္တလေးတိုင်းဒေသကြီးဟာ မြန်မာနိုင်ငံရဲ့ယဉ်ကျေးမှုဒေသဖြစ်တယ်။ ဒါကြောင့် ယဉ်ကျေးမှုကို အခြေခံတဲ့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွေကို ထိထိရောက်ရောက်ဖော်ထုတ်သင့်ပါတယ်။ ပုဂံ၊ ညောင်ဦး၊ ပုပ္ပား၊ စစ်ကိုင်းတောင်၊ မန္တလေးနန်းတော်တို့ဟာ တန်ဖိုးမဖြတ်နိုင်တဲ့ယဉ်ကျေးမှု အမွေအနှစ်တွေဖြစ်တယ်။ တစ်ဖက်ကလည်း မန္တလေးဟာ လမ်းပန်းဆက်သွယ်ရေးမှာ အချက်အချာကျတယ်။ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်းပုံစံအမျိုးမျိုးနဲ့ ဆက်သွယ်ရေးလည်းကောင်းတဲ့ ဒေသ။ စိုက်ပျိုးရေးအခွင့်အလမ်းတွေရှိသလို စက်မှုလုပ်ငန်းတွေ၊ ဆိပ်ကမ်းတွေလည်း ဖော်ထုတ်နိုင်မှာဖြစ်တယ်။ လူသားအရင်းအမြစ်အနေနဲ့ သုံးသပ်ရင် စာတတ်မှုနှုန်းဟာ ၉၀ ရာခိုင်နှုန်းကျော်တာမို့ အလားအလာအများကြီးရှိပါတယ်။

### နယ်ပယ်စုံရှုထောင့်ကို တင်ပြခဲ့

ကျွန်တော့်ရဲ့ ဟောပြောမှုအပြီးမှာ အမေးအဖြေကဏ္ဍကို လုပ်ခဲ့တယ်။ ပရိသတ်တွေက မေးခွန်းမျိုးစုံမေးကြတယ်။ တချို့မေးခွန်းတွေကို ဝန်ကြီးချုပ်ကဖြေပေးတယ်။ လက်တွေ့အနေအထားကို သူက အသိဆုံးမို့ အခုလိုဖြေဆိုတာသဘာဝကျတယ်။ ပရိသတ်တွေက ကျေနပ်ကျတယ်။ မေးခွန်းတွေရဲ့ အဆင့်အတန်းက မြင့်မားတယ်။ သိချင်တဲ့စိတ်နဲ့ မေးကြတာမို့ ဖြေရတာလည်း အားရမှုရှိပါတယ်။

ကျွန်တော်တင်ပြပြီးတဲ့အခါ ဆွေးနွေးပွဲကို တစ်ဆက်တည်း ကျင်းပခဲ့တယ်။ ကျွန်တော်နဲ့အတူ ဆွေးနွေးကြသူများကတော့ မန္တလေးစက်မှုလက်မှုနှင့် ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးကျော်မင်း။ ကျွန်တော်နဲ့အတူ ပညာပေးလုပ်ငန်းတွေမှာ လက်တွဲလုပ်နေတဲ့ Device ဦးတင်ဇံကျော်။ SP ကုမ္ပဏီစုဥက္ကဋ္ဌ ဒေါ်သင်းသင်းကျော်နဲ့ နယူးစတားလိုက်ကုမ္ပဏီစုရဲ့ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်မေရင်တို့ ဖြစ်ကြတယ်။ သူတို့ဟာ ကျွမ်းကျင်လိမ္မာတဲ့နယ်ပယ်က ဝင်ရောက်ဆွေးနွေးခဲ့တယ်။ နယ်ပယ်စုံရှုထောင့်ကို တင်ပြခဲ့ကြတယ်။ ပွဲပြီးချိန်မှာ တည်ခင်းညှော်ခံတဲ့ နေ့လယ်စာကို စားသောက်ကြတယ်။ ဝန်ကြီးချုပ်က ပွဲပြီးတဲ့အထိ နေပေးတာကို ကျေးဇူးတင်မိတယ်။ ဟောပြောပွဲ၊ ဆွေးနွေးပွဲရဲ့ ခေါင်းစဉ်ဟာ မန္တလေးမှာနေထိုင်ကြသူများအတွက် ပတ်သက်နေတာမို့ ရလာတဲ့အသိကို အခြေခံပြီး လုပ်နိုင်တဲ့အလုပ်တွေကို ပါဝင်ဆောင်ရွက်စေချင်ပါတယ်။ ။

> **"မန္တလေးတိုင်းဒေသကြီးဟာ အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ တရုတ်ပြည်နဲ့ အိန္ဒိယပြည်တို့ရဲ့ စီးပွားရေးမူဝါဒတွေအတွက် ပဓာနကျတဲ့ဒေသဖြစ်တယ်။ တရုတ်ပြည်ရဲ့သမ္မတကြီးက ပိုးလမ်းမကြီးအစီအစဉ်ကို ဖော်ထုတ်ခဲ့သလို အိန္ဒိယနိုင်ငံရဲ့ ဝန်ကြီးချုပ်ဟာလည်း အရှေ့ကိုကြည့်မယ့် စီးပွားရေးမူဝါဒအသစ်ကို ချမှတ်ခဲ့တယ်။ ဒီမူဝါဒနှစ်ခုစလုံးဟာ အရှေ့တောင်အာရှနိုင်ငံတွေနဲ့ ဆက်ဆံရေး ပိုမိုကောင်းမွန်ဖို့ ရည်ရွယ်တာဖြစ်"**

# ရေဘေးသင့်ရွာများမှ နွားများကို ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

**ဘားအံ ဩဂုတ် ၂၆**

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် ရေကြီးနစ်မြုပ်မှု တစ်လကြာဖြစ်ပွားခဲ့ပြီး ကျေးရွာတချို့တွင် ရက်ရှည် ရေဘေးသင့်ခံရသော ကျွဲ၊ နွားတိရစ္ဆာန်များရှိရာ ရေဘေးသင့်ရွာတစ်ရွာဖြစ်သည့် မုက္ကဒိကျေးရွာအုပ်စု ဖားနွဲ့ကျွန်းကျေးရွာမှ ကျွဲ၊ နွားများတွင် ရေကြောင့်ဖြစ်သော ရေဝဲစားရောဂါများကို ဘားအံမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဩဂုတ် ၂၃ ရက်က ဆေးကုသမှုများ သွားရောက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ဆေးကုဆရာဝန်များနှင့် တာဝန်ရှိသူများအဖွဲ့က ဖားနွဲ့ကျွန်းကျေးရွာသို့ ကွင်းဆင်းသွားရောက်ပြီး ရက်ရှည်ရေဘေးသင့်ခဲ့သော နွား ၁၅၂ ကောင်အနက် အားနည်းပိန်ချုံးနေသော နွား ၂၅ ကောင်နှင့် ရေဝဲစားခြေထောက်အနာဖြစ်နေသော နွားခြောက်ကောင်တို့ကို ဆေးကုသပေးခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်းနှင့် အားဆေးများ ထောက်ပံ့ခြင်းတို့ ဆောင်ရွက်ပေးခဲ့ကာ တိရစ္ဆာန်မွေးမြူသူများ သိရှိထားသင့်သော ကျန်းမာရေးဆိုင်ရာ အသိပညာများကိုလည်း ကျွဲ၊ နွား ပိုင်ရှင်ဒေသခံပြည်သူများအား အသိပညာပေးဟောပြောမှုများ ဆောင်ရွက်ခဲ့သည်။

ရေကြီးနစ်မြုပ်ခဲ့သည့် ကျေးရွာများရှိ တိရစ္ဆာန်များကို ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် ရေကြီးချိန်နှင့် ရေပြန်လည်ကျချိန်များတွင် ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်း မြို့နယ်အလိုက် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး ဒေသခံပြည်သူများအား အသိပညာပေးသည့် လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဘားအံခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

ရေကြီးနစ်မြုပ်ချိန်များတွင် လူများသာမက လယ်ယာကိုင်းကျွန်းလုပ်ငန်းများတွင် အသုံးပြုအားကိုးရသော ကျွဲ၊ နွားတိရစ္ဆာန်များသည်လည်း ရက်ရှည်ရေဘေးသင့်ခံရမှုကြောင့် အစာရေစာ ရှားပါးမှုနှင့် ကျန်းမာရေးထိခိုက်မှုများ ရှိနေသဖြင့် ယခုလို ဌာနဆိုင်ရာတာဝန်ရှိသူများ၏ ကွင်းဆင်းဆေးကုသပေးမှုအပြင် အလှူရှင်များ၏ ကူညီမှုများကိုလည်း လိုအပ်လျက်ရှိကြောင်း ရေဘေးသင့်ပြည်သူများထံမှ သိရသည်။

**နေမျိုးလွင်(ဘားအံ)**



# မြန်မာ့စိန်တစ်လုံးသရက်သီးအတွက် တရုတ်-မြန်မာဖိုရမ်မှ အချက်ပေးခေါင်းလောင်းသံ

**မောင်သင်းပျံ့**

မြန်မာနိုင်ငံတွင် သရက်သီးကို တစ်နိုင်ငံလုံးအနေဖြင့် ဧက ၂၁၈၀၀၀ ကျော် စိုက်ပျိုးထားရှိပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းဒေသတို့တွင် အများအပြား စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်မှစ၍ GIZ အဖွဲ့က ရှမ်းပြည်နယ်တောင်ပိုင်းရှိ သရက်စိုက်တောင်သူတို့အား နည်းပညာများ ပံ့ပိုးကူညီပေး၍ စိန်တစ်လုံးသရက်သီးကို စိုက်ပျိုးခဲ့သလို ၂၀၁၇ နှစ်ဆန်းပိုင်းက တောင်ကြီးမြို့၌ကျင်းပသော Mango Value Chain Workshop တွင် စိုက်ပျိုးထုတ်လုပ်နေသော သရက်သီး အရည်အသွေးနှင့် စံချိန်စံညွှန်း သတ်မှတ်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။

၂၀၁၇ နိုဝင်ဘာလတွင်လည်း တရုတ်နိုင်ငံ ဝမ်တိန်မြို့၌ GIZ အဖွဲ့ မြန်မာ့စိုက်ပျိုးရေးမှ ကိုယ်စားလှယ်များ၊ ကူးသန်းရောင်းဝယ်ရေးဌာနမှ တာဝန်ရှိသူများ၊ မူဆယ်ပွဲရုံမှ ကုန်သည်များ၊ တရုတ်နိုင်ငံမှ သရက်သီးဝယ်ယူကြသော ကုန်သည်များနှင့် ရှမ်းပြည်နယ်တောင်ပိုင်းမှ သရက်စိုက်တောင်သူများ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

### မြန်မာ့စိန်တစ်လုံးသရက်သီး

မြန်မာ့စိန်တစ်လုံးသရက်သီးသည် တရုတ်နိုင်ငံ၏ သီးနှံဈေးကွက်တွင် အရေးပါလျက်ရှိသည်။ နည်းပညာဖွံ့ဖြိုးနေသော အိမ်နီးချင်းနိုင်ငံတို့အနေဖြင့် တရုတ်နိုင်ငံ၏ သရက်သီးဈေးကွက်ကိုရရှိရန် စိန်တစ်လုံးကို ပုံစံအမျိုးမျိုးဖြင့် စိုက်ပျိုးကာ မြန်မာ့စိန်တစ်လုံးသရက်သီးနေရာတွင် အစားထိုးရန် ကြိုးပမ်းဆောင်ရွက်နေကြသည်။ သို့သော် ယနေ့တိုင် မြန်မာ့စိန်တစ်လုံးသရက်သီး၏ အရသာကို မမီနိုင်သေးဘဲ ရှိနေသည်။ မြန်မာ့မြေ၊ မြန်မာ့ရေ၌ သရက်မျိုးကောင်းကို စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သည်မှာ မြန်မာနိုင်ငံအတွက် ဂုဏ်ယူစရာပင်ဖြစ်သည်။

မြန်မာနိုင်ငံ၏ သီးနှံစိုက်ပျိုးရေးတွင် ပြည်ပပို့ကုန်အဖြစ် ဈေးကွက်ခိုင်မာစွာရရှိထားသော သီးနှံများအနက် စိန်တစ်လုံးသရက်သီးသည် ထိပ်ဆုံးနေရာတွင် ရှိနေသည်။ မည်သည့်နိုင်ငံနှင့်မှမတူသော သရက်သီးအရသာကို ရရှိပိုင်ဆိုင်ထားခြင်းကြောင့်ဖြစ်သည်။ စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သော တရုတ်နိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ဘေးအန္တရာယ်ကင်းရှင်းသော သီးနှံများကို ဈေးကွက်တွင် ပို၍ ဝယ်လိုအားကောင်းလာသည့်အတွက် အခြားနိုင်ငံတို့မှ သရက်သီးများထက် မြန်မာနိုင်ငံမှ စိန်တစ်လုံးသရက်သီးမှာ ဈေးကွက်တွင် ခေါင်းမော့နေခြင်းပင်ဖြစ်သည်။

### ပြိုင်ဆိုင်ရမည့်ဈေးကွက်

ယနေ့ကာလတွင် တရုတ်နိုင်ငံ၏သီးနှံဈေးကွက်ကို ရရှိရန်အတွက် အိန္ဒိယ၊ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်တို့က အပြိုင်အဆိုင်ကြိုးပမ်းလျက်ရှိသည်။ တရုတ်နိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံတစ်ခု ဖြစ်သည့်အပြင် သီးနှံဈေးကွက်ကို စောစီးစွာပိုင်ဆိုင်ထားပြီး ဖရဲ၊ သခွားမွှေးနှင့် သရက်သီးဈေးကွက်ကို ရရှိထားသော မြန်မာတောင်သူတို့အဖို့မှာ ကြီးမားသော အခွင့်အရေးတစ်ရပ်ကို လက်ဝယ်ရရှိထားပြီးဖြစ်သည်။ ထိုအခွင့်အရေးကို မလွတ်တမ်း ဖမ်းဆုပ်ထားနိုင်ရန်အတွက်မူ ဆက်လက်ကြိုးစားရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နည်းပညာများက တစ်နေ့ထက်တစ်နေ့ တိုးတက်လာသောကြောင့်ဖြစ်သည်။ မြန်မာ့သရက်သီး၏ အရည်အသွေးကို ထိန်းသိမ်းထားနိုင်ရန်နှင့် အရည်အသွေးကျဆင်းသွားခြင်းမရှိစေရန် အရေးကြီးသောကာလသို့ ရောက်ရှိလာပြီဖြစ်သည်။

ယမန်နှစ်က သရက်သီးရာသီတွင် မြန်မာ့သရက်တောင်သူတို့ အရှုံးရှိခဲ့ကြသည်။ အရည်အသွေးမကောင်း၍မဟုတ်ဘဲ တင်ပို့ရာတွင် ထုပ်ပိုးမှုပိုင်းလိုအပ်ချက်နှင့် ဈေးကွက်အပေါ် တန်ဖိုးထားမှု လိုအပ်ချက်ကြောင့် ဖြစ်သည်။ တန်ဖိုးထားမှုဟု ဆိုရာတွင် ဈေးကောင်းရလိုဇောဖြင့် သတ်မှတ်ရက်မတိုင်မီ ခူးဆွတ်ခဲ့ကြ၍ဖြစ်သည်။ အပြိုင်အဆိုင်စိုက်ပျိုးထုတ်လုပ်သော ဈေးကွက်စီးပွားရေးစနစ်တွင် အရည်အသွေးကောင်းမွန်သော သစ်သီးကိုသာ ဝယ်လိုအားရှိသည့်အတွက် အရည်အသွေးကောင်းပြီး အဆင့်မီသော သစ်သီးများကိုသာ ထုတ်လုပ်ရောင်းချသွားရန် လိုအပ်လျက်ရှိသည်။

ယှဉ်ပြိုင်မှုများလာသော တရုတ်နိုင်ငံ၏ သီးနှံဈေးကွက်တွင် မြန်မာတောင်သူတို့ကို တရုတ်ကုန်သည်တို့ အထူးမှာကြားသော စကားတစ်ခွန်းမှာ အရည်အသွေးမီသောသီးနှံများကို တင်ပို့ရန်ဟူ၍ဖြစ်သည်။ အရည်အသွေးမီသောသီးနှံဆိုသည်မှာ ပွန်းပဲ့ခြင်း ကွဲခြင်းမရှိသောအသီး၊ တင်းတင်းရင်းရင်းရှိသောအသီး၊ ပြင်ပသွင်ပြင်လက္ခဏာအရ လတ်ဆတ်သန့်ရှင်းသောအသီးများ၊ ဈေးကွက်တွင် ရောင်းတန်းဝင်သောအသီးများ၊ ဖျက်ပိုးကင်းသောအသီးများ၊ အပူရှိန် မြင့်ခြင်းနိမ့်ခြင်းကြောင့် ပျက်စီးမှုမရှိသောအသီး၊ စွတ်စိုမှုကင်းသောအသီး၊



မြန်မာသရက်စိုက်တောင်သူများနှင့် တရုတ်ကုန်သည်များ ဖိုရမ်ဆွေးနွေးပွဲပြုလုပ်စဉ်။ ဓာတ်ပုံ-ဇွဲမာန်

ပြင်ပအနံ့အသက်ကင်းစင်သောအသီး၊ ဖွံ့ဖြိုးရင့်မှည့်သောအသီး၊ ရက်ပေါင်း ၃၀ အတွင်း ခူးဆွတ်ထားသောအသီး၊ အသီးအညှာခြေပုပ်ခြင်းနှင့် မဲ့ပြောက်စွန်းကင်းသောအသီး၊ အညှာခေါင်းပေါက်မပါသောအသီး၊ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းပြီး မြေကြီးများပေကပ်မှုမရှိသောအသီး စသည့် အရည်အသွေးဆိုင်ရာ သတ်မှတ်ချက်တို့ကို တစ်ဖက်နိုင်ငံမှ သစ်သီးဝယ်လက်တို့က ဆိုလိုခြင်းဖြစ်သည်။

### ထုပ်ပိုးမှုနှင့် အရည်အသွေးလိုအပ်ချက်

မြန်မာနိုင်ငံမှထွက်ရှိသော သရက်သီးများကို ယူနန်ပြည်နယ်၊ စီချွမ်းပြည်နယ်၊ ကွမ်ကျိုးပြည်နယ်နှင့် ချုံကင်းအထူးဒေသတို့ကိုသာ တင်ပို့နိုင်ပြီး တရုတ်နိုင်ငံအတွင်းပိုင်း ဒေသများသို့ တင်ပို့နိုင်မှုမရှိသေးပေ။ ခရီးဝေးပို့ဆောင်ရန်အတွက် ထုပ်ပိုးမှုနှင့် အရည်အသွေးလိုအပ်ချက်တို့ ရှိနေသေး၍ဖြစ်သည်။ မြန်မာ့စိန်တစ်လုံးသရက်သီးကို တရုတ်နိုင်ငံ တစ်နံတစ်လျား တင်ပို့နိုင်ရန် ခူးဆွတ်ရာ၌ ရင့်မှည့်မှုရှိရမည့်အပြင် ဒဏ်ရာအနာတရမရှိရန် အထူးအရေးကြီးသည်။ ခူးဆွတ်ပြီး အသီးများကိုလည်း နေပူထဲတွင်မထားဘဲ အရိပ်ထဲတွင်ထားရှိကာ အညှာတွင် အစေးမထွက်အောင် အထူးဂရုပြုရမည်ဖြစ်သည်။ သို့မှသာ ခရီးဝေးသို့ပို့ဆောင်ရာတွင် အသီးများကို ထိခိုက်မှုကင်းဝေးစေမည်ဖြစ်သည်။

ဈေးကွက်သို့တင်ပို့ရာတွင် သတ်မှတ်ထားသော Group အလိုက် တစ်လုံးချင်းအလေးချိန် မှန်အောင်စစ်ဆေးခြင်း၊ အသီးအနာများပယ်ခြင်း၊ မို့မောက်ကျပ်သိပ်မှုမရှိစေရန် သတိထားခြင်း၊ ပစ္စည်းအတင်အချတွင် ထိခိုက်မှုမရှိစေရန် အထူးဂရုစိုက်ခြင်းတို့ လိုအပ်မည်ဖြစ်သည်။ သရက်သီး၏ အရည်အသွေးနှင့် အရောင်လှစေရန် သင့်လျော်သော ဆေးဖျန်းခြင်း၊ နည်းမှန်လမ်းမှန်စွာဖြင့် သရက်သီးအိတ်စွပ်ခြင်းတို့ကိုလည်း ဆောင်ရွက်ရမည်ဖြစ်သည်။

အရည်အသွေးကောင်းမွန်သော သရက်သီးများမှာ သာမန်သရက်သီးတို့ထက် ဈေးကောင်းပိုရသောကြောင့် ဈေးနှိမ်ခံရခြင်းမရှိဘဲ ဈေးကွက်တွင်ခေါင်းမော့နိုင်ရန် မိမိဘက်မှလည်း အရည်အသွေးမီစွာ ထုတ်လုပ်တင်ပို့နိုင်ရမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် စီးပွားရေးတိုးတက်လာခြင်းကြောင့် သီးနှံများကိုစားသုံးရာတွင် အရည်အသွေးကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော သီးနှံများကိုသာ ရွေးချယ်စားသုံးလာလျက်ရှိသည်။ ၂၀၁၇ ခုနှစ်က မြန်မာ့စိန်တစ်လုံးသရက်သီးတောင်သူအချို့ အရှုံးပေါ်ခဲ့ခြင်းမှာ သရက်သီးအများစုကို ရင့်မှည့်ချိန်မတိုင်မီ ခူးဆွတ်တင်ပို့သောကြောင့် အရေခွံများရှုံ့တွ၍ အရသာမှာ အချဉ်ဘက်သို့ ရောက်ရှိသွားသည့်အတွက် မူလအရသာ ပျောက်ခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် ဝယ်လိုအားကျဆင်းပြီး သရက်စိုက်တောင်သူတို့ အရှုံးပေါ်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ်က သီးနှံအရည်အသွေးမမီခြင်းကြောင့် မြန်မာ့သရက်တောင်သူများ အရှုံးနှင့်ရင်ဆိုင်ခဲ့ရသလို ယခုသရက်သီးရာသီတွင် တရုတ်နိုင်ငံထွက် စိန်တစ်လုံးသရက်သီးများ ရှိနေပြီဖြစ်၍ ခိုင်မာစွာရရှိထားပြီးသော သရက်ဈေးကွက်ပျက်နိုင်သောကြောင့် သရက်စိုက်တောင်သူတို့ အထူးဂရုပြုရတော့မည်ဖြစ်သည်။

### ကြိုတင်တွေ့ဆုံ ဆွေးနွေး

ယခုနှစ်သရက်ရာသီတွင် ထိုသို့မဖြစ်စေရန်အတွက် မြန်မာစိန်တစ်လုံးသရက်စိုက် တောင်သူများနှင့် တရုတ်နိုင်ငံမှ ကုန်သည်များ ရွှေလီရှိ ဝမ်တိန်သီးနှံကုန်စည်ဒိုင်တွင် ဩဂုတ် ၉ ရက်နှင့် ၁၀ ရက်က ဖိုရမ်တစ်ခုအဖြစ် တွေ့ဆုံကာ တစ်ဖက်နှင့်တစ်ဖက် အကြံပြုဆွေးနွေးခဲ့ကြသည်။

နှစ်နာဆုံးရှုံးမှုသည် စိုက်ပျိုးရောင်းချသူနှင့် ဝယ်ယူသူ နှစ်ဖက်စလုံးတွင် ကြုံတွေ့ရနိုင်သောကြောင့် နှစ်ဦးနှစ်ဖက်အကျိုးရှိစေရန် ကြိုတင်တွေ့ဆုံ ဆွေးနွေးကြခြင်းဖြစ်သည်။ ထိုအကျိုးရလဒ်ကိုမူ ယခုလာမည့် သရက်သီးရာသီတွင် တွေ့မြင်ရတော့မည်ဖြစ်သည်။ အောက်တိုဘာလတွင် မြန်မာ့စိန်တစ်လုံးသရက်သီးများ တရုတ်နိုင်ငံသို့ စတင် ခရီးနှင်တော့မည်ဖြစ်သည်။

မြန်မာ့စိန်တစ်လုံးသရက်သီးသည် အခြားသရက်သီးတို့ထက် အနံ့၊ အရသာ ကောင်းမွန်သောကြောင့် တရုတ်နိုင်ငံတွင် အလေးထားစားသုံးခြင်းဖြစ်ပြီး သရက်သီးအရည်အသွေးကျဆင်းလာပါက သရက်သီးဈေးကွက် ပျက်လာနိုင်ခြင်းနှင့်အတူ သီးနှံဈေးကွက်ကိုတိုးဝင်ရန် စောင့်ဆိုင်းနေကြသော အခြားနိုင်ငံတို့မှ သရက်သီးများ အစားထိုးဝင်ရောက်လာခြင်းတို့ကြောင့် နှစ်အနည်းငယ်အတွင်း မြန်မာ့သရက်ကို တရုတ်နိုင်ငံ၏ဝယ်လိုအား ကျဆင်းလာနိုင်သည်ကို ကြိုတင်သတိပြုသင့်ပြီဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် တရုတ်နိုင်ငံ ဟိုင်နန်ကျွန်းတွင် စိန်တစ်လုံးသရက်သီးကို စိုက်ပျိုးထုတ်လုပ်လာခြင်းနှင့် ကျောက်ဆည်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် တရုတ်နိုင်ငံသားများကိုယ်တိုင် လာရောက်၍ စိုက်ပျိုးထုတ်လုပ်လာခြင်းတို့ကြောင့်ဖြစ်သည်။ ထို့အပြင် ဖိလစ်ပိုင်နှင့် ဗီယက်နမ်တွင်လည်း အနာဂတ်သရက်သီးဈေးကွက်ကို မျှော်မှန်း၍ သရက်ကို ဧကပေါင်းများစွာ စိုက်ပျိုးနေကြသည်။ ထိုနိုင်ငံများ၏ အစိုးရများအနေဖြင့်လည်း သရက်စိုက်တောင်သူတို့ကို ကူညီအားပေးကာ ဧကပေါင်းများစွာကို နှစ်ရှည်သရက်စိုက်ခင်းအဖြစ် စီမံချက်ဖြင့် စိုက်ပျိုးလာလျက်ရှိသည်။

ထို့ကြောင့် လက်ရှိသရက်သီးဈေးကွက် အခြေအနေသည် မြန်မာ့စိန်တစ်လုံးသရက်သီး၏ ဈေးကွက်အနေအထားအပေါ် အချက်ပေး ခေါင်းလောင်းထိုးသံအဖြစ် အသိပေးနေသည်ကို အထူးသတိပြုရတော့မည်ဖြစ်သည်။ စိန်တစ်လုံးသရက်သီးကို တရုတ်နိုင်ငံတွင် တစ်ဆင့်ပြန်လည်ရောင်းချမည့် တရုတ်ကုန်သည်နှင့် ပွဲစားများက မူဆယ်(၁၀၅)မိုင်တွင် လာရောက်ဝယ်ယူခြင်းဖြစ်ရာ သရက်သီးအရည်အသွေးနှင့် ထုပ်ပိုးမှုပုံစံကျဆင်းလာခြင်းကြောင့် ယင်းတို့၏အကျိုးအမြတ်ကို ထိခိုက်မည်ဆိုလျှင် မြန်မာ့စိန်တစ်လုံးသရက်သီးဈေးကွက်လည်း ပျက်လာနိုင်သည်ကို သတိပြုသင့်သည်။

မြန်မာနိုင်ငံ ကျောက်ဆည်မှထွက်ရှိသော စိန်တစ်လုံးသရက်သီးသည် မြန်မာနိုင်ငံ၏ အခြားဒေသတို့မှထွက်ရှိသော သရက်သီးများနှင့်ပင် အရသာကွာခြားကာ အထူးကောင်းမွန်သောကြောင့် ပြည်ပမှစားသုံးသူတို့ ကြိုက်နှစ်သက်ခြင်းဖြစ်သည်။ စိန်တစ်လုံးသရက်သီးများသည် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်း (တောင်ကြီး)တို့မှလည်း ထွက်ရှိနေသည့်တိုင် ကျောက်ဆည်စိန်တစ်လုံး၏အရသာကို မမီသေးပေ။

မြန်မာ့စိုက်ပျိုးရေးကဏ္ဍတွင် တောင်သူတို့ ပါးစပ်စိုနေသောသီးနှံမှာ သရက်နှင့် သခွားမွှေးတို့ဖြစ်ကာ ဖရဲသီးမှာ တဖြည်းဖြည်း ဈေးကွက်ယိုင်လာသည်ကို စိုက်ပျိုးတောင်သူတို့ နှစ်နှစ်အတွင်း ကြုံတွေ့သိရှိထားပြီးဖြစ်သည်။ တရုတ်နိုင်ငံတွင်လည်း ဒေသအနှံ့အပြား၌ ဖရဲစိုက်လာ၍ ဈေးကွက်ပျက်လာခြင်းဖြစ်ပြီး ယမန်နှစ်က ဖရဲသီးတင်ပို့ရာတွင်လည်း ထုတ်လုပ်မှုအရည်အသွေးနှင့် တင်ပို့မှုပိုင်းဆိုင်ရာ အားနည်းချက်တို့ကြောင့် မြတ်သူများရှိသလို ရှုံးသူများလည်းရှိခဲ့ကာ အကျိုးအမြတ်ရရှိမှု မညီခဲ့သည်ကို တွေ့မြင်ခဲ့ရပြီးဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်၍ စိုက်ပျိုးရေးကဏ္ဍ တိုးတက်ကောင်းမွန်လာစေမည့် ပြုပြင်ပြောင်းလဲရေးကို တောင်သူတို့ လေ့လာစုစည်း လုပ်ဆောင်သင့်ပြီဖြစ်သည်။ နိုင်ငံတော်က တောင်သူတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေသလို တောင်သူတို့ကလည်း လိုအပ်ချက်များကို ပွင့်လင်းစွာ အကြံပြုတင်ပြရန် လိုအပ်မည်ဖြစ်သည်။ GAP စနစ်၏ အလေ့အကျင့်ကောင်းများ ပိုမိုခိုင်မာလာပါက တောင်သူတို့၏ သီးနှံစိုက်ပျိုးရေးကဏ္ဍ တစ်ခေတ်ဆန်းသစ်လာမည်မှာလည်း အမှန်ဖြစ်သည်။

မြန်မာ့စိန်တစ်လုံးကို တရုတ်နိုင်ငံဈေးကွက်သို့တင်ပို့ရာတွင် သရက်သီးအရွယ်အစားမတူညီခြင်းသည် ဈေးနှုန်းအနည်းငယ် ကျဆင်းမှုကို ကြုံတွေ့စေနိုင်သည်။ လက်ရှိတွင် ရှမ်းပြည်နယ်တောင်ပိုင်းမှထွက်ရှိလာသော စိန်တစ်လုံးသရက်သီးများသည် ကျောက်ဆည်သီး၏အရသာကို မမီသော်လည်း ဂျာမနီမှ နည်းပညာပံ့ပိုးမှုကြောင့် အသီးဖွံ့ဖြိုးလှပလာသည့်အတွက် မူဆယ်ဈေးကွက်တွင် နေရာရရှိလာခဲ့ပြီဖြစ်သည်။ ရှမ်းပြည်နယ်တောင်ပိုင်းမှ ထွက်ရှိသော ထူးရှယ်သရက်သီးကြောင့် ကျောက်ဆည်သရက်သီး အရည်အသွေးကောင်းမွန်သည့်တိုင် ပြီးခဲ့သည့်နှစ်က ဈေးနှုန်းကျဆင်းခဲ့ရာ ယခုနှစ် သရက်သီးရာသီတွင် သရက်တောင်သူတို့အနေဖြင့် ဈေးကွက်ကို စိုးရိမ်မှုများစွာ ရှိနေမည်ဖြစ်သည်။

### အထူးသတိပြုကြရမည်

မြန်မာနိုင်ငံ၏ မူဆယ်နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် တရုတ်နိုင်ငံသို့တင်ပို့သော ဈေးကွက်မှာ အကြီးမားဆုံး သီးနှံဈေးကွက်တစ်ခုဖြစ်နေပြီး စိုက်ပျိုးတောင်သူများ၊ ပွဲရုံများနှင့် ကုန်သည်များအား အကျိုးပြုနေသော ဈေးကွက်ကြီးတစ်ခုလည်းဖြစ်သည်။ တရုတ်နိုင်ငံအတွင်းစိုက်ပျိုးသည့် စိန်တစ်လုံးသရက်သီးများမှာ ထိုဈေးကွက်ကြီးထဲသို့ ယခင်နှစ်ထက် ပိုမိုထုတ်လုပ် တင်ပို့လာနိုင်သောကြောင့် ယခုနှစ်တွင် ပုံမှန်ရာသီထက် စောစီးစွာ ထွက်ရှိသည်ဖြစ်စေ၊ မြန်မာနိုင်ငံနှင့် တစ်ပြိုင်တည်း ထွက်ရှိခဲ့လျှင်ဖြစ်စေ နှစ်နိုင်ငံလုံးမှ တောင်သူများအား ထိခိုက်နိုင်သည့်အတွက် ထိုအချက်ကိုလည်း ကုန်သည်နှင့် တောင်သူများက အထူးသတိပြုကြရမည်ဖြစ်သည်။

မြန်မာ့ဂုဏ်ဆောင် စိန်တစ်လုံးသရက်သီး၏ တရုတ်နိုင်ငံအတွင်း ရရှိထားပြီးသော ဈေးကွက်နေရာ ပျောက်ကွယ်မသွားစေရန်အတွက် အချက်ပေးခေါင်းလောင်းသံများကို မြန်မာသရက်စိုက်တောင်သူများနှင့် တရုတ်ကုန်သည်များ တွေ့ဆုံသော ဖိုရမ်တွင် ကြားခဲ့ရပြီးဖြစ်ရာ ယခုနှစ် သရက်ရာသီတွင် ထုပ်ပိုးမှုကောင်းမွန်သလို အရည်အသွေးကောင်းမွန်သော မြန်မာ့စိန်တစ်လုံးသရက်သီးများကိုသာ ထုတ်လုပ်တင်ပို့ရန်နှင့် တရုတ်နိုင်ငံမှစိုက်ပျိုးသော စိန်တစ်လုံးသရက်သီးများနှင့် ပြိုင်တူ ဈေးကွက်သို့မရောက်ရှိရန်ကိုလည်း သတိပြုပြီး မြန်မာ့စိန်တစ်လုံးသရက်၏ ဈေးကွက်ကို ဆက်လက်ထိန်းသိမ်းကြရတော့မည်ဖြစ်ကြောင်း အသိပေး ရေးသားလိုက်ရပါသည်။ ။

**“မြန်မာ့စိန်တစ်လုံးသရက်သီးသည် အခြားသရက်သီးတို့ထက် အနံ့၊ အရသာ ကောင်းမွန်သောကြောင့် တရုတ်နိုင်ငံတွင် အလေးထား စားသုံးခြင်းဖြစ်ပြီး သရက်သီးအရည်အသွေး ကျဆင်းလာပါက သရက်သီးဈေးကွက် ပျက်လာနိုင်ခြင်းနှင့်အတူ သီးနှံဈေးကွက်ကို တိုးဝင်ရန် စောင့်ဆိုင်းနေကြသော အခြားနိုင်ငံတို့မှ သရက်သီးများ အစားထိုးဝင်ရောက်လာခြင်းတို့ကြောင့် နှစ်အနည်းငယ်အတွင်း မြန်မာ့သရက်ကို တရုတ်နိုင်ငံ၏ဝယ်လိုအား ကျဆင်းလာနိုင်သည်ကို ကြိုတင်သတိပြုသင့်ပြီဖြစ်”**

# ရဲနွယ်ရေလှောင်တမံ ရေပိုလွှဲမှ ရေကျော်နေသော်လည်း လယ်ယာမြေများတွင် ရေကြီးနစ်မြုပ်မှုမရှိနိုင်

**ကျောက်တံခါး ဩဂုတ် ၂၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်း မြို့ချောင်းကျေးရွာအနီးတွင်တည်ရှိသော ရဲနွယ်ရေလှောင်တမံသို့ ယခုနှစ် မိုးဦးကာလမှစ၍ မိုးရွာသွန်းမှုများပြားပြီး ရေဝင်ရောက်မှုကောင်းသောကြောင့် လက်ရှိအချိန်တွင် တမံ၏ရေပိုလွှဲမှ ရေကျော်လျက်ရှိသော်လည်း ရဲနွယ်ချောင်းဘေးတစ်လျှောက်ရှိ မြို့ရွာများနှင့် အနိမ့်ပိုင်းဒေသများမှ လယ်ယာမြေများတွင် ရေကြီးနစ်မြုပ်မှုများ မရှိနိုင်ကြောင်း သိရသည်။

"ဒီနှစ်က မိုးဦးအရမ်းကောင်းပါတယ်၊ ရဲနွယ်ရေလှောင်တမံရဲ့ နှစ်စဉ် ပျမ်းမျှမိုးရေချိန်က ၁၁၀ လက်မပါ၊ ဩဂုတ်လ ၂၅ ရက်အထိ ၉၅ ဒသမ ၂၃ လက်မ ရွာသွန်းပြီးသွားပါပြီ၊ ဒီနှစ်မိုးများပြီး ရေဝင်အားအရမ်းကောင်းလို့ ရေပိုလွှဲပေါ်ကနေ ၄ ဒသမ ၅ ပေအထိ ရေကျော်ကျနေတာပါ၊ ကျွန်တော်တို့ဝန်ထမ်းတွေ ရဲနွယ်တမံအောက်ပိုင်း ရဲနွယ်ချောင်းတစ်လျှောက် လိုက်လံစစ်ဆေးပြီးပါပြီ၊ ရဲနွယ်ချောင်းထဲမှာ အရင်နှစ်တွေထက် ရေပိုများပေမယ့် ဆည်ရေကြောင့် အနီးအနားက ကျေးရွာတွေမှာ ရေကြီးနစ်မြုပ်မှုဖြစ်တာတွေ မရှိပါဘူး၊ တမံကြံ့ခိုင်မှုကလည်း အလွန်ကောင်းပါတယ်၊ ဌာနဝန်ထမ်းတွေနဲ့ ၂၄ နာရီ ရေကင်းဂျူတီတွေ ခွဲဝေချထားပြီး နေ့စဉ်နဲ့အမျှ စစ်ဆေးစောင့်ကြည့်နေပါတယ်၊ အဲဒီအတွက် စိုးရိမ်စရာ မရှိပါဘူး"ဟု ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရဲနွယ်ရေလှောင်တမံကို ၂၀၀၆ ခုနှစ်က တည်ဆောက်ပြီးစီးခဲ့ပြီး တည်ဆောက်ပြီးချိန်မှစ၍ လက်ရှိအချိန်အတွင်း ၂၀၀၆၊ ၂၀၀၇၊ ၂၀၀၈၊ ၂၀၁၆၊ ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်တို့တွင် ရေကျော်ခဲ့ကာ ယခု ၂၀၁၈ ခုနှစ်တွင် ဆည်ရေဝင်ရောက်မှုများသောကြောင့် ရေပိုလွှဲပေါ်မှ ၄ ဒသမ ၅ ပေအထိ ရေကျော်ကျလျက်ရှိသော်လည်း ရဲနွယ်ချောင်းတစ်လျှောက်မှ ကျေးရွာများနှင့် လယ်ယာစိုက်ပျိုးမြေများတွင် ရေကြီးနစ်မြုပ်မှုမရှိဘဲ တမံ၏ကြံ့ခိုင်မှုမှာလည်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခြောက်ခုမှ တောင်သူများအတွက် မျိုးစပါးများပေးအပ်

**ဖြူး ဩဂုတ် ၂၆**

ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ်များ၌ ဇူလိုင်လအတွင်းက ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် မြို့နယ်ခြောက်ခုမှ ပျက်စီးခဲ့သည့် မိုးစပါးစိုက်ခင်းများအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရမှ တောင်သူများထံသို့ မျိုးစပါးများပေးအပ်ပွဲကို ဩဂုတ် ၂၅ ရက်က တောင်ငူခရိုင် ဖြူးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

မျိုးစပါးများပေးအပ်ပွဲသို့ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ တိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ပြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဝန်ကြီးက မြို့နယ်ခြောက်ခုမှ တောင်သူများထံသို့ မျိုးစပါး တင်း ၅၃၀၀ ကို ပေးအပ်ခဲ့သည်။

ဇူလိုင်လအတွင်း ရေကြီးရေလျှံမှုများကြောင့် ပျက်စီးခဲ့သည့် တောင်ငူမြို့နယ်မှ လယ်မြေများအတွက် မျိုးစပါးတင်း ၃၀၀၊ ရေတာရှည်မြို့နယ်မှ လယ်မြေများအတွက် မျိုးစပါးတင်း ၃၀၀၊ ဖြူးမြို့နယ်အတွက် မျိုးစပါးတင်း ၁၆၀၀၊ ကျောက်ကြီးမြို့နယ်အတွက် မျိုးစပါး တင်း ၁၃၀၀၊ အုတ်တွင်းမြို့နယ်အတွက် မျိုးစပါးတင်း ၃၀၀ နှင့် ကျောက်တံခါးမြို့နယ်အတွက် မျိုးစပါးတင်း ၁၅၀၀ တို့ကို ပေးအပ်ခဲ့သည့်အပြင် ဖြူးမြို့နယ်အတွင်းမှ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်း Family Kit ပုံးများကိုလည်း လွှတ်တော်ဥက္ကဋ္ဌနှင့် ဝန်ကြီးတို့က ဖြူးမြို့နယ်မှ တာဝန်ရှိသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြဝတီမြို့မှ ပျက်စီးသွားသော မိုးသီးနှံစိုက်ခင်းများအတွက် တောင်သူများအားထောက်ပံ့

**မြဝတီ ဩဂုတ် ၂၆**

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများတွင် ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသော မိုးသီးနှံစိုက်ခင်းများအတွက် တောင်သူများအား မျိုးစေ့နှင့်ငွေများ ထောက်ပံ့ပေးအပ်ပွဲကို ဩဂုတ် ၂၃ ရက်က ကျင်းပခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်က အမှာစကားပြောကြားပြီး ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်ဦးက ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံပျက်စီးမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ မြဝတီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့်တာဝန်ရှိသူများ၊ အလှူရှင်များက သက်ဆိုင်ရာကျေးရွာများမှ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများထံသို့ မျိုးစေ့နှင့် ထောက်ပံ့ငွေများ ပေးအပ်ပြီး အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

မြဝတီမြို့နယ်တွင် ဇူလိုင်လကုန်ပိုင်းနှင့် ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့သော ရေကြီးမှုများကြောင့် စိုက်ပျိုးပြီးသော မိုးစပါးနှင့် အစေ့ထုတ်ပြောင်း စိုက်ခင်းများသို့ ရေများဝင်ရောက်ခဲ့ကာ ပျက်စီးမှုအနေဖြင့် မိုးစပါး ၁၅၆ ဧက၊ အစေ့ထုတ်ပြောင်း ၁၆၆၃ ဧကနှင့် မြေပဲတစ်ဧက ပျက်စီးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ဆန်စျေးနှုန်းမြင့်တက်မှုအပေါ် ဆန်အသင်းမှ သတိပေးထား

**ရန်ကုန် ဩဂုတ် ၂၆**

ဇူလိုင်လကုန်ပိုင်းမှစ၍ ဩဂုတ်လအတွင်း ငွေကြေးစျေးကွက်တွင် တွေ့ကြုံနေရသော အမေရိကန်ဒေါ်လာတန်ဖိုး မြင့်တက်လာခြင်းနှင့် ကျပ်ငွေတန်ဖိုး ကျဆင်းလာခြင်းများနှင့်အတူ ဆန်နှင့် စားသုံးဆီစျေးကွက်တွင် ကုန်စျေးနှုန်းများမြင့်တက်ကာ စားသုံးသူများအနေဖြင့် စိုးရိမ်ပူပန်ခြင်းများ ဖြစ်ပေါ်လာလျက်ရှိသည်။

ယခုရက်ပိုင်းအတွင်း ဆန်ချောစျေးနှုန်းများ မြင့်တက်လာခြင်းမှာ စျေးကစားမှုများကြောင့် ဖြစ်သင့်သည်ထက် ပိုမိုမြင့်တက်လာခြင်းဖြစ်ကာ ထပ်မံ၍ အလွန်အကျွံ မြင့်တက်လာလျှင် အစိုးရထံတင်ပြကာ စားသုံးသူများအတွက် အကာအကွယ်ပေးရေးအစီအစဉ်များ ဆောင်ရွက်မည်ဟု မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌက ဩဂုတ် ၂၃ ရက်တွင် အကျိုးဆောင်များ၊ လက်လီဆိုင်များသို့ သတိပေးပြောကြားခဲ့သည်ဟု သိရသည်။



ယခုနှစ်တွင် ရေကြီးနစ်မြုပ်မှုများ ဖြစ်ခဲ့သော်လည်း ရေကြီးခြင်းကြောင့် မိုးစပါးစိုက်ပျိုးသည့်ဧက သိန်း ၁၅၀ ဝန်းကျင်အနက် ငါးသိန်းဝန်းကျင်သာ ရေနစ်မြုပ်ပြီး အချိန်မီပြန်လည်စိုက်ပျိုးနိုင်၍ စပါးစိုက်ဧက အနည်းငယ်သာ ပျက်စီးမှုရှိကာ မိုးစပါးအထွက်နှုန်းမှာ သိသာစွာ မလျော့နည်းနိုင်ဟုလည်း သိရသည်။

ထို့ကြောင့် ယခုရက်ပိုင်းအတွင်း ဆန်ချောစျေးနှုန်းများ ဖြစ်သင့်သည်ထက် ပိုမိုမြင့်တက်နေခြင်းသည် ယခုလပိုင်း ရေကြီးရေလျှံသည့်ဖြစ်စဉ်များနှင့် သက်ဆိုင်မှုနည်းကြောင်း၊ ငွေလဲနှုန်း မြင့်တက်လာခြင်းကြောင့်လည်း ပြည်ပပို့ကုန် ဆန်ကြမ်းသာလျှင် စျေးတက်သင့်ကြောင်း၊ သို့သော် ပြည်ပသို့ အဓိကတင်ပို့နေသော ဆန်ကြမ်းစျေးနှုန်းက အနည်းငယ်သာစျေးတက်ပြီး ပြည်တွင်း၌သာစားသုံးသည့် ဆန်ချောစျေးနှုန်းများက ဖြစ်သင့်သည်ထက် ပိုမိုမြင့်တက်လာလျက်ရှိကြောင်း ဆန်ကုန်သည်တစ်ဦးက ပြောသည်။

ပြည်တွင်းစားသုံးမှုများလာပြီး ဆန်ချောလက်ကျန်နည်းလာခြင်းကြောင့်ဟုဆိုကာ လက်ရှိအချိန်တွင် ဆန်ချောစျေးနှုန်းများ မြင့်တက်လာလျက်ရှိရာ ဩဂုတ် ၂၄ ရက်က ရန်ကုန်စျေးကွက်၌ ရွှေဘိုပေါ်ဆန်းဆန် တစ်အိတ်လျှင် ကျပ် ၆၀၀၀၀ ဝန်းကျင်၊ မြောင်းမြ/ပုသိမ်ပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၅၂၀၀၀ ဝန်းကျင်၊ ဖျာပုံပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၅၀၀၀၀ ဝန်းကျင်၊ ပေါ်ကွဲ တစ်အိတ်လျှင် ကျပ် ၄၂၀၀၀ ဝန်းကျင် စျေးရှိနေသည်။ နွေဆန်ကြမ်းမှာမူ တစ်အိတ်လျှင် ကျပ် ၂၃၅၀၀ မှ ၂၅၀၀၀ အတွင်းရှိနေကြောင်း သိရသည်။

**ခင်ဆိုင်**

# မုံရွာမြို့နယ်အတွင်းရှိ တောင်သူများအား မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပြီးစီး

**မုံရွာ ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်း ကျေးရွာအုပ်စု ၄၉ အုပ်စုရှိ တောင်သူ ၄၇၁၂ ဦးထံသို့ ၂၀၁၈ ခုနှစ် မိုးရာသီအတွက် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၁၆၆၇၄ သိန်းကျော်ကို ထုတ်ချေးပြီးစီးပြီဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မုံရွာမြို့နယ်ဘဏ်ခွဲမှ သိရသည်။

မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးရာတွင် တောင်သူများအနေဖြင့် မိမိတို့၏လယ်ယာမြေကို ပိုင်ဆိုင်ကြောင်းအထောက်အထားဖြစ်သည့် ပုံစံ(၇)ကို မိမိတို့ချေးငွေရယူမည့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများတွင် အာမခံအဖြစ်ထားရှိရပြီး ယခုနှစ်တွင် မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၉ အုပ်စုမှ စိုက်ပျိုးမြေ ၂၇၃၄၇ ဧကအတွက် ချေးငွေများကို မေ ၁၇ ရက်မှစ၍ ဩဂုတ် ၁၇ ရက်အထိ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

"အရင်နှစ်တွေမှာ ချေးငွေကို အစုအဖွဲ့တွေစုဖွဲ့ပြီးချေးပေးတဲ့စနစ်နဲ့ လုပ်ပါတယ်၊ အခုနှစ်မှာတော့ တစ်ဦးချင်းအနေနဲ့ ချေးပေးတာပါ၊ ကျေးရွာအုပ်စု ၅၁ စုရှိတဲ့အနက် ကျေးရွာအုပ်စု ၄၉ အုပ်စုက ချေးယူပါတယ်၊ ကျန်တဲ့ ကျေးရွာအုပ်စုနှစ်စုကတော့ ချေးငွေရယူခြင်း မရှိပါဘူး"ဟု မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မုံရွာမြို့နယ်ဘဏ်ခွဲ မန်နေဂျာ ဦးဘိုစိုးကပြောသည်။

ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်က မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရာတွင် မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၁ စုမှ တောင်သူ ၆၉၀၉ ဦးတို့၏ စုစုပေါင်း စိုက်ပျိုးမြေ ၃၈၂၅ ဧကအတွက် ချေးငွေ ကျပ် ၂၃၄၅၃ သိန်းကျော်ကို ထုတ်ချေးပေးနိုင်ခဲ့ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မုံရွာမြို့နယ်ဘဏ်ခွဲ၏ မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ကင်းတားရေလှောင်တမံမှ မိုးစပါးစိုက်ပျိုးရေ လုံလောက်စွာပေးဝေလျက်ရှိ

**မြစ်သား ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရှိ ကင်းတားရေလှောင်တမံ၏ ရေဝင်ရောက်မှုအခြေအနေမှာ မိုးရွာသွန်းမှုနည်းပါးနေ၍ ယခင်နှစ်ကာလတူ သိုလှောင်ရေထက် လျော့နည်းသော်လည်း ရေလက်ကျန်ဧကပေ လေးသိန်းကျော် ကျန်ရှိနေသည့်အပြင် စက်တင်ဘာလနှင့် အောက်တိုဘာလ ဝင်ရေများဖြင့် မိုးစပါးစိုက်ပျိုးရာသီတွင် ကင်းတားဆည်ရေသောက်ဧရိယာများအတွက် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်သည်အထိ ဆည်ရေလုံလောက်စွာ ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး၏ စပါးအများဆုံးစိုက်ပျိုးရာ ကင်းတားရေလှောင်တမံ၏ ဆည်ရေ သောက်ဧရိယာများအတွင်း ယခုနှစ်မိုးစပါး ပျိုးထောင်ရေကို ဇူလိုင်လလယ်မှ စတင်ရေပေးဝေခဲ့ကြောင်း၊ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွက် ကင်းတားလက်ဝဲရေသောက်စနစ်မှ မိုးစပါး လျာထားဧက ၄၄၈၈၀ ဧက၊ ကင်းတားလက်ယာရေသောက်စနစ်မှ မိုးစပါး ၃၂၇၆၂ ဧကနှင့် ပန်းလောင်ရေသောက်စနစ်တို့မှ မိုးစပါး ၃၁၁၅၃ ဧက စုစုပေါင်း ၁၀၈၇၉၆ ဧကခန့် စိုက်ပျိုးရန် လျာထားပြီး ယနေ့အချိန်အထိ မိုးစပါးဧက ၆၀၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မြစ်သားမြို့မှ သိရှိရသည်။

လက်ရှိအချိန်တွင် ကင်းတားရေသောက်ဧရိယာအတွင်း လျာထားဧက အားလုံးရာနှုန်းပြည့် စိုက်ပျိုးရေရရှိနေပြီး စပါးစိုက်တောင်သူများအနေဖြင့် အရည်အသွေးကောင်းပြီး စျေးကွက်ခိုင်မာသည့် ရှောမင်းနှင့် မနောသုခ ဆန်မျိုးများကို အဓိကစိုက်ပျိုးလျက်ရှိရာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှလည်း စက်တင်ဘာလလယ်တွင် စီမံကိန်းလျာထားဧကအားလုံး ကွင်းပိတ်စိုက်ပျိုးနိုင်ရေး တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မော်တင်စွန်း(နတ်တောင်)ကမ်းခြေရှိ ကျောက်တန်းများပေါ်တွင် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းခင်း



**ဟိုင်းကြီးကျွန်း ဩဂုတ် ၂၆**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့အနီးရှိ မော်တင်စွန်းကမ်းခြေ နတ်တောင်ခြေရင်း၌ ပင်လယ်ရေတိုက်စားမှုများ၍ ကျောက်တန်းများ ပေါ်ထွန်းလာသည့်နေရာများ၌ ကားနှင့်ဆိုင်ကယ်များ အလွယ်တကူ သွားလာနိုင်ရန်အတွက် ကံချိုင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ဦးဆောင်ကာ ဒေသခံများစုပေါင်း၍ အရှည်ပေ ၄၀၀၊ အကျယ် ၁၆ ပေရှိ ကျောက်စီကွန်ကရစ်လမ်းကို ဩဂုတ် ၂၄ ရက်မှစ၍ ကိုယ့်အားကိုယ်ကိုး ခင်းလျက်ရှိကြောင်း သိရသည်။

လမ်းခင်းရာတွင် ဩဂုတ် ၂၄ ရက်ညနေပိုင်းအထိ ပေတစ်ရာခန့် ကျောက်တုံးများ စီခြင်းကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပင်လယ်ကမ်းခြေရှိ ကျောက်တန်းများပေါ်တွင် ဆောင်ရွက်ရခြင်းဖြစ်၍ ပင်လယ်ရေကျချိန်များ၌သာ ဆောင်ရွက်နိုင်ကြောင်း၊ ဒေသခံများ၏လုပ်အားဖြင့် ကျောက်တန်းပေါ်ရှိ ကျောက်တုံး၊ ကျောက်ချွန်များကို ထုခွဲ၍လည်းကောင်း၊ ကျောက်တုံး၊ ကျောက်ခဲများကို သယ်ယူ၍လည်းကောင်း ကျောက်တန်းစီခြင်းကို ဆောင်ရွက်နေကြောင်း၊ ကျောက်တန်းစီခြင်း ပြီးစီးပါက ကျောက်တန်းပေါ်တွင် ကွန်ကရစ်ခင်းမည်ဖြစ်ပြီး ၁၅ ရက်ခန့် အချိန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးရန်အောင်က ပြောသည်။

ပေ ၄၀၀ အရှည်ရှိမည့် အဆိုပါကျောက်စီကွန်ကရစ်လမ်း ဆက်ခင်းရန်အတွက် ကျောက်စရစ် နှင့် ဘိလပ်မြေများ လိုအပ်နေသေးသော်လည်း ဒေသခံများနှင့်ညှိနှိုင်း၍ ဤလမ်းပြီးစီးရေး မဖြစ်မနေ အမြန်ဆုံး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဤလမ်းမှာ ကံချိုင်ကျေးရွာအုပ်စုမှ ဇီးချိုင်ကျေးရွာအုပ်စုနှင့် မော်တင်စွန်းဘုရားသို့ သွားလာရန်အတွက်တစ်ခုတည်းသော ကမ်းခြေလမ်းဖြစ်ကြောင်း၊ ယခုနှစ်တွင် ကျောက်တန်းများ ပေါ်ထွန်းမှု များနေ၍ ပင်လယ်ရေတက်ချိန်များတွင် ဆိုင်ကယ်များပင် သွားလာ၍ မရတော့သည့်အတွက် မော်တင်စွန်းတောင်ပေါ်ရှိ အမကကျောင်း၌ ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူများပင် ကျောင်းတက်ရန်ခက်ခဲနေကြောင်းလည်း အုပ်ချုပ်ရေးမှူးက ဆက်ပြောသည်။

မော်တင်စွန်း(နတ်တောင်)ပင်လယ်ကမ်းခြေ၌ ယခုနှစ် ဩဂုတ်လအတွင်း ပင်လယ်ရေတိုက်စားမှုများ၍ ကျောက်တန်းများ ပေါ်ထွန်းလာမှုမှာ ယခင်နှစ်ထက် ပိုများလာသည့်အတွက် ကားများ လုံးဝသွားလာ၍မရတော့ဘဲ ဆိုင်ကယ်များပင် ခက်ခဲစွာမောင်းနှင်နေကြရသည့် အခြေအနေသို့ ရောက်ရှိခဲ့သည်။ ယခုရက်ပိုင်းတွင် ယင်းကျောက်တန်းများပေါ်သို့ ပင်လယ်သဲပြန်ဖုံးမှု အနည်းငယ်ရှိလာသည့်တိုင် ပေါ်ထွန်းနေသောကျောက်တန်းများပေါ်သို့ ပင်လယ်သဲပြန်ဖုံးသွားမည့်အခြေအနေကို ခန့်မှန်းရခက်ခဲသည့်အတွက် သွားလာရေးခက်ခဲနေသည့်ကိစ္စကို အမြန်ဆုံးဖြေရှင်းနိုင်ရန်အတွက် ယခုကဲ့သို့ ကျောက်တန်းစီကွန်ကရစ်လမ်းခင်းရန် ဒေသခံများက ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် အင်ဂျင်နီယာအသင်းတို့အား နိုင်ငံကိုယ်စားပြုအဖွဲ့ဝင်အဖြစ် ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့ချုပ်က အသိအမှတ်ပြု

**ရန်ကုန် ဩဂုတ် ၂၆**
မြန်မာနိုင်ငံ၏ အင်ဂျင်နီယာလောက ဖွံ့ဖြိုးတိုးတက်မှုကို ဘက်ပေါင်းစုံ ကဏ္ဍပေါင်းစုံမှ အထောက်အကူပြု ဆောင်ရွက်ပေးနေသော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတို့အား နိုင်ငံကိုယ်စားပြုအဖွဲ့ဝင်နှင့် တွဲဖက်အဖွဲ့ဝင်များအဖြစ် ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့ချုပ်(World Federation of Engineering Organization-WFEO)က အသိအမှတ်ပြုလိုက်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ သိရသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတို့အား နိုင်ငံကိုယ်စားပြုအဖွဲ့ဝင်နှင့် တွဲဖက်အဖွဲ့ဝင်များအဖြစ် ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့ချုပ်မှ အသိအမှတ်ပြုခံရခြင်းနှင့်ပတ်သက်၍ မီဒီယာများအား သတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၂၄ ရက်က ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌ ဒေါက်တာချောလီသန်းက "ယခုကဲ့သို့ WFEO ရဲ့ နိုင်ငံကိုယ်စားပြုအဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုခံရခြင်းဟာ ကမ္ဘာ့နိုင်ငံအသီးသီးမှာ လိုအပ်နေတဲ့ သတင်းအချက်အလက်တွေကို အချိန်နဲ့တစ်ပြေးညီ သိရှိနိုင်ခြင်း၊ လူသားသဘာဝပတ်ဝန်းကျင်နဲ့သက်ဆိုင်တဲ့ လုပ်ငန်းတွေမှာ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပြည်သူလူထုကို အကျိုးပြုနိုင်ရန် အကြံဉာဏ်များရရှိခြင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးရှိ အင်ဂျင်နီယာလုပ်ငန်းများတွင် အဖွဲ့ဝင်အချင်းချင်း သိရှိနိုင်ရန် ဆောင်ရွက်ပေးခြင်း၊ ကမ္ဘာ့အသိအမှတ်ပြု အင်ဂျင်နီယာလက်မှတ်များ ပေးအပ်နိုင်အောင် ဆောင်ရွက်ပေးနိုင်ခြင်း အစရှိတဲ့ အကျိုးရလဒ်တွေ ရရှိမှာဖြစ်ပါတယ်"ဟု သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့ချုပ်သည် နိုင်ငံပေါင်း ၁၀၀ ကျော်မှ အင်ဂျင်နီယာပေါင်း သန်း ၃၀ ကျော်ပါဝင်သည့် အဖွဲ့အစည်းကြီးဖြစ်ပြီး ကမ္ဘာ့အင်ဂျင်နီယာလောကကို ခေတ်နှင့်အညီဖြစ်ရေးအတွက် နိုင်ငံတကာ အင်ဂျင်နီယာအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။ ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့ချုပ် ဥက္ကဋ္ဌ Dr.Marlene Kanga က "စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ အင်ဂျင်နီယာတွေရဲ့အခန်းကဏ္ဍက



ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့ချုပ်အဖွဲ့ဝင် အသိအမှတ်ပြုကမ္ဘည်းပြားကို တာဝန်ရှိသူများ စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်

အလွန်အရေးကြီးပါတယ်၊ အဲဒါကြောင့် အင်ဂျင်နီယာကောင်စီနဲ့ အသင်းက ဆောင်ရွက်နေတာတွေကို ကျွန်တော်တို့အဖွဲ့အစည်းက အတတ်နိုင်ဆုံး အကူအညီပေးမယ်။ အပြန်အလှန် WFEO က ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေ၊ ပရောဂျက်တွေမှာ ပါဝင်ပြီး အဖွဲ့ဝင်အဖြစ်သာမက ခေါင်းဆောင်များအဖြစ်ပါ လုပ်ဆောင်နိုင်မယ်လို့ မျှော်လင့်ပါတယ်၊ အခုလို အဖွဲ့အစည်းနှစ်ခုကို တစ်ပြိုင်တည်း လက်ခံပေးရတဲ့အတွက်လည်း အင်မတန်မှ ကျေနပ်မိပါတယ်"ဟု ပြောကြားသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် အင်ဂျင်နီယာအသင်းတို့ကို နိုင်ငံကိုယ်စားပြုအဖြစ် အသိအမှတ်ပြုလိုက်သော ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့ချုပ်သည် Paris Declaration နှင့် အညီ UNESCO အဖွဲ့နှင့်လည်း ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

# မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ပညာပေးဟောပြော

**ရန်ကုန် ဩဂုတ် ၂၆**
ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ် မိသားစုရပ်ကွက် မိသားစုဓမ္မာရုံ၌ ရပ်ကွက်တွင်းရှိ ပြည်သူများအား မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၄ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဆိပ်ကမ်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဦးက ပြည်သူများကြား မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ ရပ်ကွက်နေပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းများကို တွေ့ရှိပါက နီးစပ်ရာရဲစခန်းနှင့် သက်ဆိုင်ရာသို့ တိုင်ကြားခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ကူညီပေးကြရန် စသည်တို့ကို ရှင်းလင်းဟောပြောခဲ့သည်။ ဟောပြောပွဲသို့ ဆိပ်ကမ်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ရပ်ကွက်တွင်းမှ ပြည်သူများ တက်ရောက်ခဲ့သည်။

**မင်းခေတ်**

# လိုင်လင်းပီမြို့တွင် ဖုန်းတာဝါတိုင်ဆောက်လုပ်မှုမပြီး၍ ဆက်သွယ်ရေး ခက်ခဲနေ

**လိုင်လင်းပီ ဩဂုတ် ၂၆**
ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်ခရိုင် လိုင်လင်းပီမြို့၌ တယ်လီနောဆက်သွယ်ရေးတာဝါတိုင်ကို မေလအတွင်း အပြီးဆောက်လုပ်ရန် စီစဉ်ခဲ့သော်လည်း လိုအပ်သောပစ္စည်းများ အချိန်မီမရောက်ရှိလာခြင်းကြောင့် လုပ်ငန်းများမပြီးစီးခဲ့ဘဲ နောက်ပိုင်းမိုးရာသီရောက်ချိန်တွင်လည်း မိုးများပြီး တောင်ပြိုကာ လမ်းများပျက်စီးသဖြင့် ကားများမရောက်လာနိုင်တော့ဘဲ လုပ်ငန်းကြန့်ကြာကာ ဆက်သွယ်ရေးခက်ခဲမှုများ ဖြစ်နေကြောင်း သိရသည်။

လိုင်လင်းပီမြို့သည် လမ်းပန်းဆက်သွယ်ရေးခက်သည့်ဒေသဖြစ်ပြီး ဒေသခံပြည်သူများနှင့် ဝန်ထမ်းများမှာ ဖုန်းခေါ်ဆိုရန်အတွက် ip-star ဂြိုဟ်တုဖုန်းလိုင်းကိုသာ အသုံးပြုနေရကာ လိုင်လင်းပီမြို့တွင် ip-star ဖုန်းဆိုင် နှစ်ဆိုင်ရှိပြီး ဖုန်းခေါ် ဆိုခမှာ တစ်မိနစ်လျှင် ၁၅၀ ကျပ်နှုန်း ကျသင့်ကြောင်း၊ ဖုန်းခေါ်ဆိုရာတွင် လိုင်းခဏခဏကျ၍ ဌာနလုပ်ငန်းများဆောင်ရွက်ရာတွင် ကြန့်ကြာမှုများရှိကြောင်း လိုင်လင်းပီမြို့ရှိ ဝန်ထမ်းတစ်ဦးက ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌ မိန်းကလေးများသိထားသင့်သော ဥပဒေဆိုင်ရာများ အသိပညာပေးလှုပ်ရှားမှုပြုလုပ်

**ရန်ကုန် ဩဂုတ် ၂၆**
ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌ မိန်းကလေးများသိထားသင့်သောဥပဒေများအကြောင်း အသိပညာပေးလှုပ်ရှားမှုတစ်ရပ်ကို We need the Laws to live ခေါင်းစဉ်ဖြင့် ဩဂုတ် ၂၄ ရက် ပြုလုပ်ခဲ့သည်။

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ကျောင်းသားသမဂ္ဂနှင့် Youth Club တို့ ပူးပေါင်း



ပြုလုပ်သော အဆိုပါ Campaign တွင် ယနေ့မိန်းကလေးငယ်များအတွက် အန္တရာယ်တစ်ခုအဖြစ် ခြိမ်းခြောက်နေသော တို့ဆေးပြဿနာ၊ ဘတ်စ်ကားများပေါ်တွင် လိင်အသားယူခံရခြင်း၊ ညစ်ညမ်းသောစကားလုံးများဖြင့် နှောင့်ယှက်ခြင်း၊ မိန်းကလေးသန့်စင်ခန်းများတွင် ကင်မရာများဖြင့်ခိုးရိုက်ခြင်းစသည့် ကိစ္စများ ဖြစ်ပေါ်လာပါက မည်သည့်ဥပဒေပုဒ်မများနှင့် ဆောင်ရွက်ရန်၊ မည်သည့်နေရာများတွင် တိုင်ကြားရန် စသည်တို့ကို အသိပညာပေးခဲ့ပြီး ဥပဒေအရဖြေရှင်းရာတွင် ရှက်ရွံ့မနေဘဲ ရဲဝံ့စွာ တိုင်တန်းဖော်ထုတ်နိုင်ရန် ရည်ရွယ်လျက် Campaign ကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ Sexual Harassment နှင့် ပတ်သက်သည့် လက်ကမ်းစာစောင်များကိုလည်း ကျောင်းသား၊ ကျောင်းသူများထံသို့ ဖြန့်ဝေပေးခဲ့ကာ ဥပဒေပုဒ်မများနှင့် တိုင်ကြားနိုင်သည့်ဖုန်းနံပါတ်များပါသော ပိုစတာများကို စာသင်ဆောင်များနှင့် ဘတ်စ်ကားများပေါ်တွင် ကပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ Campaign ၏ ပြခန်းတွင်လည်း ဥပဒေဆိုင်ရာ မေးခွန်း ၁၅ ခုကို မေးမြန်းခဲ့ပြီး ဖြေဆိုနိုင်သည့် ကျောင်းသား ကျောင်းသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။ ကျောင်းသားကျောင်းသူများ ဗဟုသုတတိုးစေရန်ရည်ရွယ်လျက် အဆိုပါ Campaign ကို ပြုလုပ်ခြင်းဖြစ်ကြောင်း ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ ကိုပြည့်စုံမောင်မောင်က ပြောကြားသည်။

**သက်ခိုင်(သန်လျင်)**

# အမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ခေတ်မီမော်တာအထည်ချုပ်သင်တန်း ရန်ကုန်၌ဖွင့်

**ရန်ကုန် ဩဂုတ် ၂၆**
တိုင်းရင်းသူအမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အတွက် ခေတ်မီမော်တာအထည်ချုပ်သင်တန်း အမှတ်စဉ် (၂၁)ကို ရန်ကုန်မြို့ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ဩဂုတ် ၂၀ ရက်က ဖွင့်လှစ်ခဲ့သည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း) အမှတ်(၅၁)ရပ်ကွက်ရှိ ဗဟိုလေ့ကျင့်ရေးကျောင်းခန်းမ၌ ကျင်းပသည့် သင်တန်းဖွင့်ပွဲသို့ တာဝန်ရှိသူများ၊ ဗဟိုလေ့ကျင့်ရေးကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဝန်ထမ်းများနှင့် သင်တန်းတက်ရောက်မည့် သင်တန်းသူ ၁၄၀ တက်ရောက်ခဲ့ကြပြီး ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးက အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးခဲ့သည်။ သင်တန်းကာလမှာ စက်တင်ဘာ ၁၄ ရက်အထိ လေးပတ်ကြာ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက အထည်ချုပ်စက်ရုံများတွင် အလုပ်တာဝန်များ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဗထူး**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရေအားလျှပ်စစ်စီမံကိန်းများအတွက် လိုအပ်သော စက်အရန်ပစ္စည်းများအား D.D.P(Paung Laung)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Tender No.07/DHPI/Machinery Spare/2018-2019

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ ၂၇-၉-၂၀၁၈ရက် ၁၂နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moee.gov.mm ၌ ဝင်ရောက်ကြည့်ရှု၍ အခမဲ့ Download ဆွဲယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၉၁၊ ၀၆၇-၈၁၀၄၁၉၀**

## စက်မှုလယ်ယာဦးစီးဌာန
## အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေရာ ပြင်ဆင်သတ်မှတ်ခြင်း

၁။ စက်မှုလယ်ယာဦးစီးဌာနရှိ သိုလှောင်ရုံများတွင်ရှိနေသည့် ပစ္စည်းအဟောင်းအပျက်များအား Lot(၁၁)ခုဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်ခဲ့ပါသည်။

၂။ အဆိုပါအိတ်ဖွင့်တင်ဒါဖွင့်လှစ်ရန် နေရာအခက်အခဲရှိပါသဖြင့် မူလစက်မှုလယ်ယာဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၅၀)၊ နေပြည်တော်အစားအမှတ်(၁) အလတ်စားစက်ပြင်အလုပ်ရုံ၊ အစည်းအဝေးခန်းမ၊ စက်မှုလယ်ယာဦးစီးဌာန၊ ပျဉ်းမနား၊ နေပြည်တော်(နေပြည်တော်ကောင်စီရုံးအနီး)သို့ မူလအချိန်အတိုင်း ပြောင်းလဲကျင်းပမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စက်မှုလယ်ယာဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၅၀)နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၃၁၂၄၅၊ ၀၆၇-၃၄၃၁၂၄၃)တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**စက်မှုလယ်ယာဦးစီးဌာန**
**ရုံးအမှတ်(၅၀)၊ နေပြည်တော်**

## ကြေညာစာ

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ ညောင်နှစ်ပင် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်/ငါးမွေးမြူရေးလုပ်ငန်း အထူးဇုန်(၁)အတွင်းရှိ မြေကွက်ပိုင်ရှင်များသိစေရန် အကြောင်းကြားအပ်ပါသည်။

၁။ စီမံခန့်ခွဲရေးကော်မတီအသစ် ဖွဲ့စည်းမည်ဖြစ်ပါသောကြောင့် မိမိတို့လုပ်ပိုင်ခွင့်ရမြေကွက်အမှတ်၊ လမ်းပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်းအပြည့်အစုံပါ မိတ္တူများကို ဤဇုန်ကော်မတီသို့ ဆက်သွယ်ပေးပို့ကြပါရန်နှင့် သတ်မှတ်ချက်ရာနှုန်းပြည့်မီအောင် စိုက်ပျိုးမွေးမြူကြရန် အကြောင်းကြားအပ်ပါသည်။

၂။ စီမံခန့်ခွဲရေးကော်မတီဝင်အဖြစ် အရွေးခံလိုပါက ဤကြေညာပါပြီး တစ်ပတ်အတွင်း ဇုန်ကော်မတီသို့ လျှောက်ထားနိုင်ပါသည်။

၃။ သတ်မှတ်ထားသောအချက်များမှာ
(က) ဇုန်အတွင်းအမြဲနေထိုင်သူဖြစ်ရမည်။
(ခ) ဇုန်တိုးတက်အောင်စွမ်းဆောင်နိုင်သူ၊ ကိုယ်ကျင့်သီလနှင့်ပြည့်စုံပြီး အများကောင်းကျိုးဆောင်ရွက်လိုသူဖြစ်ရပါမည်။
(ဂ) အခါအားလျော်စွာနှင့် လစဉ်အစည်းအဝေးကို မပျက်မကွက်တက်ရပါမည်။

**စီမံခန့်ခွဲရေးကော်မတီအထူးဇုန်(၁)**

**ဦးကျော်သန်း ဖုန်း- ၀၉-၅၀၂၄၂၇၅**
**ဦးခင်မောင်တင့် ဖုန်း-၀၉-၇၉၈၃၈၈၀၅၅**
**ဦးခိုင်မွန်ထွန်း ဖုန်း-၀၉-၅၀၃၅၃၄၇**

## အမည်မှန်

မူဆယ်မြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်းမှ မနန်းသဲစုလတ်၏အမည်မှန်မှာ မနန်းသဲဆုလတ် ၁၃/မဆတ(နိုင်)၀၇၁၀၉၀ဖြစ်ပါကြောင်း။

**မနန်းသဲဆုလတ်**

## မိဘအမည်မှန်

မူဆယ်မြို့၊ မျိုးမြတ် ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မအေးအေးဝင်း၏ မိဘအမည်မှန်မှာ ဦးသိန်းသန်းစိုး ၁၃/ဗဟန(နိုင်)၀၈၂၆၅၊ ဒေါ်ကျိန်ရှမ်းဟွမ် ဖြစ်ပါကြောင်း။

**ဦးသိန်းသန်းစိုး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆ လ ဘတ်ဂျက်) ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ SUZUKI Pick Up (660 CC) အမျိုးအစား (ဂျပန်နိုင်ငံထုတ်) Manual (၂)စီးနှင့် Auto (၁)စီး ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါသည်။

(က) **တင်ဒါရောင်းချမည့်ရက်** - ၂၀၁၈ ခုနှစ် ဩဂုတ် ၂၇ရက်မှ စက်တင်ဘာ ၇ ရက်အထိ
(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၄ရက်
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - အခြေခံပညာဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၁၃)၊ နေပြည်တော်

၂။ အသေးစိတ်အချက်အလက်များအား အခြေခံပညာဦးစီးဌာန၊ ပစ္စည်းဝယ်ယူရေးအဖွဲ့ ဖုန်း-၀၆၇-၃၄၀၇၁၁၅၊ ၀၆၇-၃၄၀၇၆၉၄ တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)နှင့် အမှတ်(၁)ဓာတ်မြေဩဇာ စက်ရုံ(စလေ)တို့ရှိ အောက်ဖော်ပြပါ ကုန်ကြမ်းပစ္စည်း(၅)မျိုးအား မျက်မြင်အခြေအနေအတိုင်း တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | PP Yan Grade Resin ကော်စေ့ | ၃၇၇၁၀၀ Kg | သန်လျင်စက်ရုံ |
| (ခ) | Ca Co3 | ၆၇၇၃၃ Kg | ״ |
| (ဂ) | Recycle ကော်စေ့ | ၂၂၆၁၅ Kg | ״ |
| (ဃ) | တံဆိပ်ရိုက်ဆေး(အပြာ) | ၉၁၇ Kg | ״ |
| (င) | LDPE (ပလတ်စတစ်စေ့) | ၁၇၃၆၂၅ Kg | စလေစက်ရုံ |

၂။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၂၇-၉-၂၀၁၈ ရက် (ကြာသပတေးနေ့) ၁၂း၀၀ နာရီ
**အချိန်နှင့်နေရာ** - မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်

၃။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၂၇-၉-၂၀၁၈ ရက် (ကြာသပတေးနေ့) ၁၄း၀၀ နာရီ

၄။ တင်ဒါစည်းကမ်းချက်နှင့် တင်ဒါပုံစံများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ Website www.moee.gov.mm တွင် ၃-၉-၂၀၁၈ ရက်မှစ၍ ဝင်ရောက်ကြည့်ရှုပြီး Download ရယူနိုင်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးချုပ် ဖုန်း-၀၆၇- ၃၄၁၁၁၂၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အသင်းဝင်များသိရှိစေရန်ကြေညာချက်

ကျိုက်မရောမြို့နယ်၊ ပိန္နဲကုန်းကျေးရွာတွင် အသေးစားငွေရေးကြေးရေး လုပ်ငန်းဆောင်ရွက်နေသော သန်းကြွယ်ဌေး ကုမ္ပဏီအား ဖျက်သိမ်းမည်ဖြစ်၍ အသင်းဝင်များမှ ပေးရန်/ရရန်များရှိက ခုနစ်ရက်အတွင်း လာရောက်ဆက်သွယ်ရန် ကြေညာအပ်ပါသည်။

**ခင်လေးနွယ်**
**မန်နေဂျင်းဒါရိုက်တာ**
**သန်းကြွယ်ဌေးကုမ္ပဏီလီမိတက်**

## အမည်ပြောင်းနှင့်ဖခင်အမည်မှန်

အထက-လေယာဉ်ကွင်း ဆဋ္ဌမတန်းမှ မောင်စိုင်းမင်းထွန်းအား မောင်မဖန်းယောနသန်၊ တတိယတန်းမှ မောင်စိုင်းမင်းဝင်းအား မောင်မဖန်းယောဟန်ဟု ပြောင်းလဲခေါ်ပါရန်နှင့် ဖခင်အမည်မှန်မှာ ဦးမဖန်းယောဆက် ဖြစ်ပါသည်။

## မိဘအမည်မှန်

အထက(ရှင်ဗွေယန်)တက္ကသိုလ်ဝင်တန်း(B)ခန်းမှ မနုနုနင်း ၁/ရဗယ(နိုင်)၀၀၁၆၁၄၏ မိဘအမည်မှန်မှာ ဦးစိုင်းပိုင် SBY-000112နှင့် ဒေါ်ဆန်ခို ၁/မကတ(နိုင်)၀၈၇၅၀၀ ဖြစ်ပါသည်။

## အမည်ပြောင်း

အထက(ပူတာအို)တက္ကသိုလ်ဝင်တန်း(D)ခန်းမှ မောင်သန်းမြင့်အား မောင်စိုင်းလော်ခမ်းအွမ်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်စိုင်းလော်ခမ်းအွမ်**

## ဖခင်အမည်မှန်

အထက(ရှင်ဗွေယန်)တက္ကသိုလ်ဝင်တန်းမှ မောင်ဒုံကဲ၏ ဖခင်အမည်မှန်မှာ ဦးရှမ်းမြင့် ၁/တနန(နိုင်)၀၀၅၂၁၇ဖြစ်ပါသည်။

## မွေးသက္ကရာဇ်အမှန်

အထက(ပူတာအို) တက္ကသိုလ်ဝင်တန်း(B)ခန်းမှ မောင်နော လီဆာ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၁၂-၁၉၉၀ဖြစ်ပါသည်။

## ဖခင်အမည်မှန်

အထက(ရှင်ဗွေယန်)တက္ကသိုလ်ဝင်တန်း(A)ခန်းမှ မချယ်ရီပွင့်ဖြူ၏ဖခင်အမည်မှန်မှာ ဦးဇော်ခိုင် ၁/ဟပန(နိုင်)၀၂၁၂၆၂ ဖြစ်ပါသည်။

## NOTICE TO CREDITORS

We, the undersigned, being the Liquidator of **MOL Myanmar Ltd** have fixed the 16-8 2018 as the day on or before which the creditors of the Company are to prove their debts or claims, otherwise they will be excluded from the benefit of any distribution made before such debts are proved, and before the final winding up date.

All persons claiming to be creditors of the above company are therefore requested to submit details of their claims, together with any documentary evidence in their possession, to the Liquidator at the address given below, the above date.

**MOL Myanmar Ltd**
(In Members' Voluntary Liquidation)

Nilar Thwin
Liquidator
Building No.608, No.13th Floor,Room No.E
Corner of Merchant Street & Bo Sun Pat Street,
Pabedan Township,
Yangon, Myanmar

Dated 2018.

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## ကုန်သွယ်လုပ်ငန်းခွန်/အထူးကုန်စည်ခွန်များ
## လစဉ်ကျသင့်ခွန်ပေးဆောင်ခြင်းနှင့်ပတ်သက်၍
## အသိပေးနှိုးဆော်ချက်

- တည်ဆဲကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)အရ မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိလျှင် လစဉ်ကျသင့်သောအခွန်ကို သက်ဆိုင်ရာ လကုန်ဆုံးပြီး (၁၀)ရက်အတွင်း ပေးဆောင်ရမည်ဖြစ်ပါသည်။
- တည်ဆဲ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ(ခ)အရ သတ်မှတ်ထားသောအချိန်အတွင်း လစဉ်ကျသင့်အခွန်ပေးသွင်းရန် ပျက်ကွက်ပါက စည်းကြပ်မှုအရ ကျသင့်အခွန်၏ ၁၀ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ပါသည်။
- တည်ဆဲအထူးကုန်စည်ခွန်ဥပဒေပုဒ်မ (၈)အရ အထူးကုန်စည်ကို ပြည်တွင်း၌ထုတ်လုပ်ခြင်းအတွက် ရောင်းချသည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း၊ ထုတ်လုပ်မှုအပေါ် အခွန်ကျသင့်စေရန် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသည့် အထူးကုန်စည်များဖြစ်ပါက ထုတ်လုပ်သည့်လ၏ လကုန်ဆုံးပြီး ၁၀ရက်အတွင်း ပြည်ပသို့တင်ပို့ခြင်းဖြစ်ပါက တင်ပို့သည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း အထူးကုန်စည်ခွန်ကို ပေးဆောင်ရပါမည်။
- တည်ဆဲအထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ(ဃ)အရ ပေးဆောင်ရမည့်အခွန်ကို သတ်မှတ်ကာလအတွင်း ပေးသွင်းရန်ပျက်ကွက်လျှင် စည်းကြပ်မှုအရ ထပ်မံပေးဆောင်ရမည့်အခွန်၏ ၁၀ ရာခိုင်နှုန်းကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ပါသည်။
- အခွန်ထမ်းပြည်သူများအနေဖြင့် မိမိတို့လုပ်ငန်းအလိုက် လစဉ်ပေးသွင်းရမည့် ကုန်သွယ်လုပ်ငန်းခွန်(သို့မဟုတ်) အထူးကုန်စည်ခွန်တို့ကို သတ်မှတ်ရက်အတွင်း ပေးသွင်းကြပါရန် နှိုးဆော်ပန်ကြားအပ်ပါသည်။
- မရှင်းလင်းသည့်အချက်များကို အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး(သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃) (သို့မဟုတ်) ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) ရုံးအမှတ် ၄၆ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်း-၀၆၇-၃၄၃၀၅၃၃၊ ၀၆၇-၃၄၃၀၅၂၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်) အမှတ် ၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ (သို့မဟုတ်)အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး) ၆၅ လမ်း၊ ၂၂×၂၃ လမ်းကြား၊ ဖုန်း-၀၂-၄၀၃၀၁၉၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**အငယ်တန်းအင်ဂျင်နီယာ -၂ (စက်မှု)/(လျှပ်စစ်)/(စက်/လျှပ်) ရာထူးနှင့်**
**စာရင်းကိုင် (၂) ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲ**

## အောင်မြင်သူများစာရင်းထုတ်ပြန်ခြင်း

**ကြော်ငြာစာအမှတ် (၂/၂၀၁၈)**
**၂၀၁၈ ခုနှစ် ဩဂုတ် ၂၇ရက်**

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းလက်အောက်တွင် လစ်လပ်လျက်ရှိသော အငယ်တန်းအင်ဂျင်နီယာ -၂(စက်မှု)/(လျှပ်စစ်)/(စက်/လျှပ်)ရာထူးနှင့် စာရင်းကိုင်(၂) ရာထူးနေရာများတွင် ခန့်ထားရန် ၂၃-၆-၂၀၁၈ရက်၌ ပြုလုပ်ခဲ့သော ရေးဖြေစာမေးပွဲတွင် အောင်မြင်ခဲ့သူများ၏ စာရင်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

**(က) စာရင်းကိုင်(၂) ရာထူးအတွက် ၁၁-၉-၂၀၁၈ ရက် နံနက် ၉း၃၀နာရီတွင် လူတွေ့စစ်ဆေးမည့် ခုံအမှတ်များ**

| | | | | | | | |
|---|---|---|---|---|---|---|---|
| A-001 | A-004 | A-009 | A-020 | A-021 | A-022 | A-026 | A-029 |
| A-030 | A-032 | A-033 | A-039 | A-045 | A-050 | A-051 | A-052 |
| A-053 | A-054 | A-056 | A-067 | | | | |

**(ခ) အငယ်တန်းအင်ဂျင်နီယာ-၂ (လျှပ်စစ်)ရာထူးအတွက် ၁၂-၉-၂၀၁၈ ရက် နံနက် ၉း၃၀နာရီတွင် လူတွေ့စစ်ဆေးမည့် ခုံအမှတ်များ**

| | | | | | | | |
|---|---|---|---|---|---|---|---|
| E-0044 | E-0210 | E-0213 | E-0284 | E-0300 | E-0321 | E-0322 | E-0333 |
| E-0344 | E-0403 | E-0406 | E-0547 | E-0581 | E-0593 | E-0602 | E-0612 |
| E-0633 | E-0636 | E-0637 | E-0638 | E-0654 | E-0662 | E-0768 | E-0982 |
| E-0983 | E-0991 | E-0992 | | | | | |

**(ဂ) အငယ်တန်းအင်ဂျင်နီယာ -၂(စက်မှု)ရာထူးအတွက် ၁၃-၉-၂၀၁၈ ရက် နံနက် ၉း၃၀ နာရီတွင် လူတွေ့စစ်ဆေးမည့်ခုံအမှတ်များ**

| | | | | | | | |
|---|---|---|---|---|---|---|---|
| M-0004 | M-0021 | M-0025 | M-0034 | M-0040 | M-0048 | M-0080 | M-0109 |
| M-0110 | M-0113 | M-0118 | M-0122 | M-0157 | M-0180 | M-0181 | M-0183 |
| M-0187 | M-0191 | M-0194 | M-0208 | M-0214 | M-0239 | M-0241 | M-0245 |

**(ဃ) အငယ်တန်းအင်ဂျင်နီယာ-၂(စက်/လျှပ်)ရာထူးအတွက် ၁၄-၉-၂၀၁၈ ရက် နံနက် ၉း၃၀နာရီတွင် လူတွေ့စစ်ဆေးမည့်ခုံအမှတ်များ**

| | | | | | | | |
|---|---|---|---|---|---|---|---|
| E-0047 | E-0056 | E-0080 | E-0086 | E-0126 | E-0156 | E-0191 | E-0198 |
| E-0223 | E-0326 | E-0331 | E-0339 | E-0410 | E-0434 | E-0442 | E-0591 |
| E-0627 | E-0645 | E-0649 | E-0797 | E-0914 | E-0921 | E-1011 | |

**(င) အငယ်တန်းအင်ဂျင်နီယာ -၂(စက်/လျှပ်)ရာထူးအတွက် ၁၅-၉-၂၀၁၈ရက် နံနက် ၉း၃၀နာရီတွင် လူတွေ့စစ်ဆေးမည့်ခုံအမှတ်များ**

| | | | | | | | |
|---|---|---|---|---|---|---|---|
| M-0179 | E-0032 | E-0049 | E-0142 | E-0163 | E-0216 | E-0317 | E-0325 |
| E-0327 | E-0338 | E-0368 | E-0510 | E-0550 | E-0592 | E-0680 | E-0682 |
| E-0697 | E-0913 | E-0923 | E-0938 | E-0958 | E-1064 | | |

**သတင်းပို့ရမည့်ရက်နှင့်အချိန်** - ဖြေဆိုမည့်ရက်မတိုင်မီ တစ်ရက်ကြိုတင်၍ နံနက် ၀၉း၀၀နာရီ မှ ညနေ ၁၆း၀၀နာရီအတွင်း သတင်းပို့ရန်
**သတင်းပို့/ဖြေဆိုမည့်နေရာ** - စီမံခန့်ခွဲရေးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း (ရုံးချုပ်)၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

၂။ လူတွေ့ဖြေဆိုမည့်သူများသည် သတ်မှတ်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါစာရွက်စာတမ်းများနှင့်အတူ အချိန်မီ သတင်းပို့ရမည်ဖြစ်ပါသည်-
(က) နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း/မိတ္တူ)
(ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် ဒီပလိုမာ/ဘွဲ့လက်မှတ် (မူရင်း/မိတ္တူ)
(ဂ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဝန်ထမ်းသက်သေခံကတ်ပြား (သို့မဟုတ်) သက်ဆိုင်ရာအရာရှိထောက်ခံချက်
(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်
(၁) အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မူရင်း)
(၂) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံချက်(မူရင်း)
(၃) ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက် (မူရင်း)
(လွန်ခဲ့သော (၆)လအတွင်း ရယူထားသော ထောက်ခံချက်ဖြစ်ရမည်။)

၃။ လူတွေ့ဖြေဆိုမည့်သူများသည် သတ်မှတ်ရက်များတွင် မပျက်မကွက် လာရောက်သတင်းပို့/ဖြေဆိုကြရန်နှင့် ပျက်ကွက်ပါက ခန့်ထားရေးတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဒုတိယဗိုလ်ချုပ်ကြီး သရေစည်သူ ညွန့်သိန်း(ငြိမ်း)
ကာကွယ်ရေးဦးစီးချုပ်(ရေ)(ငြိမ်း)
ရေ-၁၀၈၇၊ စစ်တက္ကသိုလ် အပါတ်စဉ်(၃)
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ သဃ်ာန်းကျွန်းမြို့နယ်၊ စိန်ပန်းမြိုင်လမ်း၊ ပုလဲလမ်းသွယ်၊ အကွက်အမှတ်(၅၄)၊ အမှတ်(၇၃)နေ (ဦးမောင်ဦး-ဒေါ်ခင်ရီ)တို့၏သားကြီး၊ (ဦးဘစို-ဒေါ်သန်းစိန်)တို့၏သားသမက်၊ ဒေါ်တင်တင်ထွေး၏ချစ်လှစွာသောခင်ပွန်း၊ (ဦးညိုမင်းဦး)-ဒေါ်တင်နွယ်ဝင်း(MD-Mercury Rays Mfg. Co;Ltd)၊ ဦးမောင်မောင်အုန်း(Director-Square Power Group Co;Ltd)-ဒေါက်တာဟေမာဇော်(ဦးစီးအရာရှိ၊ သွားကျန်းမာ)၊ အရှင်ဥူးကေသရ၊ ဒုတိယဗိုလ်မှူးကြီးစိန်မြင့်(ငြိမ်း) ဌာနမှူး(စီမံ) (မြန်မာနိုင်ငံကုန်သွယ်ရေးကောင်းကောလိပ်)-ဒေါ်မီမီလှိုင်၊ ဗိုလ်မှူးဝင်းဇော်သိန်း(ငြိမ်း)၊ ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ MD,Toe Tet Tharaphu Int: Co;Ltd)-ဒေါ်နုရွှေရည်(Director,Toe Tet Tharaphu Int: Co;Ltd) တို့၏ ချစ်လှစွာသောဖခင်၊ မြေး ခြောက်ယောက်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၂၆-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁း၂၀နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ငြိမ်းအေးဇရပ်တွင် တရားတော်နာရေစက်ချပြီး မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၉-၂၀၁၈ရက် (စနေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဒုတိယဗိုလ်ချုပ်ကြီး သရေစည်သူ ညွန့်သိန်း(ငြိမ်း)
ကာကွယ်ရေးဦးစီးချုပ်(ရေ)(ငြိမ်း)
ရေ-၁၀၈၇၊ စစ်တက္ကသိုလ် အပါတ်စဉ်(၃)
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ သဃ်ာန်းကျွန်းမြို့နယ်၊ စိန်ပန်းမြိုင်လမ်း၊ ပုလဲလမ်းသွယ်၊အကွက်အမှတ်(၅၄)၊အမှတ်(၇၃)နေ(ဦးမောင်ဦး-ဒေါ်ခင်ရီ)တို့၏သားကြီး၊ (ဦးဘစို-ဒေါ်သန်းစိန်)တို့၏သားသမက်၊ ဒေါ်တင်တင်ထွေး၏ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးသန့်-ဒေါ်ဝေဝေကြည်၊(ဦးခင်မောင်ထွန်း)-ဒေါ်မြင့်မြင့်ရီ၊ ဦးတင့်ဆွေ-ဒေါ်ကြူကြူ၊ (ဦးလွှမ်းကြည်)-ဒေါ်မြင့်မြင့်ဦး၊ ဦးအောင်ထွန်း-ဒေါ်မာမာချို၊ (ဦးထွေးအောင်)-ဒေါ်သက်မာဝင်း၊ ဦးအောင်သင်း-(ဒေါ်သွယ်သွယ်ခိုင်) တို့၏ ချစ်လှစွာသောအစ်ကိုကြီးသည်၂၆-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁း၂၀နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၈ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ငြိမ်းအေးဇရပ်၌ တရားတော်နာရေစက်ချပြီး မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၉-၂၀၁၈ရက်(စနေနေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူ ညီအစ်ကိုမောင်နှမများ



## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်ချုပ်ကြီး သရေစည်သူ ညွန့်သိန်း(ငြိမ်း)
ကာကွယ်ရေးဦးစီးချုပ်(ရေ)(ငြိမ်း)
ရေ-၁၀၈၇၊ စစ်တက္ကသိုလ် အပါတ်စဉ်(၃)
အသက်(၇၉)နှစ်

သူငယ်ချင်း ဗိုလ်မှူးဝင်းဇော်သိန်း(ငြိမ်း)၊ ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ (လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)၊ (MD,Toe Tet Tharaphu Int: Co:Ltd)-ဒေါ်နုရွှေရည် (Director,Toe Tet Tharaphu Int: Co., Ltd.)တို့၏ချစ်လှစွာသောဖခင် ဒုတိယဗိုလ်ချုပ်ကြီး သရေစည်သူ ညွန့်သိန်း(ငြိမ်း) ကာကွယ်ရေးဦးစီးချုပ်(ရေ)(ငြိမ်း)သည် ၂၆-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁း၂၀နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

စစ်တက္ကသိုလ် အပါတ်စဉ်(၃၂)မှ သူငယ်ချင်း မိသားစုများ



မအူပင်မြို့နယ်အသင်း(ရန်ကုန်)
## ဦးချစ်လှိုင်
နာယကအဖွဲ့ဝင်
သက်ကြီးကန်တော့ခံပုဂ္ဂိုလ်
အသက်(၈၃)နှစ်

မအူပင်မြို့နယ်အသင်း(ရန်ကုန်)၏ နာယကအဖွဲ့ဝင် ကန်တော့ခံပုဂ္ဂိုလ်ကြီး ဦးချစ်လှိုင်သည် ၂၅-၈-၂၀၁၈ရက် (စနေနေ့) ည ၉နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌သဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့



ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကြည်မောင် (ဝင်းဝင်းနို့ဆီ)
အသက်(၇၇)နှစ်

ကျောက်ဆည်မြို့၊ မြောင်းဦးရွာနေ(ဦးစောင်-ဒေါ်အုံး)တို့၏သား၊ ဦးကျော်ကျော်-ဒေါ်ချိုချိုခိုင်၊ ဦးသက်နိုင်အုန်း-ဒေါ်လင်းလင်းအေး၊ မဂျမ်းမေ၊ ဦးသက်လူဝင်း-ဒေါ်မြမြင့်ကြည်တို့၏ဖခင်၊ မောင်ရဲနိုင်ကျော်၊ မလှိုင်းတက်ကျော်၊ မောင်အောင်ကောင်းမြတ်တို့၏အဘိုး၊ ရန်ကုန်မြို့၊ အမှတ် ၅(အေ)၊ ဉယျာဉ်လမ်း၊ ကမာရွတ်မြို့နယ်နှင့် မိတ္ထီလာမြို့၊ ကျောက်ဖူးရပ်နေ ဒေါ်ဝင်းဝင်း၏ ချစ်လှစွာသောခင်ပွန်းသည် ၂၅-၈-၂၀၁၈ရက် (စနေနေ့) ည ၇း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၈-၂၀၁၈ရက်(တနင်္လာနေ့)ညနေ ၃နာရီတွင် မြင်တော်ကန်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၁-၈- ၂၀၁၈ရက်(သောကြာနေ့)တွင် မိတ္ထီလာမြို့ ကျောက်ဖူးရပ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



## ဦးတင်အောင်(ခ)တန်ထရန်ရှာ (ပုသိမ်)
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ အောင်ဓမ္မရိပ်သာလမ်းနေ (ဦးရင်းစွမ်-ဒေါ်လွမ်)တို့၏သား၊[ဒေါ်ဝင်းဝင်းလှိုင်(ခ)ဒေါ်ကျင်းလန်]၏ခင်ပွန်း၊ ကိုကျော်စိုးအောင်-မစန္ဒာမင်း၊ ကိုဟန်မိုးအောင်၊ မတင်မိုးလှိုင်တို့၏ဖခင်၊ မသဉ္ဇာစိုး၏အဘိုးသည် ၂၆-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၆း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၈ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁-၉-၂၀၁၈ရက် (စနေနေ့) နံနက် ၈နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



မြေပုံမြို့နယ်အသင်း(ရန်ကုန်)
## ဦးစံညွန့် (မြေပုံ၊ ရမ်းဗြဲ)
အသက်(၈၀)

ရခိုင်ပြည်နယ်၊ရမ်းဗြဲမြို့နယ်၊ကံ့ကော်ကျေးရွာနေ (ဦးအောင်ချမ်းဦး-ဒေါ်ညိုမဦး)တို့၏သား၊ ဒေါ်လုံးညို(ခ)မညို၏အစ်ကို၊ (ဒေါ်ဖြူဖြူ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးထွန်းထွန်း-ဒေါ်မိုးညွန့်ဖြူ၊ ဦးကျော်ဇော်ဝေ-ဒေါ်စိုးညွန့်သူ၊ဦးမောင်စံရွှေ-ဒေါ်ချိုချိုစံ၊ ဦးဌေးဝင်း-ဒေါ်ဝင်းဝင်းစံ(ခ)ဒေါ်မိစံ (မြေပုံအသင်းဝင်)၊ ဦးစောဝင်းအောင် - ဒေါ်မော်မော်စံ၊ ဦးသော်တာထွန်း-ဒေါ်စောစောနိုင်၊ ဦးလှဝင်း-ဒေါ်ပုံ့ပုံ့စံ၊ ဦးသန့်ဇင်အောင်တို့၏ဖခင်၊ မြေး ၁၆ယောက်၊ မြစ်သုံးယောက်တို့၏အဘိုး၊ တာမွေမြို့နယ်၊ ၁၆၆လမ်း (လမ်းတို) အမှတ် ၆၈(မြေညီထပ်-B) နေ ဦးစံညွန့်သည် ၂၅-၈-၂၀၁၈ရက် (စနေနေ့)ည ၁၀း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၈-၂၀၁၈ရက် (တနင်္လာနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ ညနေ ၃း၁၅နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့



ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးမတ်(ခ်)ခင်ဇာနန်း
အသက်(၆၉)နှစ်

(ဦးအွန်ဇဒါးလ်-ဒေါ်ငိုက်ခိုနီမ်)တို့၏သား၊ (ပီတာဦးကြက်-ဇီတားဒေါ်ပွား)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ တိုက် ၃၈၊ အခန်း ၄၀၄နေ ဒေါ်ထရေဇာပီတာ (အလယ်တန်းပြ၊ ငြိမ်း၊ အထက-၂၊ အင်းစိန်)၏ချစ်လှစွာသောခင်ပွန်း၊စောအင်ဗရိုစ်ဒါးလ်ဇခိုင်-အက်ဂနက်(စ်)မူယာခင်၊ပီတာပေါင်ဇဒါးလ်၏ဖခင်၊ အလက်ဇန်းဒါးလင်းခန့်ရှင်းတို့၏ အဘိုးသည် ၂၅-၈-၂၀၁၈ရက်(စနေနေ့)နံနက် ၁၁း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၇-၈-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ရက်လည်မစ္ဆားတရားတော်မြတ်အား ၃၁-၈-၂၀၁၈ရက်(သောကြာနေ့) နံနက် ၈နာရီတွင် ပြုလုပ်မည်ဖြစ်ပါ၍ အထက်ပါ ဒေါ်ထရေဇာပီတာ၏ နေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



## ဦးဉာဏ်လင်း (Cedric)
B.Sc. (Chemistry)
Ex:R/O CDC 12210
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် B(၁၈)၊အဏ္ဏဝါလမ်းသွယ်(၁)၊ ညောင်တန်းအိမ်ရာနေ (ဦးခင်-ဒေါ်လှကျင်)တို့၏သား၊ ဦးမောင်မောင်မြင့်၊ ဒေါ်မြတ်မြတ်လင်း၊ ဦးထွန်းထွန်း-ဒေါ်နွယ်နွယ်လင်း၊ ဦးသန်းဦး-ဒေါ်ခင်ခင်လင်း၊ဦးဇော်ဦး-ဒေါ်သီတာလင်း(ပုသိမ်)၊ ဦးအောင်မျိုးဦး - ဒေါက်တာမြစပါယ်၊ ဒေါ်သန်းသန်းဌေး၊ ဦးဝင်းအောင်-ဒေါ်ဝင်းသီတာ၊ဒေါ်စန္ဒာနွယ်ဝင်း(ဆန်းသိမ်ပုံနှိပ်တိုက်)၊ ဦးစိုင်းမျိုးအောင်-ဒေါ်နီလာနွယ်ဝင်း၊ မနှင်းယုလင်း၊ မတင်ထားဝေ၊ ဒေါက်တာအောင်ကိုကိုတို့၏ ဦးလေး၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၂၅-၈-၂၀၁၈ရက် (စနေနေ့) ည ၈း၁၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီ တွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု



ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး
## ဒေါ်အမာ (ဟင်္သာတ)
အသက်(၉၅)နှစ်

ဟင်္သာတမြို့နေ (ဦးမောင်စန်-ဒေါ်သိန်းရင်)တို့၏သမီး၊ ပခုက္ကူမြို့နေ (ဦးဘိုးခင်-ဒေါ်လေးခင်)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ အမှတ် ၄၂နေ [ဦးမြမောင်(ကုန်သည်ကြီး)]၏ဇနီး၊ ဦးလှိုင်ထွန်း-ဒေါ်သန်းသန်းဝင်း၊ ဒေါ်နုနုရီ-ဗိုလ်မှူးကြီးညွန့်ဝေ(ငြိမ်း)၊ ဦးထွန်းမြင့်-ဒေါ်တင်မိုးခိုင်(စီ-စစ်-တိုး)တို့၏ ချစ်လှစွာသောမိခင်၊ မအိန္ဒြာလှိုင်-ကိုမင်းသူ၊ ကိုဝဏ္ဏမင်းထွန်း၊ မစန္ဒာခိုင်ဝေ-ဗိုလ်ကြီးထက်ဝန်းသန်းစိန်(တပ်မတော်-လေ)၊ဗိုလ်ကြီးဝေဖြိုးအောင်(တပ်မတော်-ရေ)၊ မသန္တာညွန့်ဝေ၊ ကိုရဲမြင့်အောင်၊ မခင်စောမွန်တို့၏အဘွားသည် ၂၄-၈-၂၀၁၈ရက်(သောကြာနေ့) ည ၈း၅၀နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၈ရက်(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၈-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



## ဦးလှအောင် (ကော့မှူး)
(မြို့နယ်ကုန်သွယ်ရေး၊ ငြိမ်း)
အသက်(၈၀)

ရန်ကုန်မြို့၊ ကော့မှူးမြို့နယ်နေ ဦးဘရှင်-ဒေါ်ကျင်ယုံတို့၏သား၊ ဦးသာဒွေး-ဒေါ်ကျင်တင်တို့၏သားသမက်၊ ကော့မှူးမြို့၊ မြို့မရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဒေါ်လှညွန့်(သ/မဦးစီး၊ ငြိမ်း)၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးခင်မောင်သန့်-ဒေါ်မြင့်မြင့်မာ၊ ဗိုလ်မှူးခင်မောင်လတ်-ဒေါ်ကြည်ကြည်ထွန်း၊ ဒေါ်ခင်အေးသန့်၊ ဦးခင်မောင်ဇော်-ဒေါ်အေးမြတ်မြတ်ဆွေ၊ ဒုတပ်ကြပ်ခင်မောင်နိုင်-ဒေါ်နီနီစန်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၅-၈-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါ၍ ၂၇-၈-၂၀၁၈ရက် မွန်းတည့် ၁၂နာရီတွင် ကော့မှူးမြို့ သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု



## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးလှအောင်
အသက်(၈၀)

ကိုခင်မောင်သန့်၏ဖခင်ကြီး ဦးလှအောင် အသက်(၈၀)သည် ၂၅-၈-၂၀၁၈ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

စစ်တက္ကသိုလ် အမှတ်စဉ်(၂၉)မှ
သူငယ်ချင်းများနှင့် ညီငယ်များ၏မိသားစုဝင်များ



## လင်ဝမ်းပိန်(ခ)ဦးကျော်မြင့်
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇာဓိရာဇ် ၂၂လမ်း၊ အမှတ် ၄၄၀နေ (လင်မွှန်ကီး-လော်ပတ်အင်)တို့၏သား၊ (ဦးရှာပွန်းနိုင်-ဒေါ်အင်သင်းနာ)တို့၏သားသမက်၊ ဒေါ်စောကြူ၏ခင်ပွန်း၊ (ဦးဟန်စိန်)-ဒေါ်ကျင်စန်း၊ ဦးလှတင်-ဒေါ်တင်တင်၊ ဒေါ်တင်လှတို့၏အစ်ကို၊ ကိုစိုးမြင့်-မလှလှဝင်း၊ မအေးအေးမြင့်၊ ကိုဇော်လွင်အောင်-မဝင်းဝင်းမြင့်၊ ကိုသိန်းမြင့်-မသွယ်သွယ်အောင်၊ ကိုသန်းမြင့်-မသီတာစိုးတို့၏ဖခင်၊မောင်ပြည့်ဖြိုးပိုင်၊ မစုစုဝေ၊ မကျော့ကေဇင်၊ မောင်ကောင်းခန့်၊ မောင်ရဲလင်းမောင်၊ မဖူးပွင့်သော်၊ မဆုစံအိမ်တို့၏အဘိုးသည် ၂၆-၈-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၉-၂၀၁၈ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးငွေဇင် အသက်(၆၈)နှစ်
တပ်မတော်-ရေ(ငြိမ်း)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ အရှေ့ရန်ကင်း၊ အမှတ် ၁၀၆၊ အခန်း ၈နေ (ဦးသန်း-ဒေါ်မြခင်)တို့၏သား၊ ဦးညွန့်မောင်-(ဒေါ်ကြည်)တို့၏သားသမက်၊ဒေါ်ညိုညိုစန်း(ရန်ကင်းအန်တီညို-ရခိုင်မုန့်တီ)၏ခင်ပွန်း၊ ဗိုလ်ကြီးအောင်ဖြိုးဇော်၊ မောင်နိုင်ဖြိုးဇော်(Gewin)-မမို့မို့သိမ်း၊မမေဖြိုးဇော်တို့၏ဖခင်၊ ဦးမြင့်ဦး-ဒေါ်တင်တင်သိန်း၊ ဦးအုန်းသွင်-(ဒေါ်ခင်ဝင်း)၊ ဦးမောင်အေး-ဒေါ်မကြီး၊ Capt. ဝင်းမော်(Gewin)-ဒေါ်ကြည်ကြည်သန်းတို့၏ညီ/အစ်ကိုသည် ၂၆-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၉း၂၀နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၉-၂၀၁၈ရက် (စနေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



ခရစ်တော်၌အိပ်ပျော်ခြင်း
## Sister နော်အယ်ဖော(ခ) ဖြူဖြူ အသက်(၅၅)နှစ်
သူနာပြုဆရာမကြီး
ခွဲစိတ်ကုသဆောင်(၃)
ရန်ကုန်ဆေးရုံကြီး

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ (ဘိုကုန်း)၊ ဝါခင်းတောင်ကျောင်းလမ်း၊ မ/၁၂၂၉(က)နေ (ဦးစောပန်းတင် - ဒေါ်နော်သိန်း)တို့၏သမီး၊ဦးဟယ်ရီ-(ဒေါ်သန်း)တို့၏သမီးချွေးမ၊ နော်ထူးဖော၊ ဦးဂျိုးဇက်၊ဦးအားသယ်၊ နော်ထူးအယ်တို့၏ညီမ၊ (စောဂျိမ်းတင်)၏အစ်မ၊ ဦးဂျီကေရောင်း(ခ) ဦးG-K(ဂရုဏာမိုဃ်းတိမ်)၏ချစ်လှစွာသောဇနီးသည် ၂၆-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၂း၁၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၈-၈-၂၀၁၈(အင်္ဂါနေ့) နံနက် ၉နာရီတွင် အင်းစိန် ဂေသရေမြမန်နစ်ခြင်း ခရစ်ယာန်အသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု



## ဦးမောင်မောင်စိုး
ဦးစီးအရာရှိ(ငြိမ်း)
(အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန)
အသက်(၇၁)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ တမာရွာနေ(ဦးရေပေါ-ဒေါ်ငွေမြိုင်)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ရွှေဥဒေါင်းလမ်း၊အမှတ် ၉၇၅နေ ဒေါ်ခင်အေးမူ(ဦးစီးအရာရှိ၊ ငြိမ်း၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန)၏ခင်ပွန်း၊ မရွှေလမင်းအိမ်(ရန်ကုန်ဆေးဝါးတက္ကသိုလ်၊ နောက်ဆုံးနှစ်)၏ဖခင်သည်၂၅-၈-၂၀၁၈ရက် (စနေနေ့) ည ၁၀း၃၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃၁-၈- ၂၀၁၈ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တကေသရ (နတ်မြစ်ဆရာတော်)
သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၅၈)ဝါ

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ကျိုက္ကစံဘုရား အနောက်ရပ်ကွက်၊ ဇေယျာသာဘကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တကေသရ မထေရ်မြတ်သည် ၂၆-၈-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၃၀-၈-၂၀၁၈ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပနသာခုကီဠနသဘင် ဆင်ယင်ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

တပည့်ဒါယကာ၊ ဒါယိကာမများ



## ဦးထွန်းလွင်
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
သမဝါယမဦးစီးဌာန
အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဇေယျဝတီလမ်း၊ အမှတ် ၄၆/၄၈၊ သုံးလွှာ(A)နေ (ဒေါ်ခင်မကြီး)၏ခင်ပွန်း၊ ဦးသန်းလွင်-ဒေါ်ခင်ခင်စု၊ ဦးဌေးလွင်-(ဒေါ်ချိုချိုသန်း)၊ (ဒေါ်ရီရီလွင်)၊ ဒေါ်စိန်စိန်လွင်(ကထိက၊ စာကြည့်တိုက်နှင့်သုတပညာဌာန၊ရန်ကုန်တက္ကသိုလ်)-ဦးအေးသိန်း(လက်ထောက်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ သမဝါယမဦးစီးဌာန)တို့၏ချစ်လှစွာသောဖခင်၊ မောင်ကောင်းထက်-မနှင်းအေးကြည်၊ မောင်မင်းခန့်-မနီလာဝင်း၊ မမေသူလွင်တို့၏အဘိုး၊ မဆောင်းနှင်းထက်၊ မနှင်းထက်အေးတို့၏ဘိုးဘိုးကြီးသည် ၂၅-၈-၂၀၁၈ရက် (စနေနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁၂း၃၀နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၁-၈-၂၀၁၈ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကိုကြီး (မာန်အောင်)
အသက်(၈၅)နှစ်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နေ (ဦးမောင်ပြည့်-ဒေါ်ဆိပ်နွဲ့)တို့၏သား၊ (ဒေါ်အုံးမြိုင်)၏ခင်ပွန်း၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဦးဖိုးထွန်းလမ်း၊ အမှတ် ၁၂၄၂နေ (ဦးလှရွှေ)၊ (ဦးထန်ကျင်း)-ဒေါ်နုနုရွှေ (ကျောင်းအုပ်ဆရာမကြီး၊ အလက-၁၀၊မင်္ဂလာဒုံ)၊(ဦးအောင်စိုးတင်)-ဒေါ်ဝါဝါရွှေ(အထက-၂၊ အင်းစိန်)၊ ဦးဝင်းရွှေ - ဒေါ်စန်းစန်းခိုင်(ရွှေဝင်းသံပန်း)တို့၏ဖခင်၊ မအေးမြပိုင်(BE)၊ မထက်မြတ်နိုးဦး(ဆေးတက္ကသိုလ်-၂)တို့၏အဘိုးသည် ၂၅-၈-၂၀၁၈ရက်ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃၁-၈-၂၀၁၈ရက် (သောကြာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးချစ်လှိုင် အသက်(၈၃)နှစ်
B.A, R.A, R.L, D.M.A
ငွေစာရင်းကိုင်ချုပ်(ငြိမ်း)၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ဥက္ကဋ္ဌ၊ မင်းကွန်းတောရကျောင်းတိုက်၊ ဗဟန်းမြို့နယ်
နာယက၊ မအူပင်အသင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၈လမ်း၊ အထက်ဘလောက်၊ အမှတ် ၁၆၀၊ ပထမထပ်နေ (ဦးကြင်-ဒေါ်သိန်းတင်)တို့၏သား၊ (ဒေါ်မြင့်မြင့်ချစ်)၏ခင်ပွန်း၊ ဒေါ်မြညွန့်(စာရင်းစစ်မှူး၊ ငြိမ်း၊ သာကေတမြို့နယ်)၏အစ်ကို၊ ဦးဝင်းလှိုင်(S.A.E) - ဒေါ်တင်တင်သူ၊ (ဦးခင်ညွန့်)-ဒေါ်သင်းသင်းလှိုင်(J.A.T ကောင်းဇော် ကိုယ်ပိုင်အထက်တန်းကျောင်း)၊ ဦးစိန်ဦး (Flying Swallow Transport)-ဒေါ်ဥမ္မာလှိုင်၊ ဦးရဲမြင့်လှိုင်-ဒေါ်မြင့်မြင့်စိုး(ခေတ္တ-မလေးရှား)၊ ဦးနိုင်ဝင်းအောင်-ဒေါ်မိုးသူဇာလှိုင်(ခေတ္တ-စင်ကာပူ)၊ ဦးသန့်ဇော်လှိုင်(Shwe Mi Co.,Ltd)-ဒေါ်သန်းဝင်းကြည်(Super Great Win Food Industry)တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၂၅-၈-၂၀၁၈ရက် ည ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၈-၂၀၁၈ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



## ဒုတိယဗိုလ်မှူးကြီးကျော်သန်း(ငြိမ်း)
ကြည်း-၁၆၆၅၇
တော(၈)
အသက်(၆၀)

ရန်ကုန်မြို့၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ ရေနံ့သာလမ်း၊ သန္တာလမ်းသွယ်၊ တိုက် ၁၅၂/၃နေ (ဦးချယ်-ဒေါ်လှမယ်)တို့၏သား၊ (ဦးစိန်ဟန်-ဒေါ်ဖွားသိုက်) တို့၏သားသမက်၊ ဦးစိန်နိုင်(လ/ထ ညွှန်မှူး)-ဒေါ်တင်တင်အေး(ငြိမ်း၊ လ/ထ ညွှန်မှူး၊ပြည်ထောင်စုအစိုးရအဖွဲ့ရုံး)၏မောင်၊ ဗိုလ်မှူးမြင့်သန်း(ငြိမ်း) ညွှန်ကြားရေးမှူး(ငြိမ်း) ဆောက်လုပ်ရေးဝန်ကြီးဌာန-ဒေါ်ခင်ပြုံးကြည်(ငြိမ်း) အထက-သုဝဏ္ဏ၏ညီ၊ ဦးမောင်မောင်သန်း(ငြိမ်း)ဆသရ-(ဒေါ်ဝင်းဝင်းဌေး)တို့၏အစ်ကိုသည် ၂၅-၈-၂၀၁၈ရက်(စနေနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၈ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမောင်နှမတစ်စု



ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးစိန်ထွန်းအောင် (ပုလဲ/သန်လျင်)
အသက်(၆၈)နှစ်

ရန်ကုန်တောင်ပိုင်းခရိုင်၊ သုံးခွမြို့နယ်၊ ပုလဲစံပြကျေးရွာနေ (ဦးထွန်းရ)-ဒေါ်လှတို့၏သား၊ ဦးခင်မောင်-(ဒေါ်ရင်မေ)-ဒေါ်စိန်ကြည်တို့၏သားသမက်၊ (ဦးစိုး၊ငြိမ်း-ဒေါ်မြရင်)၊ ဒေါ်မြတင်၊ (ဒေါ်မြရွှေ)၊ (ဦးကျော်ရှိန်)-ဒေါ်စိန်လှတို့၏မောင်၊ ဦးတင်ရှိန်-ဒေါ်စန်းစန်းတင်၊ ဦးစိုးသိန်း-ဒေါ်သန်းသန်းမော်၊ ဦးထွန်းထွန်း-ဒေါ်ဝင်းကြည်တို့၏အစ်ကို၊ သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ ဖွံ့ဖြိုးရေး(၁)လမ်း၊ အမှတ် ၆နေ ဒေါ်ကြင်လှ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုသီဟအောင်-မအေးမြတ်မြတ်ထွန်း၊ ကိုဖြိုးမင်းအောင်-မနှင်းအိဖြူတို့၏ဖခင်၊ တူ၊ တူမ ၁၇ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၅-၈-၂၀၁၈ရက် (စနေနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ရခိုင်ပြည်နယ်ရှိ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် UEHRD ပြည်ထောင်စုစီမံကိန်းသို့ ရွေ့လျားဆေးကုသခန်းလှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၆**

ရခိုင်ပြည်နယ်ရှိ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)သို့ International Language & Business Center (ILBC)Co. Ltdနှင့် Care Well Medical Co. Ltd တို့ပူးပေါင်းပြီး ရှုပါသိဒ္ဓိလျှပ်စစ်ကား ထုတ်လုပ်ရေးစက်ရုံတွင် ထုတ်လုပ်ထားသည့် ရွေ့လျားဆေးကုသခန်း (Mobile Medical Clinic) လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် စက်မှုဇုန်(၁)ရှုပါသိဒ္ဓိလျှပ်စစ်ကားထုတ်လုပ်ရေး စက်ရုံဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသောင်းထွန်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေး၊

*စာမျက်နှာ ၇ ကော်လံ ၁* ❖




ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက UEHRD Mobile Medical Clinic ရွေ့လျားဆေးကုသခန်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

## အာရှအားကစားပြိုင်ပွဲတွင် မြန်မာလှေလှော်အသင်း ဆုနှင့်လွဲချော်

**ပလန်ဘန်း ဩဂုတ် ၂၆**

အာရှအားကစားပြိုင်ပွဲ၏ ရိုးရာလှေပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက် ပိုင်းမှစ၍ ပလန်ဘန်းမြို့ရှိ ဂျကာဘာရင်း Sports Complex ၌ ကျင်းပရာ မြန်မာရိုးရာလှေအဖွဲ့သည် ဆုတံဆိပ်နှင့် ထပ်မံလွဲချော်ခဲ့သည်။

ရိုးရာလှေပြိုင်ပွဲ ဒုတိယပွဲစဉ်အဖြစ် မီတာ ၅၀၀ အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲတို့ ကျင်းပခဲ့ပြီး မြန်မာအသင်းသည် ပြိုင်ပွဲနှစ်ခုစလုံးတွင် အောင်မြင်မှုမရခဲ့ပေ။ မြန်မာလှေလှော်အသင်းသည် မီတာ ၅၀၀ ပြိုင်ပွဲတွင် ဆုတံဆိပ် မျှော်မှန်းထားသော်လည်း ဆုတံဆိပ်နှင့်လွဲချော်ခဲ့ပြီး အမျိုးသမီးအသင်းက အဆင့် ၅၊ အမျိုးသားအသင်းက အဆင့် ၆ သာ ရခဲ့သည်။ မီတာ ၅၀၀ အမျိုးသမီးပြိုင်ပွဲတွင် ကိုရီးယားအသင်းက ရွှေတံဆိပ်၊ တရုတ်အသင်းက ငွေတံဆိပ်၊ ထိုင်းအသင်းက ကြေးတံဆိပ်ရခဲ့သည်။ မြန်မာအသင်းသည် ၂ မိနစ် ၂၈ ဒသမ ၆၉၀ စက္ကန့်ဖြင့် အဆင့် ၅ နေရာသာ ရခဲ့သည်။

ကိုရီးယားအသင်းသည် တောင်နှင့်မြောက် ပေါင်းစပ်၍ ယှဉ်ပြိုင်ခြင်းဖြစ်သည်။




ရိုးရာလှေပြိုင်ပွဲ အမျိုးသားမီတာ ၅၀၀ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

*စာမျက်နှာ ၁၂ ကော်လံ ၃* ❍

## စစ်တောင်းနှင့် သံလွင်မြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၆**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့် တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခန့် တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့နှင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဩဂုတ် ၂၆**

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေမြောက်ပိုင်းနှင့် အနောက်ဘင်္ဂလားကမ်းခြေအနီးတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

မိုး/ဇလ

**ဘူးသီးတောင်မြို့၌ ငွေကျပ် ၄၃၅၈၂ ဒသမ ၅သိန်း တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ** ပြည်တွင်းသတင်း စာ » ၁၃

**အီရန်အင်အားပြင်းငလျင် သေဆုံးသူ နှစ်ဦးရှိပြီး ၂၀၀ ထက်မနည်း ဒဏ်ရာရရှိ** နိုင်ငံတကာသတင်း စာ » ၁၄

